# ဒက္ခိဏသာခါရုပ်ပွားတော်

(စာပေ၊ သမိုင်း နှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)



ဒေါက်တာနန်းလှိုင်
Ph.D.(History), Yangon.

ရွှေရုပ်စာပေ

# ဒက္ခိဏံသာခါ ရုပ်ပွားတော်

## (အာရှ သမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)

ဒေါက်တာနန်းလှိုင်
Ph.D.(History),YU

# ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

ညောင်လွန့်အရှင်သောဘိတာစာရ (ဓမ္မစာပေကျမ်းပြု)

နှင့်

ဦးတင်အောင် (ပညာရောင်ခြည်)

တို့အား ဤစာအုပ်ဖြင့် ပူဇော်ပါသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၆၀၀၃၂၄၀၄၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၆၀၀၃၀၉၀၄၁၂ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ကွန်ပျူတာစာစီ | – | စွယ်တော်ကွန်ပျူတာ<br>တိုက် ၂၉၇၊ အခန်း(၁)၊ ရန်အောင်လမ်းသွယ် (၁)၊ ရန်ကင်းမြို့နယ်။ |
| မျက်နှာဖုံးဖန်တီးမှု | – | ဒေါက်တာနန်းလှိုင် |
| ဖလင် | – | ကိုဦး |
| ထုတ်ဝေသူ | – | ဦးစိုးတင့်၊ ၆/၁၀၁ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ် |
| ပုံနှိပ်သူ | – | ဦးကျင်ရင်၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ် (၂၀၁)၊ လမ်း (၃၀)၊ ရန်ကုန်မြို့ |
| စောင်ရေ | – | |
| တန်ဖိုး | – | [illegible] |
| ထုတ်ဝေဖြန့်ချိရေးနှင့် ဆက်သွယ်ရန်လိပ်စာ | – | ဦးသန်းထိုက် (ရွှေရုပ်စာပေ)၊<br>၁/၃၅၊ ရန်နိုင်လမ်းသွယ် (၁၃)၊ ရန်ကင်းမြို့နယ်။<br>ရန်ကုန်– ၀၁ ၅၆၂၁၄၆။<br>ဒေါက်တာနန်းလှိုင်၊ ဘားအံတက္ကသိုလ်နယ်မြေ သစ် (ယခင် စိုက်ပျိုးရေးဝင်းဟောင်း)၊ ဥယျာဉ် လမ်း၊ ဘားအံမြို့။ ဖုန်း–၀၉ ၇၃၁၀၀၆၁၅ |
| မျက်နှာဖုံးအဖွင့် | – | သီရိဓမ္မာသောကမင်း၏သမီးတော် သံဃမိတ္တာထေရီက ဒက္ခိဏသာခါမဟာဗောဓိပင်တော်အားသီရိလင်္ကာသို့ ပင့်ဆောင်ပူဇော်ဟန်၊ နံရံဆေးရေးပန်းချီ၊ သကျမုနိဘုရား၊ ပုဂံ။ |



နန်းလှိုင်၊ ဒေါက်တာ ၂၉၄.၀၉

ဒက္ခိဏသာခါရုပ်ပွားတော် (စာပေ၊ သမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)/–ဒေါက်တာနန်းလှိုင်။

ရန်ကုန်၊ ရွှေရုပ်စာပေ၊ ၂၀၁၂။

၃၊ ၂၄၂ စာ ၊ ၁၇.၈ စင်တီ

ကျမ်းညွှန်း၊ ပုံနှင့်အညွှန်းများပါဝင်သည်။

(က) ဒက္ခိဏသာခါရုပ်ပွားတော်

# ဒက္ခိဏသာခါ ရုပ်ပွားတော်

## (စာပေ သမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)

ဒေါက်တာနန်းလှိုင်
Ph.D.(History),YU

ရန်ကုန်　　　　ရွှေ့ရပ်စာပေ　　　　၂၀၁၁ ခုနှစ်

# ပါမောက္ခဦးထွန်းအောင်ချိန်
# ၏
# အမှာစာ

ဗုဒ္ဓရုပ်ပွားတော်များသည် လူအများကြည်ညိုကိုးကွယ်ရာဖြစ်သည်။ သို့ဖြစ်လင့်ကစား ဗုဒ္ဓရုပ်ပွားတော်အကြောင်းအရာများနှင့်ပတ်သက်၍ အသိနည်းပြီး ပညာရှင်အချို့တို့သာ ရုပ်ပွားတော်ပုံသဏ္ဌာန်အမျိုးမျိုးခေတ်အဆက်ဆက် ယင်းတို့၏ပြောင်းလဲမှုစသည်များကို အနုပညာသမိုင်းကဏ္ဍတစ်ခုအဖြစ် လေ့လာလိုက်စား သုတေသနပြုကြသည်။ ယင်းတို့၏စူးစမ်းလေ့လာမှုရလဒ်များသည်လည်း သုတေသနစာတမ်းစာအုပ်များတွင်သာရှိ၍ အသိပညာရှင်အသိုင်းအဝိုင်းတွင်သာ တွင်ကျယ်ပြီး လူအများမသိသောအရာများဖြစ်ကြသည်။

အမှန်မှာ ဗုဒ္ဓရုပ်ပွားတော်များနှင့်ပတ်သက်သောအကြောင်းအရာများကို လူအများပိုမိုသိရှိနားလည်သင့်သည်။ ဤသို့သိရှိခြင်းသည် မိမိတို့၏ယုံကြည်ကိုးကွယ်မှုကို ပိုမိုလေးနက်နိုင်စေသည်။

ဤစာအုပ်တွင် ဒေါက်တာနန်းလှိုင်က ဗုဒ္ဓရုပ်ပွားတော်များအနက် အထူးထင်ရှားသော ရုပ်ပွားတော်များဖြစ်သည့် ဒက္ခိဏသာခါရုပ်ပွားတော်များအကြောင်းကို လေ့လာထားသည်။ ဤသို့လေ့လာရာတွင် ပဋိမာပညာရှုထောင့်တစ်ခုတည်းမှမဟုတ်ဘဲ စာပေရှုထောင့်၊ သမိုင်းရှုထောင့်မှလည်း လေ့လာထားသည်။ လေ့လာမှု၏အနက်အရှိုင်း၊ အကျယ်အပြောကို စာအုပ်ပါကျမ်းကိုးစာရင်းကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ ဒေါက်တာသန်းထွန်း၊ ဦးစံထွန်းမှတ်ဝင်း၊ ဦးကြီးခင် အစရှိသော မြန်မာပညာရှင်ကြီးများ၏လေ့လာချက်များကို ကိုးကားထားသကဲ့သို့ အနန္တကုမာရဆွာမိ၊ နိဟာရ်ရန်ဂျန်ရေး၊ ရယ်ဂျီနယ်လီမေး အစရှိသော ထင်ရှားသော နိုင်ငံတကာပညာရှင်ကြီးများ၏ ရေးသားချက်များကိုလည်း အသုံးပြုထားသည်။

ဒေါက်တာနန်းလှိုင် လေ့လာထားသော ဒက္ခိဏသာခါ ရုပ်ပွားတော်များအကြောင်းအရာသည် နက်နဲသောအကြောင်းအရာဖြစ်သည်။

သို့သော် လွယ်ကူစွာနားလည်နိုင်ရန် ရေးသားထားသည့်အပြင် နားလည်မှု အထောက်အကူးဖြစ်စေရန် ရုပ်ပုံများကိုလည်း အသုံးပြုထားသည်။

ဤ''ဒက္ခိဏာသာခါရုပ်ပွားတော်များ''စာအုပ်သည် ပြည်သူအများ စိတ်ဝင်စားသောအကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ အသိပညာ ဗဟုသုတပေးသည့်အပြင် ပြည်သူအများ၏ ကြည်ညိုသဒ္ဒါစိတ်ကိုလည်း ပိုမိုထက်သန်ပွားများစေနိုင်မည်ဟု ယုံကြည်ပါသည်။

ထွန်းအောင်ချိန်
ပါမောက္ခ (အငြိမ်းစား)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

## ပါမောက္ခဒေါက်တာကျော်ဝင်း၊
## ဌာနမှူး(ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် ၏
## အမှာစာ

ဗုဒ္ဓမြတ်စွာသည် တုနှိုင်းမရသောပုဂ္ဂိုလ်ဖြစ်သဖြင့် ဗုဒ္ဓနှင့် တူအောင်ပြုလုပ်ခြင်းကို ခွင့်မပြုခဲ့ပေ။ ဤတားမြစ်ချက်သည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ် ၅၀၀ကြာသည့်အထိ မပြောင်းလဲခဲ့ပေ။ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင်ကလည်း လူအများက မိမိအား ကိုးကွယ်မှုပြုလုပ်ခြင်းကို အားမပေးခဲ့ပါ။ ဗုဒ္ဓမြတ်စွာအလိုရှိသည်မှာ သံသရာမှ လွတ်မြောက်စေရန် ဗုဒ္ဓ၏သွန်သင်ညွှန်ပြမှုများနှင့်အညီ ကျင့်ကြံအားထုတ်ကြရန်သာဖြစ်သည်။ သို့ရာတွင် လူတို့အနေနှင့်အလေ့အကျင့်ဖြစ်နေသည့် ကိုးကွယ်မှုပြုလုပ်ခြင်းကို အလိုရှိကြသည်။ သို့ဖြစ်၍ ကိုးကွယ်ရန် အထိမ်းအမှတ်များပြုလုပ်၍ ပူဇော်ခဲ့ကြသည်။ ဥပမာ ဆင်ရုပ်သည် မြတ်စွာဘုရား ပဋိသန္ဓေယူခန်းကို ရည်ညွှန်းသည်။ မြင်းရုပ်သည် ဖွားဖက်တော် ကဏ္ဍကမြင်းကို စီးတော်မူ၍ တောထွက်ခန်းကို သရုပ်ဖော်ပါသည်။ ခြသေ့ရုပ်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးသည့်နောက် ပရိသတ်လေးပါးအလယ်တွင် ဝံ့ထည်ခံ့ညားစွာရဲရင့်တည်ကြည်သော ဣန္ဒြေတော်ဖြင့် ဝင်ရောက်နိုင်သည့် ဘုရားရှင်ဂုဏ်တော်ကို ရည်ညွှန်းပါသည်။ စကြာရုပ်(လှည်းဘီး)သည် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်တော်မူပြီးသည့်နောက် တရားဦးဓမ္မစကြာဟောခြင်းကို ဖော်ညွှန်းပါသည်။ နွားရုပ်သည် မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံသည်ကို ရည်ညွှန်းပါသည်။

ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော စေတီလေးမျိုးတို့တွင် ရုပ်ပွားဆင်းတုတော်သည် ဥဒ္ဒိသစေတီဖြစ်ပါသည်။ ဥဒ္ဒိသစေတီဆိုသည်မှာ မြတ်စွာဘုရား၏ဂုဏ်တော်များကို ရည်မှန်းပူဇော်နိုင်ရန် သက်တော်ထင်ရှားမြတ်စွာဘုရားကိုယ်စားတော်ထုလုပ်ထားသည့် ရုပ်ပွားဆင်းတုများကိုဆိုကြောင်း မှတ်သားရပါသည်။

သံမိုင်းမှတ်တမ်းများအရ ဗုဒ္ဓရုပ်ပွားတော်များသည် အေဒီ ၇၅မှ စတင်၍ပေါ်ပေါက်လာသည်ဟု သိရှိရသည်။ မက်ဒီဆိုနီးယားပြည့်ရှင် မဟာအလက်ဇန္ဒာသည် ၃၂၆-၃၂၅ ဘီစီတွင် အိန္ဒိယကိုဝင်ရောက်တိုက် ခိုက်ခဲ့သည်။ အလက်ဇန္ဒာနတ်ရွာစံပြီးနောက် အိန္ဒိယအနောက်မြောက် ပိုင်းအထိ ကျယ်ပြန့်ခဲ့သော လက်နက်နိုင်ငံကြီးသည် အလက်ဇန္ဒာ၏ ဗိုလ်ချုပ်ကြီးများအုပ်ချုပ်သော ပြည်ထောင်အများအပြားကွဲပြားသွားခဲ့ သည်။ အချို့သော ဗိုလ်ချုပ်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်လာကြပြီး ယင်းတို့က ဗုဒ္ဓနှင့် ဗောဓိသတ္တဘုရားလောင်းရုပ်တုများကို ထုလုပ်ရန် လိုလားခဲ့ကြသည်။ သူတို့သည် ဂရိဘုရားနှင့် ဘုရားမများပုံစံကိုယူ၍ ထုလုပ်ကြသည်ဟု သိရှိရသည်။ ဗုဒ္ဓမြတ်စွာကို လူသားပုံသဏ္ဌာန် ထုလုပ်ကိုးကွယ်ခြင်းကို တားမြစ်ထားခြင်းကို ပယ်ဖျက်ရန် အချိန်ယူခဲ့ရ ဟန်တူသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာအိမ်တိုင်း၌ ဗုဒ္ဓ၏ရုပ်ပွားဆင်းတု တော်များကို ကိုးကွယ်ပူဇော်ကြပါသည်။ မြတ်ဗုဒ္ဓ၏ ရုပ်တု၊ ရုပ်ပွားတော် ဆင်းတုတော်များတွင် ထူးခြားသည့် ဝိသေသလက္ခဏာမျှရှိသည်။ ထူးခြား ချက်မှာ မြတ်စွာဘုရားပုံတော်၏ ငြိမ်းချမ်းမှုပင်ဖြစ်သည်။ မြတ်စွာဘုရား သည် ကိလေသာဆယ်ပါးလုံးဝကင်းပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကိုအာရုံပြုနေသူဖြစ်သဖြင့် အတွင်းငြိမ်းအေးခြင်းဖြစ်သည်။

ကျောင်းကန်ဘုရားများနှင့် အိမ်အတော်များများတွင် ဒက္ခိဏ သာခါပုံတော်များကို အကိုးအကွယ်ပြုကြသည်။ ထိုသို့ကိုးကွယ်ခြင်းမှာ လည်း မီးကွင်းသည်ဟူသော ယုံကြည်ချက်ကြောင့်ပင်ဖြစ်သည်။

ဒက္ခိဏသာခါ၏ မူလဇစ်မြစ်မှာ မြန်မာနိုင်ငံမှမဟုတ်ကြောင်း သိရှိရသည်။ မုံရွေးဆရာတော်ဘုရားကြီး၏ ''သမန္တစက္ခုဒီပနီ''ကျမ်း တွင် သက္ကရာဇ် ၇၈၈-ခုနှစ်မိုးညှင်းမင်းတရားကြီးလက်ထက်တွင်မှ သီဟိုဠ် (သီရိလင်္ကာ)မှ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိကြောင်း ဖော်ပြထားပါသည်။

- ဒက္ခိဏာသာခါဟူသော ဝေါဟာရမှာ ပါဠိဘာသာအားဖြင့် ဒက္ခိဏာ=တောင်၊ သာခါ=အကိုင်းအခက်ဟုဆိုလိုသဖြင့် "ဒက္ခိဏာသာခါ" တောင်ကိုင်းဟု အဓိပ္ပာယ်ရပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်နှစ် ၂၃၆–ခုနှစ်တွင် သမီးတော်သင်္ဃမိတ္တာအား အိန္ဒိယမှ သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ရာတွင် ဒက္ခိဏာသာခါခေါ် ဗောဓိပင်၏ တောင်ကိုင်းကိုပင့်ဆောင်သွားစေသည်။ ထိုဗောဓိပင်၏တောင်ကိုင်းမှ ကျိုးပဲ့သည်ဟု ယူဆရသော အချို့အသားများကို ဆင်းတုထုလုပ်ရာတွင် ယနေ့ဖူးမြော်ရသော ဒက္ခိဏာသာခါပုံများဖြစ်ပေါ်လာသည်ဟု သိရှိရသည်။

အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားမေးလျှောက်၍ ပထမမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးဖြေဆိုတော်မူသော အမေးတော်ဖြေစာအုပ်တွင်လည်း ဒက္ခိဏာသာခါ၏မူလဇစ်မြစ်မှာ သီဟိုဠ်ကျွန်းမှဖြစ်ကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ဒက္ခိဏာသာခါပုံတော်၏ ထူးခြားချက်မှာ မျက်နှာတော်နှင့် ကိုယ်တော်အလျားအတူတူမျှရှိနေပြီး ပုအိုင့်အိုင့် လည်ကုပ်တိုတိုတိုနှင့် ကိုယ်ခန္ဓာအချိုးအစားမပြေမပြစ်ခြင်းပင်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ မူလထုလုပ်သူ သီဟိုဠ် (သီရိလင်္ကာ)သားတို့၏ လက်ရာမကောင်းမှုကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

ဒက္ခိဏာသာခါရုပ်ပွားတော်ကြောင့် ထုတ်ဝေခဲ့ဖူးသော်လည်း ဒေါက်တာနန်းလှိုင်ရေးသားသည့် ဒက္ခိဏာသာခါရုပ်ပွားတော် (စာပေ၊ သမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာသုတေသန)စာအုပ်သည် တစ်မူထူးခြားသော စာအုပ်ဖြစ်သည်။ ဒက္ခိဏာသာခါရုပ်ပွားတော်အကြောင်းကို အသေအချာသုတေသနပြုပြီးရေးသားထားကြောင်း တွေ့ရှိရသည်။ စာအုပ်ကို အခန်း (၄)ခန်းခွဲ၍ တင်ပြထားသည့်အပြင် ပြန်လည်သုံးသပ်ချက်ကိုလည်း ဖော်ပြထားသည်။ ဆက်လက်လေ့လာသူတို့အတွက် နောက်ဆက်တွဲမှတ်စုများ

လည်း ပါရှိသည်။ မြန်မာနိုင်ငံတွင် ဒက္ခိဏာသာခါရုပ်တုကို ကိုးကွယ်ကြသော်လည်း ရုပ်ပွားတော်သမိုင်းနှင့်စပ်လျဉ်း၍ တိတိကျကျသိရှိသူနည်းပါးသေးသဖြင့် ဒေါက်တာနန်းလှိုင်၏ ဒက္ခိဏာသာခါရုပ်ပွားတော်စာအုပ် ထုတ်ဝေခြင်းကို ကြိုဆိုလိုက်ရပါသည်။

**ဒေါက်တာကျော်ဝင်း**
ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ သမိုင်းဌာန၊
ရန်ကုန်တက္ကသိုလ်၊
ဧည့်ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

## ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ
## ဒေါက်တာတိုးလှ
## ၏
# အမှာစာ

ဗုဒ္ဓသာသနာတော်နှင့် ရုပ်ပွားဆင်းတုကိုးကွယ်မှုစတင်ခဲ့သည်မှာ အနည်းဆုံး အနှစ် ၂၂၀၀ကျော်ခဲ့ပြီဖြစ်သည်။ ပညာရှင်တို့က သီရိဓမ္မာသောကမင်းကြီး (ဘီစီ ၂၇၃-၂၃၂) လက်ထက်တော်အထိ ရုပ်ပွားဆင်းတုတော် ကိုးကွယ်မှုမရှိသေးကြောင်း မိန့်ဆိုခဲ့ကြသည်။ အချို့ကလည်း အလက်ဇန္ဒားဘုရင် အိန္ဒိယကို ၁ ရာစုဘီစီထဲတွင် ဝင်ရောက်တိုက်ခိုက်ပြီးမှ ရုပ်တုစနစ်ပေါ်လာကြောင်းဆိုကြသဖြင့် ထိုအဆိုနှစ်ရပ်သည် သမိုင်းစဉ်ကွင်းဆက်မိကာ လျော်ကန်လှပေသည်။ ဆိုချင်သည်က လက်ခံနိုင်သောအဆိုအမိန့်များဖြစ်ပါသည်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ကိုးကွယ်ယုံကြည်သူတို့သည် ဘုရားရှင်ထံမှောက်သို့ အမှန်ပင်ရောက်ရှိပူဇော်နေရသကဲ့သို့ ကြည်နူးနေမိကြမည်ဖြစ်သည်။ ထိုရည်မှန်းချက်ဖြင့် ကိုးကွယ်ကြည်ညိုနေကြခြင်းလည်း ဖြစ်သည်။ ပူဇော်သူတို့သည် ရုပ်တုရုပ်ပွားတော်ကို အသက်ရှိလာစေရန် ရှေးဦးစွာ ဗုဒ္ဓတပည့်သား ရဟန်းတော်များကို ပင့်ဖိတ်လျက် အနေကဇာတင်ကြသည်။ စင်စစ် သိဒ္ဓတ္ထမင်းသား ဒုက္ကရစရိယ ခြောက်နှစ်ကျင့်ကြံပြီးနောက် ဗုဒ္ဓအဖြစ်သို့ရောက်ရှိသောအခါ ပီတိအဟုန်ဖြင့် စိတ်တွင်းမှ ဥဒါန်းကျူးရင့်ခဲ့ပါသည်။ ထိုဥဒါန်းမှာ ''အနေကဇာတိသံသာရံ''ဟု အစချီသဖြင့် ရဟန်းရှင်တော်မြတ်တို့က ထိုဂါထာဖြင့် ရုပ်ပွားတော်ရှေ့တွင် ပူဇော်ပေးကြသည်ကို အနေကဇာတင်သည်ဟု ဆိုခြင်းဖြစ်သည်။ သာမန်လူတို့က ရုပ်ပွားတော်ကို အသက်သွင်းသည်ဟု ယုံကြည်နေကြသည်။ ထို့နောက်မှ ရုပ်ပွားတော်ကို ဗုဒ္ဓရှင်တော်မြတ်ဟု လက်ခံယုံကြည်ကြကာ

နေ့စဉ်အချိန်အခါလိုက် မျက်နှာသစ်တော်ရေကပ်ခြင်း၊ ဆွမ်းတော်တင်ခြင်း၊ ပန်းရေချမ်းကပ်ခြင်း၊ ညဥ့်အချိန်တွင် ဆီမီးပူဇော်ခြင်း၊ ဆုတောင်းဆုယူပြုခြင်းများကို ပြုလုပ်ကြလေသည်။ သို့ဖြင့် ပရိနိဗ္ဗာန် စံလွန်တော်မူသွားသော ဗုဒ္ဓရှင်တော်မြတ်ကို နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်ပူဇော်နေကြသည့် ဓလေ့သစ်တစ်ခု (Anthropomorphism)လည်း တွဲလျှက်ပေါ်ပေါက်ဖြစ်ထွန်းလာခဲ့ရသည်။

သမိုင်းနှင့် ပန်းချီပန်းပု အနုပညာရှင်တို့ဘက်ကလည်း ရုပ်ပွားဆင်းတုတော် ကိုးကွယ်ယုံကြည်မှု၏ အတိမ်အနက်ကိုလည်းကောင်း၊ ပြောင်းလဲလာခဲ့သော လူတို့၏အယူအဆများကိုလည်းကောင်း၊ ဆင်းတုတော်စနစ်ကိုလည်းကောင်း၊ အနုပညာလက်ရာကို လည်းကောင်း၊ ရှာဖွေဖော်ထုတ်လေ့လာကြသဖြင့် ရုပ်တုတော်လေ့လာမှုပညာ (Iconography) သည် ဘာသာရပ်တစ်ခုကဲ့သို့ ပေါ်ပေါက်လာခဲ့ရပြီး ယခုအခါကျယ်ဝန်းနက်ရှိုင်းသောပညာရပ်တစ်ခုဖြစ်လာခဲ့သည်။ ထိုရုပ်တုသမိုင်းကို လေ့လာသောအခါ ဒေါက်တာနန်းလှိုင်ရေးသားသည့် ဒက္ခိဏသာခါရုပ်ပွားတော်(သမိုင်း)လည်း အကြောင်းအရာတစ်ရပ်အဖြစ် ပါဝင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှုသည် သာသနာတော်နှင့်အတူပင် ရောက်ရှိလာခဲ့မည်ဟု မှန်းဆရသည်။ ပျူတို့ကောင်းစားသော သရေခေတ္တရာတွင်ကား ထိုပညာသည် အထွတ်အထိပ်သို့ပင် ရောက်ရှိနေပြီဟု ဆိုနိုင်ပေသည်။ ရွှေငွေကြေး စသည့်သတ္တုမျိုးဖြင့်ပုံစံ (မုဒြာနှင့်အာသန) လက်ရာစုံတွေ့ရှိနေရပြီဖြစ်သည်။ ထို့အပြင် ကျောက်ဖြင့်လည်းကောင်း၊ မြေဖြင့်လည်းကောင်း ပြုလုပ်ကိုးကွယ်ခဲ့ကြသည်များကိုလည်း တွေ့မြင်နေရသည်။ ထိုခေတ်ကတည်းတွင် ဒက္ခိဏသာခါ ပုံတော်ကိုလည်း ထုလုပ်ကိုးကွယ်ပူဇော်နေကြပြီဟု ရှေးဟောင်းသုတေသနအစီရင်ခံစာ (၁၉၃၇–၃၈)ကို ကိုးကားလျှက် ဒေါက်တာနန်းလှိုင်က ဖော်ပြထားသည်။ ပုံတော်ကိုမူ ဖော်ပြမပေးခဲ့ချေ။ ပုံတော်ကို မဖော်ပြသည်မှာ

မပြည့်စုံခြင်းဟု ထင်မြင်မိပေသည်။ ပုဂံခေတ်ဆိုင်ရာများကိုလည်း စာပေမှတ်တမ်းဖြင့် အတော်အသင့်ဖော်ပြနိုင်ခဲ့ပါသည်။ သို့သော် ပုံများမပါရှိချေ။

စင်စစ် ဒက္ခိဏသာခါသည် ဗောဓိပင်၏ ''တောင်ဘက်ကိုင်း'' ကိုသာ ဆိုလိုပေသည်။ သီရိလင်္ကာ မဟာဗောဓိပင်၏ တောင်ဘက်ကိုင်း ကို ရရှိကြောင်းသိရသည်။ ထိုဗောဓိကို ဒက္ခိဏသာခါဆိုခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံတွင် ဗောဓိတောင်ကိုင်းသားဖြင့် ပြုလုပ်ပူဇော်သော ရုပ်ပွားတော်ကို ဒက္ခိဏသာခါဟူ၍ အသိအမှတ်ပြုထားကြသည်။ ထို ဒက္ခိဏသာခါရုပ်ပွားသမိုင်းကို ဒေါက်တာနန်းလှိုင်က သမိုင်းအမြင်ဖြင့် ပြုစုတင်ပြဆွေးနွေးထားခြင်းဖြစ်သည်။ ကိုးကွယ်လိုသူတို့အတွက်ထက် လေ့လာလိုသူတို့အတွက် ရည်ရွယ်ရေးသားသည်ဟု တွေးဆမိသည်။ သမိုင်းကွင်းဆက်ကိုကြည့်သော် သိဒ္ဓတ္ထမင်းသားသည် ထိုမဟာဗောဓိ ပင်တော်အောက်တွင် သဗ္ဗညုတဉာဏ်တော်အလင်းကိုရရှိကာ ဘုရားအဖြစ်သို့ရောက်ရှိတော်မူခဲ့သဖြင့် ထိုဗောဓိညောင်ပင်သည် ဗုဒ္ဓကိုယ်ပွားတော်ပင်ဖြစ်သည်။ ဘုရားသခင်ကလည်း ခွင့်ပြုတော်မူခဲ့သည်။ ထို့ကြောင့် ထိုအပင်၏ တောင်ကိုင်းသားမှဖြစ်သော ဒက္ခိဏသာခါဆင်းတုတော်သည် အခြားတစ်ပါးသော ရုပ်ဝတ္ထုပစ္စည်းတို့ဖြင့် ထုလုပ်သည့် ရုပ်ပွားတော်တို့ ထက် ပိုမိုတန်ခိုးကြီးသည်ဟု ယုံကြည်ရာမှ ပေါ်လာသော သဘောအယူအဆဖြစ်နိုင်ပေသည်။

ဒက္ခိဏသာခါ ကိုးကွယ်ကြသူအချို့တို့သည် ဗုဒ္ဓသာသနာတော်ကို နှစ်နှစ်ကာကာယုံကြည်လိုသူများမဟုတ်ဘဲ ယင်းတို့၏ လောဘ၊ ဒေါသ၊ မောဟတရားများကို ဖုံးကွယ်ရန် မဟာဗောဓိတောင်ကိုင်းသားဖြင့် ထူးခြားထုလုပ်စီရင်ကိုးကွယ်နေကြဟန်ရှိသည်။ တစ်နည်းပြောရလျှင် ဒက္ခိဏသာခါဖြင့် အကာအကွယ်ယူ ကိုးကွယ်ကြသည်ဟု ဆင်ခြင်မိသည်။ သံသရာမှ လွတ်မြောက်ရန်မဟုတ်ဘဲ၊ အန္တရာယ်ကင်းရန်၊ လာဘ်ရွှင်ရန်၊ မီးကွင်းရန် စသည့်ယုံကြည်မှုများဖြင့် ကိုးကွယ်နေကြခြင်းသာဖြစ်သည်။ ပုံတော်များကိုလည်း ထူးခြားစွာပြုလုပ်ပူဇော်တတ်ကြသည်။

ဒက္ခိဏသာခါဟု အလွယ်သိစေသောအကြောင်းက ဥက္ကောင်းတော်ထက်တွင် ကြာဖက် (ကြာပန်းဖတ်) တင်ထားခြင်းနှင့် ကြာပလ္လင်ပါရှိခြင်းဖြစ်သည်။ သို့သော် ထို့ထက်ထူးခြားလိုသူတို့က ပုံတော်ကို ကလေးမျက်နှာဖြင့် ပုပုကွကွ ဂုတ်တိုတိုဖြင့် ပုံမကျပန်းမကျ ထုလုပ်တတ်ကြသည်။ မည်သည့်ကျမ်းဂန်အယူအဆ မည်သည့်အတွေးအခေါ်ဖြင့် ထုလုပ်သည်ကို မသိရပေ။ အချို့က ကြာဖက်ရိုးကို နောက်ကျောတွင်ချလျှက် ထုလုပ်ကြပြန်သဖြင့် ဗုဒ္ဓရှင်တော်၏ ကြည်ညိုဖွယ်သောတင့်တယ်ခြင်းနှင့် မြင့်မြတ်ခြင်းအသွင်တို့ကို ဖျက်ဆီးနေကြသကဲ့သို့ ခံစားမိရသည်။ ညာတကုတ်ဟူ၍လည်း သင်္ကန်းညာတင်ပြုလုပ်ကြပြန်သေးသည်။ လောကီအစီအရင်သဘော ကက်ကင်းရိုက်သည်ဆိုသကဲ့သို့ ပြောင်းပြန်လှန်ခြင်းသည် သာသနာတော်နှင့် ကပြောင်းကပြန်ဖြစ်လေမည်လောဟု တွေးကြည့်သည်။ ကိုယ်တော်တွင် မှိုပွင့်များလည်း အရေအတွက်အမျိုးမျိုးဖြင့် ပြုလုပ်မှုပ်နှံပူဇော်ကြပြန်သည်။ ထို့ကြောင့် လောကီဆန်လာသည်ဟု မြင်မိသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုရမည်ထက် ဟိန္ဒူပြဟ္မဏအယူဝါဒများဖြင့် ရောနှောလာနေသည့် ဘာသာယုံကြည်မှု (Syncretism) ဖြစ်နေသည်ကို သတိထားမိနိုင်သည်။

ဒေါက်တာနန်းလှိုင်သည် ဒက္ခိဏသာခါသမိုင်းကို အိန္ဒိယ၊ သီရိလင်္ကာ (သီဟိုဠ်)၊ ယိုးဒယား၊ တရုတ်၊ ဂျပန်စသည့်နိုင်ငံတို့တိုင် သမိုင်းနယ်ချဲ့ထွင်လေ့လာတင်ပြထားသည်။ ဘာသာအယူအဆပေါင်းစုံ ပေါင်းစပ်ပါဝင်နေပုံကို တင်ပြထားသည်။ ရုပ်တုပြုလုပ်ပုံအနုပညာနှင့် လက်ရာကွဲပြားကွာခြားမှုများကိုလည်း ပန်းပုဆရာ ထုချင်တိုင်းထု၍မရချေ။ မဟာပုရိသလက္ခဏာတော်များပေါ်လွင်အောင် ထုလုပ်ရကြောင်း ဆွေးနွေးထားသည်။ ဤတွင် ဒက္ခိဏသာခါ (သီဟိုဠ်ပုံ)တွင် ကျမ်းဂန်အဆိုအမိန့်တို့နှင့် ကွဲပြားနေသည်ကို အကျယ်တဝင့်တင်ပြဆွေးနွေးထားသည်။

ဒေါက်တာနန်းလှိုင်က ပါးလိုသောသတင်းစကားမှာ ဗောဓိရိုးဒက္ခိဏသာခါက အမျိုးသားဟန်ပါသည်။ ကျမ်းဂန်အဆိုအမိန့်နှင့်ညီသည်။

ကြည်ညိုဖွယ်ဖြစ်သည်။ သီဟိုပုံဆိုသည်က လောကီအယူဝါဒများ၊ တန္တရဝါဒများ၊ ဗြဟ္မဏဝါဒများ၊ မဟာယာနယုံကြည်မှုများရောနှောနေသဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဂုဏ်သိမ်ယုတ်လျော့စေသည်ဟု သူယုံကြည်ထားဟန်ရှိသည်။ မြင့်မြတ်သောသာသနာတော်ကို ယုတ်နိမ့်သော လောကီအယူများနှင့် မရောနှောစေလိုခြင်းသည် စာရေးသူ၏ စေတနာဖြစ်မည်ဟု မှန်းကြည့်မိသည်။ မှန်မမှန်ကို စာရှုသူတို့က ဝေဖန်ထောက်ပြနိုင်ကြပါစေဟု တိုက်တွန်းလိုက်ပါသည်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

2011

တိုးလှ

၁၁ဒီဇင်ဘာ ၂၀၁၁ ညနေ ၈း၃၆ နာရီ

# စာရေးသူ၏ အမှာစာ

သုတေသနစာပေသည် စာဖတ်ပရိသတ် မသိရှိသေးသော အကြောင်းအရာကို ကြိုးစားရှာဖွေဖော်ထုတ်၍ ရရှိလာသောအချက်များကို ကြောင်းကျိုးဆက်စပ်ရေးသားတင်ပြရသော စာပေအမျိုးအစားဖြစ်ပါသည်။ ထို့အပြင် အချက်အလက်များကို စစ်ဆေးခြင်း၊ စစ်ဆေးပြီးသော ယခင်အယူအဆများကို ပြင်ဆင်ဖြည့်ဆည်းပေးခြင်း၊ အမြင်သစ်နှင့် အဆိုးအကောင်းအဖြေဖော်ထုတ်ပေးသော စာပေအမျိုးအစားလည်းဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအနေဖြင့် သုတေသနစာပေဟူသည် အခြားအခြားသော စာပေအမျိုးအစားတို့ထက် ပိုမိုခက်ခဲသည့် တန်ဖိုးကြီး အကျိုးပြုစာပေတစ်ရပ်ဟုလည်း ဆိုချင်ပါသည်။ ဤအချက်မှာ မိမိ၏ယုံကြည်ချက်သဘောထားသာလျှင် ဖြစ်ပါသည်။ ထိုသို့ယုံကြည်သည့်အားလျော်စွာ ဒက္ခိဏသာခါ ရုပ်ပွားတော်အကြောင်းကိုလည်း သုတေသနရေးထုံးအတိုင်း ရေးသားပါသည်။

အကိုးအကားအထောက်အထား မပါရှိပါလျှင် သေချာရေရာမှု ရှိတော့မှာ မဟုတ်သကဲ့သို့ စာဖတ်ပရိသတ်ဘက်မှလည်းယုံကြည်လက်ခံရန် လွယ်ကူတော့မည်မဟုတ်တော့ပေ။ အထောက်အထားဟုဆိုရာမှာလည်း ပုံနှိပ်စာအုပ်ကျမ်းမျှသာမကဘဲ ပုံနှိပ်အဆင့်သို့ မရှိသေးသောပေ၊ ပုရပိုက်၊ လက်ရေးမူ၊ ကျောက်စာများ၊ ထို့အပြင် ခရီးသွားမှတ်တမ်း၊ ဘာသာစုံစွယ်စုံကျမ်းများ၊ အင်တာနက်ကိုပါ အားယူအသုံးပြုထားသည်ကို တွေ့ရမှာဖြစ်ပါသည်။ မိမိစိတ်၌ကျေနပ်နှစ်သိမ့်မှုရရုံဖြင့် ချီးမွမ်းရေးသားခြင်း၊ တစ်ဘက်ဘက်ကို ကာကွယ်ရေးသားတင်ပြခြင်းအပြင် မကျေနပ်သဖြင့် ကျန်တစ်ဘက်ကို နှိပ်ကွပ်ရေးသားတင်ပြခြင်းတို့ကို ဂရုပြုရှောင်ကြဉ်ထားပါသည်။ မိမိတင်ပြသော ဒက္ခိဏသာခါအကြောင်းသည်လည်း ဘာသာယုံကြည်မှုနှင့် စပ်လျဉ်းနေသည့်အတွက် အကောင်းအဆိုး ဝေဖန်သုံးသပ်မှုမှာ စာဖတ်သူဘက်မှ ကိစ္စသာဖြစ်သည်ဟု မှတ်ယူထားပါသည်။ ယခင်ထွက်ရှိဖူးသော စာအုပ်များ၌ အမှားပါသည့်တိုင်ဝေဖန်ပုတ်ခတ်ခြင်း

မျိုးကိုရှောင်ရှား၍ ယခင်အယူအဆများအား ကြိုးစားဖြည့်စွက်၍ ပြင်ဆင်နိုင်သမျှကို ပြင်ဆင်ခြင်းသာ ပြုလုပ်ပါသည်။

သို့ဖြစ်၍ သုတေသနရေးထုံးအတိုင်း အောက်ခြေမှတ်စုနှင့်ကိုးကားချက်ကို ပြခြင်း၊ ကျမ်းကိုးစာရင်း၊ နောက်ဆက်တွဲမှတ်စုများ စသည်တို့ကို ထည့်သွင်းတင်ပြထားပါသည်။ အောက်ခြေမှတ်စုရေးသားရခြင်း၏ သဘောသည် ခိုင်မာသောအထောက်အထားအပေါ် အခြေခံထားကြောင်း ရည်ရွယ်လိုသည်သာမက မူရင်း (ယခင်)သုတေသနပြုစုသူ၊ စုဆောင်းတည်းဖြတ်သူတို့ကိုပါ ထည့်သွင်းဖော်ပြသည့်အတွက် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုလိုသည့်သဘောလည်း ပါဝင်ပါသည်။ မူရင်းအထောက်အထားများ ပါရှိစေရန်သာမက၊ အားကိုးလောက်သည့်တစ်ဆင့်ခံအထောက်အထားများကိုလည်း မှီငြမ်းပါသည်။

သုတေသနစာပေတွင် အသိသစ် (သို့တည်းမဟုတ်) အမြင်သစ်များ တင်ပြနိုင်ရမည်ဟူသော အချက်ကို လက်ကိုင်ထား၍ အသိသစ်၊ အမြင်သစ်များ ရနိုင်သမျှ စုဆောင်းရှာဖွေတင်ပြပါသည်။ ဤသို့တင်ပြရာတွင်လည်း မိမိရှာဖွေထားသည့် အထောက်အထားများအရ ဤသို့သာ ယူဆသင့်ကြောင်းသာ ရေးသား၍ "တတ်အပ်သိ၊ မလွဲမသွေ" ဟူ၍ ခပ်တင်းတင်းရေးသားခြင်းကို ရှောင်ရှားပါသည်။ အကြောင်းမှာ **မုံရွေးဆရာတော်ကြီး(၁၇၆၆–၁၈၃၅)သည်ပင်လျှင် ဒက္ခိဏသာခါနှင့် စပ်လျဉ်း၍–**

> ...မိမိသည် အသက်အရွယ်ငယ်သေးကြောင်း၊ ဗဟုသုတအကြားအမြင် နည်းပါးသေးသောကြောင့် မချကား မှန်၏ဟုမဆိုနိုင်ကြောင်း သမန္တစက္ခုဒီပနီကျမ်း၌ ဖော်ပြထား၏။

ထိုအချိန်တွင် မုံရွေးဆရာတော်၏ သက်တော်မှာ (၄၅)နှစ် ရှိပြီဖြစ်ပါသည်။ ယခု မိမိအနေဖြင့်လည်း "ဒက္ခိဏသာခါ"အကြောင်း လေ့လာတင်ပြသည့်အချိန်မှာ ပညာရှင်ကြီးများ၏အမြင်၌ အဘက်ဘက်မှ ရင့်ကျက်မှုနည်းနေဦးမှာ အမှန်ပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ မိမိ၌

ရှိသော တတ်သရွေ့မှတ်သရွေ့လူနှင့်ခနအားတတ်စွမ်းသရွေ့နှင့်ပင် အလုပ် တစ်ခု (A Work) ကို ကြိုးစားထားခြင်းလည်းဖြစ်ပါသည်။

စာမူကြမ်းအဆင့်တွင် မြန်မာ့သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၏ ပညာပေးညွှန်ကြားမှုများကို ရရှိခဲ့ပါသည်။ ဤစာမူ ကြမ်းအား အမှာစာချီးမြှင့်ပေးရန် ပန်ကြားစဉ်ကပင်မိမိ၏ရေးသားတင်ပြ ချက်ပါအကြောင်းအရာ၊ အသုံးအနှုန်းအမှားအယွင်းများကို ထောက်ပြ ၍ ပြင်ဆင်ဖြည့်စွက်ရန် လမ်းညွှန်ခဲ့ပါသည်။ ဆရာကြီးဒေါက်တာတိုးလှ၏ လမ်းညွှန်မှုများအရလိုအပ်သော ဓာတ်ပုံအထောက်အထားများရရှိနိုင်ရန် ဆိုင်ရာရှေးဟောင်းသုတေသနနယ်ပယ်များသို့ သွားရောက်ကွင်းဆင်း လေ့လာထားပါသည်။ အလားတူဆရာကြီးဒေါက်တာကျော်ဝင်း(ပါမောက္ခ၊ ဌာနမှူးအငြိမ်းစား)၏ လမ်းညွှန်အကြံပေးမှုများကိုလည်းဂရုပြု၍ ကြိုးစား မွမ်းမံပြင်ဆင်ထားပါသည်။

အချုပ်အားဖြင့်ဆိုပါလျှင် ဒက္ခိဏသာခါအကြောင်းကို ဝါရင့် မြန်မာ့သမိုင်းပညာရှင်ဆရာကြီးများ၏ လမ်းညွှန်မှုကိုခံယူ၍ သုတေသန ပုံစံနှင့်စနစ်အတိုင်း အားထုတ်၍ တင်ပြခြင်းဖြစ်ပါသည်။ သုတေသန ရေးသားပုံစနစ်သည် သိပ္ပံနည်းကျကျ လေ့လာဆည်းပူးခြင်းဖြစ်သည့် အတွက် စာဖတ်ပရိသတ်အား ကောင်းစွာအကျိုးပြုမည်ဟု မိမိယုံကြည် ထားပါသည်။ ထို့အပြင် ရိုးသားသော စိတ်နေစိတ်ထားပေါ် အခြေခံထား ရခြင်း၊ သေချာတိကျမှုရှိရခြင်း၊ မူရင်းအထောက်အထား (ပိဋကတ်မူရင်း ကျမ်း၊ ပေ၊ ပုရပိုက်၊ ကျောက်စာ) အပေါ် တည်ဆောက်ထားရခြင်းဆို သော အချက်များရှိပါသည်။ သို့ရာတွင် ''သုတေသန''အလုပ်သည် လမ်းဆုံးမရှိပါ။ သို့ဖြစ်၍ ဆက်လက်ကြိုးပမ်းရန်သာရှိပါသည်။ နောင် တွင် အသိအမြင်သစ်၊ အထောက်အထားသစ်များ ထပ်မံတွေ့ရှိလာပါလျှင် ဤစာအုပ်ကို ဒုတိယအကြိမ်၌ ပြင်ဆင်ဖြည့်စွက်ပါမည်ဟု ကတိပြုလျှက် အမှာစကားကို အဆုံးသတ်ပါသည်။

ဒေါက်တာနန်းလှိုင်

**B.A. (Hons.), M.A., Ph.D.,History,**

**Dip.in English (NCEL),YU**

( ၄-၁-၂၀၁၂ )

# ကျေးဇူးတင်ရှိကြောင်း မှတ်တမ်း

ပထမဦးစွာ မိဘနှစ်ပါးဖြစ်သော ဖခင်ဦးတင်အောင် (၁၉၂၆-၂၀၀၁)နှင့် မိခင်ဒေါ်ခင်နု (၁၉၃၁-၂၀၀၉) ပညာရောင်ခြည်စာပေတို့၏ အနန္တကျေးဇူးတရားကို ဦးထိပ်ထားပါသည်။ အထူးသဖြင့် ဖခင်ဦးတင်အောင်သည် မိမိငယ်စဉ် ကလေးဘဝကပင် စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားတို့အပေါ် အမြတ်တနိုးရှိတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးခဲ့သော ကျေးဇူးတရားကြောင့်ပင် ဖြစ်ပါသည်။ အမိအဖ (၂)ပါး၏နောက်တွင် ဆရာသခင်အပေါင်းတို့၏ ကျေးဇူးတရားကို အထူးအောက်မေ့သတိရပါသည်။ အထူးသဖြင့် အမှာစာချီးမြှင့်ပေးသော-

- ပါမောက္ခ ဦးထွန်းအောင်ချိန်အား လည်းကောင်း၊
- ပါမောက္ခဒေါက်တာကျော်ဝင်း၊ ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ညွှန်ပါမောက္ခ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အားလည်းကောင်း၊
- ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှအား လည်းကောင်း၊

- ပါမောက္ခ ဦးသန်းလွင်(ငြိမ်း)မှ အစပြု၍ သင်ကြားပို့ချပေးသော ဆုံးမတည့်မတ်ပေးကြသော ဆရာ/ဆရာမ အပေါင်းတို့အားလည်းကောင်း၊ ထိုထိုသော ကျေးဇူးတရားများကို အစဉ်အောက်မေ့အမှတ်ရနေပါသည်။

သုတေသနတစ်ရပ်ကို ဖော်ထုတ်ကြိုးပမ်းရာတွင် စာကြည့်တိုက်များ၊ လမ်းညွှန်ပေးနိုင်သူ ပညာရှင်များ၊ အထောက်အထားများအတွက် ဝိုင်းဝန်းကူညီပေမည့် မိတ်ဆွေကောင်းများ(Reource Centres and Persons) မှာ အလွန်အရေးပါလှပါသည်။ သို့ဖြစ်၍ ဤစာတမ်းဖြစ်မြောက်ရေးအတွက် မိမိသွားရောက်လေ့လာအသုံးပြုခွင့်ရခဲ့သော-

- အမျိုးသားစာကြည့်တိုက်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်။
- တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေနှင့်ပုရပိုက်ဌာန၊ ရန်ကုန်တက္ကသိုလ်။

- သုတေသနစာကြည့်တိုက်၊ သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာန၊ ကမ္ဘာအေးဘုရားပရဝုဏ်၊ ရန်ကုန်။
- အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ သံရုံးစာကြည့်တိုက်၊ ရန်ကုန်။
- သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ သံရုံးစာကြည့်တိုက်၊ ရန်ကုန်။
- ရွှေဟောင်းမြန်မာစာပေ၊ ပေနှင့်ပုရပိုက်ဌာန၊ ဗိုလ်တစ်ထောင်၊
- ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စာကြည့်တိုက်၏ စာကြည့်တိုက် မှူးများနှင့် ဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါသည်။ လူတွေ့မေးမြန်းရာ၌ လက်ခံတွေ့ဆုံ ဖြေကြားပေးပါသော-
- သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး **မစ္စတာအိပ်(ချ်) အာရ် ပိယသိရိ** (H.E.Mr. H.R. Piyasiri)
- သံမှူး **မစ္စတာဒယာနန္ဒ**နှင့် သံရုံးဝန်ထမ်းများအားလည်း ကောင်း၊ ဤသုတေသနစာတမ်းဖြစ်မြောက်ရေးအတွက် ကိုယ်ရောစိတ်ပါ စွမ်းစွမ်းတမံပါဝင်ကူညီ ဆောင်ရွက်ပေးကြ သော အစ်ကိုဆရာ၊ သူငယ်ချင်း
- **ဦးသန်းထိုက်အောင်(လက်ထောက်ကထိက)**၊ သမိုင်းဌာန နှင့် ဓမ္မမိတ်ဆွေ
- **ဦးသန်းထိုက် (သုတေသန)**တို့အားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဤစာအုပ်စီစဉ်ရိုက်နှိပ်ရာတွင် စေတနာရှိရှိဖြင့် ပါဝင်ဆောင် ရွက်ပေးသော
- **ကိုမြတ်သူ(စွယ်တော်ကွန်ပျူတာ)နှင့်မောင်ကောင်းထွဋ်ဇော်** (ဘူမိဗေဒ)တို့အား လည်းကောင်း၊ မိမိနှင့်သမီးငယ်၊ သားငယ် တို့အား အနီးကပ်၍ ကိုယ်စိတ်နှစ်ပါးချမ်းသာစေရန် ဂရုတစိုက် စောင့်ရှောက်ပေးနေသော ဇနီးဖြစ်သူ
- **မခင်စိုးသိုက်**ကိုလည်း ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

# မာတိကာ

- ပါမောက္ခ ဦးထွန်းအောင်ချိန်၏ အမှာစာ
- ပါမောက္ခဒေါက်တာကျော်ဝင်း၏ အမှာစာ
- ပါမောက္ခဒေါက်တာတိုးလှ (ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့သမိုင်းအဖွဲ့) ၏ အမှာစာ
- စာရေးသူ၏အမှာစာ
- ကျေးဇူးတင်ရှိကြောင်းမှတ်တမ်း
- နိဒါန်း ၁
- **အခန်း (၁) ဗုဒ္ဓရုပ်ပွားတော်သမိုင်းအကျဉ်း** ၇
  ဓာတ်ပုံမှတ်တမ်းများ ၂၂
- **အခန်း (၂) စာပေနှင့်သမိုင်းဆိုင်ရာသုတေသန**
- ဒက္ခိဏသာခါဝေါဟာရအဖွင့် ၄၀
- သာခါနှင့် သာခ ၄၃
- ဒက္ခိဏမုတ္တိ ၄၄
- သီရိလင်္ကာသမိုင်းနောက်ခံ ၄၅
- ခေတ်အဆက်ဆက်မဟာဗောဓိ ၅၂
- **ဒက္ခိဏသာခါနှင့်မြန်မာ့သမိုင်း** ၅၈
- ပျူနှင့်ပုဂံခေတ်
- ဒက္ခိဏသာခါနှင့် အလောင်းစည်သူ ၆၀
- အင်းဝခေတ် ၆၄
- တောင်ငူနှင့် ကုန်းဘောင်ခေတ် ၆၈
- ကိုလိုနီခေတ် ဒက္ခိဏသာခါ ၇၁
- မီးကွင်းကြောင်းယုံကြည်မှု ၇၄
- ဒက္ခိဏသာခါကိုးကွယ်ရသော အကျိုးထူးများ ၇၈
- သီဟိုဠ်ကျမ်းအဆို ၇၉

- အင်္ဂါရပ်ဗောဓိ ၈၀
- မုံရွေးဆရာတော်၏အမြင် ၈၁
- ခေတ်ပုံမှတ်တမ်းများ ၈၃
- **အခန်း (၃) ရုပ်တုဗေဒဆိုင်ရာ သုတေသန** ၁၀၉
- ဒက္ခိဏာသာခါပုံစံ (၂) မျိုး ၁၁၁
- ရဟန်း၊ လူပညာရှိတို့၏ အမြင်သဘောထားများ ၁၁၆
- ခေတ်ပုံမှတ်တမ်းများ ၁၂၂
- **အခန်း (၄) မဟာယာနရုပ်တုဗေဒဆိုင်ရာသုတေသန** ၁၂၅
- ရုပ်တုတော်စနစ်အခြေခံများ ၁၂၇
- ထေရဝါဒ၏ ရုပ်ပွားတော်စနစ်မဟုတ်ခြင်း ၁၂၈
- ချာနိဗုဒ္ဓရတနာသမ္ဘဝလက်ဟန် ၁၃၀
- လလိတာဝိတ္ထာရကျမ်းလာ ကြာနိမိတ်ပုံ ၁၃၀
- ကြာဖတ်ဆောင်းသော ဗောဓိသတ္တ ၁၃၂
- မဟာယာနရုပ်တုများနှင့်ကြာ ၁၃၇
- ဗြဟ္မဏဟိန္ဒူဟန် ကြာနိမိတ်ပုံ ၁၃၉
- **ဒက္ခိဏာသာခါနှင့် ကလေးဘုရားအယူအဆ** ၁၄၀
- **ပြန်လည်သုံးသပ်ချက်** ၁၄၄
- 'ဂိုဏ်း' ယုံကြည်မှုနှင့် ဒက္ခိဏာသာခါ ၁၄၇
- ခေတ်ပုံမှတ်တမ်းများ ၁၅၄
- **နောက်ဆက်တွဲမှတ်စုများ** ၁၇၁
- လက္ခဏာသုတ် ၁၇၃
- ဗုဒ္ဓရုပ်ပွားတော်အတိုင်းအတာစနစ် ၁၇၈
- မင်းတုန်းမင်း၏ ဒက္ခိဏာသာခါပူဇော်ပွဲတေးထပ် ၁၈၂
- ဒက္ခိဏာသာခါ၏ ရက်စဉ်သမိုင်း ၁၈၃

- ညောင်ရမ်းမင်းလက်ထက် အိမ်ရှေ့မင်းသား၏ အိမ်တော်တက်ပွဲ အမိန့်တော် ၁၈၇
- ဒက္ခိဏသာခါ ဘုရားပူဇော်ပွဲဆိုင်ရာ ဘိုးတော်ဘုရား၏ အမိန့်တော် ၁၉၀
- မင်းတုန်းမင်း ဒက္ခိဏသာခါရုပ်ပွားတော်ပူဇော်ပွဲ (သံချိုကဗျာ) ၁၉၁
- မီးကျီးခဲကြားမှ ပေါက်ဖွားလာသော အဂ္ဂိရဗောဓိ ၁၉၂
- မောင်းထောင်ဆရာတော်၏ သီဟိုဠ်ကျွန်းသွားသံချို ၁၉၄
- ဗောဓိသတ္တ (၁၆) ပါး စာရင်း ၁၉၆
- အမိတာယုရှောနသုတ္တန် (ဗောဓိသတ္တ၏ ကြာပွင့်မကိုင်မှုဆောင်းပုံဆိုင်ရာ အထောက်အထား) ၁၉၇
- ရွှေတိုင်ညွန့်၏ ထွက်ရပ်ပေါက်သီချင်း ၁၉၉
- ပထမံဆရာများ၏ အရိမေတ္တေယျမျှော် သံချိုကဗျာများ ၂၀၁
- ကျမ်းကိုးစာရင်း (Bibliography) ၂၀၃
- အညွှန်း (Index) ၂၁၉



# နိဒါန်း

ဒက္ခိဏာသာခါ ရုပ်ပွားတော်သည် မြန်မာနိုင်ငံ ဗုဒ္ဓယဉ်ကျေးမှု၌ လူသိများထင်ရှားလှသော ဗုဒ္ဓဆင်းတုတော်အဖြစ် ဖြစ်ထွန်းလျက်ရှိပါသည်။ အစဉ်အလာအားဖြင့် သီရိလင်္ကာ ဗုဒ္ဓဘာသာပါဠိစာပေမှ အရင်းခံလာခဲ့သည်ဟု ဆိုကြပါသည်။ သို့သော် ဒက္ခိဏာသာခါ ရုပ်ပွားတော်သည် ထေရဝါဒဗုဒ္ဓယဉ်ကျေးမှု၏ ရုပ်တုတော်စနစ်တို့ဖြင့် များစွာကွဲလွဲနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဒက္ခိဏာသာခါဟူသော ဆင်းတုတော်၏ အမည်၊ ဆင်းတုတော်ပုံစံနှင့် ဟန်နှစ်ရပ်မှာ စဉ်းစားဖွယ်ရာဖြစ်လာပါသည်။

ဤသို့ဆိုလျှင် ဒက္ခိဏာသာခါ၏ရုပ်တုစနစ်သည် မည်သည့် ဗုဒ္ဓယဉ်ကျေးမှုစနစ်အပေါ်အခြေခံထားသည်ကို လေ့လာဖော်ထုတ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုကို စေ့စပ်စွာသိရှိနားလည်လိုသော ရဟန်း၊ ရှင်၊ လူများအတွက် ဘာသာယုံကြည်မှု၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအသိပညာ၏ လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်ရန် ဤစာတမ်းကို သုတေသနပြု ရည်ရွယ်ဆောင်ရွက်ပါသည်။

ဤစာတမ်းတွင် ဒက္ခိဏာသာခါ၏ ရုပ်တုဗေဒဆိုင်ရာ အခြေခံစနစ်များ၊ မဟာယာနဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ရုပ်တုသဘောတရားနှင့် နှိုင်းယှဉ်လေ့လာချက်၊ မဟာယာနကျမ်းများဖြစ်သည့် လလိတ္တာဝိတာရ၊ သုခါဝတီဗျူဟာသုတ္တန်နှင့် အမိတာယုသုတ္တန်ကျမ်းများလာ ကြာနိမိတ်များ ထင်ဟပ်နေပုံ၊ မြန်မာသမိုင်းတွင် တွေ့ရှိရသော ဒက္ခိဏာသာခါဆိုင်ရာ သမိုင်းအထောက်အထားများ၊ ဒက္ခိဏာသာခါ ဝေါဟာရအရင်းအမြစ်များ၊ ထုလုပ်ပုံအစီအရင်များနှင့် ယုံကြည်သက်ဝင်နေပုံများဖြင့် သုတေသနကို ပုံဖော်တင်ပြရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကာလအားဖြင့် ခရစ်ကြိုနှစ် (၂)ရာစု ဘီစီမှ အစပြု၍ သမိုင်းတင်ခေတ်ကို လျှောက်လှမ်းခဲ့ရာ ဗုဒ္ဓသာသနာတော် လွှမ်းမိုးထွန်းကားခဲ့ပြီး ဗုဒ္ဓသာသနိက စေတီပုထိုးဘုရားပေါင်းများစွာ ပေါများကြွယ်ဝရာနိုင်ငံလည်းဖြစ်ပါသည်။ ထေရဝါဒယုံကြည်မှုသည် မြန်မာတိုင်းရင်းသားတို့အတွက် ပဓာနဘာသာတရားကြီးဖြစ်ပါသော်လည်း သမိုင်းစဉ်တစ်လျှောက် ထေရဝါဒယုံကြည်မှုအပြင် မဟာယာနနှင့် ဟိန္ဒူဗြဟ္မဏယုံကြည်မှုများနှင့် ရောပြွမ်းစွာဖြစ်ထွန်းလာခဲ့ကြောင်း အတိုင်းအတာတစ်ရပ်အထိရှိနေပြီး၊ သမိုင်းအထောက်အထားပေါင်းများစွာ ကျန်ရှိခဲ့ပါသည်။ သို့အားလျော်စွာ ဗုဒ္ဓဆင်းတုတော်များစွာလည်း ပေါများကြွယ်ဝပြီး ယင်းတို့၏လက်ရာဟန်၊ ပုံစံတို့သည် ခေတ်အလိုက်၊ ဒေသအလိုက် အပေါ်အခြေခံ၍ အသွင်သဏ္ဌာန်များစွာလည်း ပေါ်ပေါက်ဖြစ်ထွန်းခဲ့ပါသည်။

ယေဘုယျအားဖြင့် ဗုဒ္ဓဆင်းတုတော်အများစုသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူဟန်၊ လက်တော်များမှာလည်း ဘယ်တင်ညာချ (ဘူမိဖဿမုဒြာ)ဟန်အဖြစ် တွေ့ရှိရပါသည်။ သို့သော် ရပ်တော်မူ၊ လျောင်းတော်မူ၊ ဓမ္မက္ကမုဒြာဟန်[1]၊ ဈာနမုဒြာဟန်[2]များသာမက ထူးခြားဆန်းပြားသော အသွင်များစွာလည်း တွေ့မြင်ရပေဦးမည်။

---

၁။ ဓမ္မစကြာတရားဟောကြားနေသော လက်တော်ဟန်အမျိုးအစားဖြစ်ပါသည်။

၂။ ဈာန်သမာပတ်ဝင်စားဟန် လက်ဟန် (မုဒြာ) ဖြစ်ပါသည်။

ဗုဒ္ဓဆင်းတုတော်များ ထုဆစ်ပူဇော်ရာမှာလည်း သစ်ထည်၊ ကျောက်သားအမျိုးမျိုး၊ အင်္ဂတေ၊ ဂဝံအင်္ဂတေ၊ ယွန်းထည်မံဘုရား၊ မြေထည်နှင့် ပန်းပေါင်းထည်စသည့် ရုပ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကို အသုံးပြုခဲ့ကြသည်။ သို့အားလျော်စွာ ခေတ်အလိုက်၊ ဒေသအလိုက်၊ ပုံစံနှင့် ဟန် ကွာခြားချက် အနည်းအကျဉ်းရှိပါသော်လည်း ''တထာဂတ သာရုပ္ပ'' ဟု ခေါ်သော ကြည်ညိုသပ္ပာယ်ဖွယ်ရာ အဆင်းသဏ္ဌာန်ပုံပေါ်စေရန် ရည်ရွယ်ထုဆစ်ခဲ့ကြ၏။ ယင်းအကြောင်းကိစ္စနှင့်ဆက်စပ်၍ ရှေးဟောင်းစာပေကျမ်းဂန်များတွင် ဗုဒ္ဓရုပ်ပွားတော်ထုဆစ်သည့်စနစ်ဆိုင်ရာ ကျမ်းအနည်းငယ်မျှသာ တွေ့ရပါသည်။ ယင်းတို့မှာ –

**သတ္တုရူပကာဝိလာသနီ** နှင့်

**ပိသုကာကျမ်း**တို့ပင် ဖြစ်ကြသည်။ ဤကျမ်းငယ်များသည် ဗုဒ္ဓဆင်းတုတော်ထုဆစ်ရာတွင် ဗုဒ္ဓဘုရားရှင်၏ မဟာပုရိသလက္ခဏာတော်ကြီးငယ်အသွယ်သွယ်တို့ကို အဓိကထား၍ အရွယ်တော်အချိုးအစားများကို အတိုင်းအတာနှင့်တကွ ဖော်ပြထားသော ရိုးရာပန်းအနုပညာဆိုင်ရာ လက်စွဲကျမ်းများလည်း ဖြစ်ပါသည်။ သို့ရာတွင် ဤကျမ်းငယ်များတွင်လည်း 'ဒက္ခိဏသာခါ' ထုဆစ်နည်းဟူ၍ ထည့်သွင်းလမ်းညွှန်ထားခဲ့ခြင်းမျိုးမရှိခဲ့ပေ။

ရှာဖွေဖော်ထုတ်တွေ့ရှိချက်များအရ ဒက္ခိဏသာခါသည် ပုဂံခေတ်ကပင် စတင်ထင်ရှားလာခဲ့ကြောင်းသိရသော်လည်း နှောင်းကာလ၌ထုလုပ်ပုံစနစ်တချို့ကို လောကီကျမ်း[၁]တစ်ချို့မှလည်းကောင်း၊ အညာသီဟတောဘုရားမှ ဒက္ခိဏသာခါ ထုဆစ်သောမှုကိုလည်းကောင်း တွေ့ရှိရပါသည်။

ပထမဦးစွာ အခန်း (၁)တွင် **ဗုဒ္ဓဆင်းတုတော်များ စတင်ပေါ်ပေါက်လာခြင်းကိုအကျဉ်းမျှ** တင်ပြထားပါသည်။ ဤအခန်းသည် ဒက္ခိဏသာခါ ရုပ်ပွားတော်အား တိုက်ရိုက်ဆွေးနွေးတင်ပြခြင်းမဟုတ်ဘဲ

၁။ ဂါထာမန္တာန်၊ အင်းအိုင်ခါးလှဲ့များနှင့် အစွမ်းထက်ပုံနှင့် အစီအရင်များကို ဖော်ပြသော ကျမ်းများဖြစ်သည်။

အခြေခံ သဘောတရားကိုသာသိရှိထားရန် ရည်ရွယ်လိုပါသည်။ အခန်း (၂)တွင် ''ဒက္ခိဏာသာခါ''၏ စာပေနှင့်သမိုင်းတို့ကို တင်ပြပါသည်။ စာပေဟုဆိုရာ၌ ''ဒက္ခိဏာသာခါ'' ဟူသော ပါဠိ–သက္ကတဝေါဟာရ၏ အရင်းအမြစ် (Etymology)ကို ဖော်ထုတ်ညှိနှိုင်းပြပါသည်။ ဒက္ခိဏာသာခါသည် သီရိလင်္ကာနိုင်ငံမှ မဟာဗောဓိပင်ဖြစ်ခြင်းကြောင့် အဆိုပါဗောဓိပင်ကြီးအကြောင်းကို ရှာဖွေတင်ပြပါသည်။ ထို့နောက် မြန်မာနိုင်ငံတွင် ဒက္ခိဏာသာခါဆိုင်ရာ သမိုင်းအထောက်အထားများအား ခေတ်အစဉ်လိုက် တင်ပြထားပါသည်။ မီးကွင်းကြောင်း ယုံကြည်မှုကိုလည်း မြန်မာသမိုင်းဆိုင်ရာ နောက်ခံအခြေအနေများဖြင့်သုံးသပ်တင်ပြပါသည်။ ဤသို့တင်ပြရာတွင် အလွန်လူသိနည်းပါးသော အကျိုးတရားကိုသာ အဓိကထားပြီး သုတေသနပြုစုသူအနေဖြင့်ယုံကြည်သက်ဝင်မှုမှာ ဝေဖန်ဆွေးနွေးရန် အကြောင်းမရှိဟုလည်း ခံယူထားပါသည်။

အခန်း (၃)တွင် ဒက္ခိဏာသာခါထုလုပ်ရာ၌ တွေ့ရှိနေရသော အချက်အလက်များနှင့် မြန်မာပညာရှိများအား ခေတ်အဆက်ဆက် မည်သို့သဘောထားသည်ကို တင်ပြထားပါသည်။ ဤအခန်းတွင် ဗောဓိရိုးပုံ ဒက္ခိဏာသာခါနှင့် သီဟိုဠ်ပုံဒက္ခိဏာသာခါ ဟန်(၂)ရပ်အနက် သီဟိုဠ်ပုံကို အဓိကအားဖြင့် သုတေသနပြုတင်ပြပါသည်။ အကြောင်းအရာမှာလည်း ရုပ်တုဗေဒဆိုင်ရာ သုတေသနတွေ့ရှိချက်များသာလျှင် ဖြစ်ပါသည်။ သို့ရာတွင် မဟာယာနဗုဒ္ဓယဉ်ကျေးမှုအပေါ် အခြေခံထား၍ သုတေသနပြုထားခြင်းဖြစ်သည့်အတွက် အဆိုပါအခန်း (၃)နှင့် ပေါင်းစပ်လျှင် စာဖတ်သူများအနေဖြင့် ရောထွေးသွားနိုင်သည့်အတွက် သီးခြားတစ်ခန်းအဖြစ် တင်ပြရခြင်းဖြစ်ပါသည်။

ထို့နောက် ''ပြန်လည်သုံးသပ်ခြင်း'' ကို ဆက်လက်တင်ပြပါသည်။ ဤအခန်းတွင် မြန်မာနိုင်ငံကိုလိုနီခေတ်ယုံကြည်မှု၊ အထူးသဖြင့် ပထမံဂိုဏ်းယုံကြည်မှုကို တင်ပြဆွေးနွေးပါသည်။ အကြောင်းမှာ ဒက္ခိဏာ

သာခါသည် လောကီယုံကြည်မှု (Occultism)၌ ထင်ပေါ်နေသောကြောင့် ဆက်လက်သုတေသနပြုတင်ပြရခြင်း ဖြစ်ပါသည်။

အဆုံးတွင် **နောက်ဆက်တွဲမှတ်စုများ** (Appendix)ကို ထည့်သွင်းတင်ပြပါသည်။ ရှေ့တွင် တင်ပြဆွေးနွေးလာခဲ့စဉ်က အကြောင်းအရာများကို အထောက်အပံ့ဖြစ်စေသော ကိုးကားချက်များပင် ဖြစ်ပါသည်။ ဆက်လက်၍ စာကိုယ်နှင့်စပ်လျဉ်းနေသော **သက်ဆိုင်ရာဓာတ်ပုံများကို** ရရှိနိုင်သမျှစုဆောင်း၍ စုစည်းတင်ပြပါသည်။

နိဂုံးသဘောဖြင့်ဆိုချင်သည်မှာ မိမိ၏သုတေသနပြုစုရာတွင် ''ဒက္ခိဏသာခါ'' ၏ **အဓိကအချက်များကိုသာ** အသုံးပြုပြီး တင်ပြထားခြင်းမျိုးဖြစ်ပါသည်။ နောက်ပိုင်းကာလ၌ ထပ်တိုးလာသော ဒက္ခိဏသာခါရုပ်ပွားတော်မှ –

ပစ္စေကဗုဒ္ဓါ(ဘုရားငယ်) ပုံ
ရဟန္တာ ပုံ
သိကြား(သက္ကာ)ပုံ
နေလဝိဇ္ဇာဓိုရ်ပုံ
ခရုသင်း(သင်္ခါ)ပုံ
ငါးပုံ (အာနန္ဒာ၊ ငါးကြင်း၊ ငါးရံ့)နှင့်
အသုံးပြုသောအင်း (စမ္ဘာန၀အင်း)များ

စသည်တို့ကို ထည့်သွင်းဆွေးနွေးခြင်းများမပြုတော့ပါ။ အဆိုပါ အကြောင်းအရာများသည် ဒက္ခိဏသာခါ၏ ထပ်တိုးဖြည့်စွက်ချက်များဖြစ်ခြင်း၊ ဒက္ခိဏသာခါ၏ အရင်းအမြစ်ကို ဖော်ထုတ်သုတေသနပြုစုရာတွင် ပဓာနမကျခြင်း၊ ပညာရပ်နယ်ပယ်၌ သိထားပြီးသောအကြောင်း အရာများဖြစ်ခြင်းတို့ကြောင့်ပင်ဖြစ်ပါသည်။ တစ်ဖန် ဤသုတေသနတွင် အဓိကထည့်သွင်းဆွေးနွေးအဖြေရှာခဲ့သည်များမှာ –

ဝေါဟာရနှင့် သမိုင်းနောက်ခံ
ကြာဖတ်ဆောင်းခြင်း
(၃)လသားအရွယ်ထုလုပ်ခြင်း
ရေကန်ပါရှိနေခြင်း
ညာဖက်မြေထိထားသော လက်တော်ဟန်

ဟူသော အချက် (၅)ချက်ကိုသာ **အဓိကဦးတည်သုတေသနပြုခြင်း** ဖြစ်ပါသည်။ ဤ (၅)ချက်ဖြင့်ပင် ''ဒက္ခိဏာသာခါ'' ဆိုင်ရာ သုတေသနမှာ ကောင်းစွာ ပုံပေါ်နေသည့်အတွက် တင်ပြဆွေးနွေးရခြင်းလည်း ဖြစ်ပါသည်။



အခန်း (၁)

# ဗုဒ္ဓရုပ်ပွားတော်သမိုင်းအကျဉ်း



# ဗုဒ္ဓရုပ်ပွားတော်သမိုင်း

ဗုဒ္ဓဂေါတမဘုရားရှင် (၅၆၃-၄၈၃ ဘီစီ)ကို ပါဠိစာပေ၌ ပုဒ်ပေါင်း (၃၉)ပုဒ်ဖြင့် ချီးမွမ်းသုံးနှုန်းပါ၏။ ယင်းပါဠိအမည်များအနက်-

ဒေဝဒေဝေါ (နတ်တို့၏အကြီးအမှူး)

လောကနာယက (လောက၏အကြီးအမှူး)

လောကဂုရု (လောက၏ဆရာသခင်)

လောကနာထ (လောက၏ကိုးကွယ်ဆည်းကပ်ရာ)[၁]

ဟူ၍ ချီးမွမ်းခေါ်ဆိုကြောင်း တွေ့ရပါ၏။ သို့ဖြစ်၍ ဗုဒ္ဓဘုရားရှင်သည် **အတုမရှိသောမဟာလူသား**ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ဂုဏ်တော်တွင် အစိန္တေယျ (၄)ပါး ဟူ၍ရှိရာ -

စကားတော်အရာ (အတုလဝါစာ)

အဆင်းတော်အရာ (အတုလရူပ)

ဉာဏ်တော်အရာ (အတုလဉာဏ)

တန်းခိုးတော်အရာ (အတုလ ဣဒ္ဓိ) တို့၌ အတုမရှိခြင်းဟူ၍ ရှိပါသည်။

---

၁။ (က)အရှင်အဂ္ဂမဟာဘိဝံသ၊ **အဘိဓာန်နိဿယသစ်**၊ ရန်ကုန်၊ ရတနာ့ဝါဒီစာပေ၊ ၁၉၉၂၊ စာ-၆၊၇

(ခ) T.W.Rhys Davids (ed), **The Pali-English Dictionary,** New Delhi, Asian Educational Services, 1997, pp.350,588 (နောင်ကို Davids,**PED** ဟု အတိုညွှန်းမည်။)

အဆင်းတော်အရာဟု ဆိုရာ၌လည်း–

အတုလရူပ (အတုမရှိသော ရုပ်အဆင်းတော်)

အစိန္တေယျရူပ (မကြံစည်နိုင်သောရုပ်အဆင်းတော်)

ရူပရူပ (ပကတိသော ရုပ်အဆင်းတော်)

ဝိလာသဂ္ဂရူပ (အလွန်တင့်တယ်သောရုပ်အဆင်းတော်)

တို့ဖြင့်ပြည့်စုံသော ဘုရားရှင်ဟူ၍ ဖော်ပြပါရှိပါသည်။ ထို့အပြင် အင်္ဂုတ္တရနိကာယ်ကျမ်း၌လည်း –

ဗုဒ္ဓဝိသယော အစိန္တေယျော (ဘုရားရှင်၏ အရာကို မကြံစည်အပ်)[၁] ဟူ၍ အစိန္တေယျ (၄)ပါးမှ တစ်ပါးကို ဤသို့ တွေ့ရသည်။

ယင်းသို့ဆိုသည့် အားလျော်စွာ ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း (၅၀၀)ခန့် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ပူဇော်သောဓလေ့ မရှိခဲ့ပေ။

ထို့အပြင် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ကိုးကွယ်ခြင်းနှင့် စပ်လျဉ်း၍ သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိ ဝက္ကလိသုတ္တန်မြန်မာပြန်တွင်–

. . . အို ဝက္ကလိ၊ ဤသို့မအောက်မေ့လင့်၊ ဖူးမြင်အပ်သော ဤအပုပ်ကောင်ဖြစ်သောကိုယ်ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း၊ အကြင်သူသည် ငါ့တရားကို မြင်၏။ ထိုသူသည် ငါဘုရားကိုမြင်၏၊ ငါဘုရားကို မြင်သောသူသည် တရားကိုမြင်၏။[၂]

---

၁။ (က) ဂုဏာလင်္ကာရ "အစိန္တေယျဝတ္ထု"၊ **မြန်မာစာညွှန်ပေါင်းကျမ်း** ပဥ္စမတွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၉၂၊ စာ–၄၂၂။

(ခ) ဦးဩဘာသ၊ သုတေသနသရုပ်ပြအဘိဓာန်၊ ရန်ကုန်၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်၊ ၁၉၉၆ပြာသို–၁၄ (နောင် ကိုးကားလျှင် ဩဘာသ၊သုပြဓာန်၊ဟု ညွှန်းမည်။)

(ဂ) Davids. **PED**,pp.269. 305.

၂။ **သံယုတ်ပါဠိတော် (မြန်မာပြန်)**၊ ဒုတိယတွဲ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၉၂၊ စာ–၉၂–၉၆။

ဟူ၍လည်း ဟောကြားဆုံးမထားပါ၏။ အလားတူ ဒီဃနိကာယ် **မဟာပရိနိဗ္ဗာနသုတ်** (မြန်မာပြန်)၌လည်း –

… အာနန္ဒာ ထို့ကြောင့် သင်တို့သည် မိမိကိုယ်ကိုသာ မှီခိုပြုကြ၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည် ဖြစ်၍နေကုန်လော့။

တရားကိုသာလျှင် အမှီပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့[၁] ဟူ၍လည်း ဟောကြားခဲ့ပါသည်။

ဤကဲ့သို့ဟောကြားထားသည့်တိုင် (၁)ရာစုဘီစီ/အေဒီ (၇၅)တွင် ဗုဒ္ဓရုပ်ပွားတော်များ စတင်ကိုးကွယ်သည့် ယဉ်ကျေးမှုထွန်းကားလာခဲ့သည်။ ပထမဦးစွာပေါ်ပေါက်ခဲ့သော ဗုဒ္ဓယဉ်ကျေးမှု အနုပညာသည် ဗုဒ္ဓရုပ်ပွား တော်ထုဆစ်ခြင်းမဟုတ်ဘဲ ဗုဒ္ဓ၏ဝမ္မနှင့် ဗုဒ္ဓဝင်များအား **သင်္ကေတ** အဖြစ်သာဖော်ထုတ်ပူဇော်လာခဲ့ကြသည်။ ယင်းတို့ကို ဘာဟုတ် (Bhâhut)၊ ဂယာ (Gayâ)၊ ဆန်ချီစေတီ(ဘောပလ်)တို့၌ စတင်ခဲ့ပြီး၊ အမရာဝတီနှင့် နာဂါရ်ဂျုနကောဏ္ဍ (ဂုန္တူခရိုင်၊ အိန္ဒိယ တောင်ပိုင်း)ဒေသများသို့ ပြန့်ပွားလာခဲ့ပါသည်။

တကူး (spoke) (၈)ချောင်းပါရှိသည့်လှည်းဘီးပုံ
သမင်ပုံ
ဆင်ပုံ
မြင်းပုံ
နွားလားဥသဘပုံ
ခြေသည့်ပုံ
ခြေတော်ရာနှစ်ဆူပုံ

---

၁။ **"မဟာပရိနိဗ္ဗာနသုတ်"**၊ မဟာဝဂ်ပါဠိတော်၊ မြန်မာပြန်၊ ဒီဃနိကာယ်သုတ္တန်ပိဋကတ်၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၉၇၊ စာ–၉၈၊ ၉၉။

ပဒုမ္မာကြာပွင့်ပုံ စသည်တို့ပင်ဖြစ်ကြသည်။ **လှည်းဘီးပုံ**သည် ဓမ္မစကြာနှင့်မဂ္ဂင်(၈)ပါး တရားတော်ကိုလည်းကောင်း၊ **ဆင်ပုံ**သည် မယ်တော်မာယာ၏ သန္ဓေယူ အိပ်မက်ကိုလည်းကောင်း၊ **မြင်းပုံ**သည် **ခန္ဓက**မြင်းဖြင့် တောထွက်ခြင်းကိုလည်းကောင်း၊ **နွားလားဥသဘ**သည် ပြိဿရာသီ၌ ဗုဒ္ဓဘုရားဖွားတော်မူခြင်းကိုလည်းကောင်း၊ **ခြင်္သေ့**သည် သဗ္ဗညုတ ဉာဏ်တော်ကိုလည်းကောင်း၊ **ခြေတော်ရာ**သည် မဇ္ဈိမဒေသတွင် ဒေသစာရီကြွချီ၍ တရားလှည့်လည်ဟောကြားခြင်းကိုလည်းကောင်း၊ **ပဒုမ္မာကြာ**သည် သဗ္ဗညုတရွှေဉာဏ်တော်၏ နိမိတ်ဟန်ကိုလည်းကောင်း၊ အသီးသီးကိုယ်စားပြုပုံအား ထုဆစ်ခဲ့ကြပါသည်။[၁]

အိန္ဒိယနိုင်ငံသမိုင်း၌ ဘီစီ ၃၂၆ မှ ၃၂၅ ကာလသည် ဂရိ၊ မက်ဒီဆိုးနီးယားဘုရင် မဟာအလက်ဇန္ဒြား (၃၅၆–၃၂၆ ဘီစီ)က ကျူးကျော်သိမ်းပိုက်ထားချိန်လည်းဖြစ်ပါသည်။ မဟာအလက်ဇန္ဒြား ကံတော်ကုန်ပြီးသည့်နောက် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ဒေသ တစ်လွှားသည် မညီမညွတ်ဖြစ်ကာ ဂရိမင်းနိုင်ငံများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ အချို့သော ဂရိမင်းနိုင်ငံတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြရာ သာကလဒေသ (Sialkot)ကို အစိုးရသော မိလိန္ဒမင်း (the Greek King Menanden) မှာ ထင်ရှားကျော်ကြားသော ဗုဒ္ဓဘာသာဝင် ဂရိဘုရင်တစ်ပါး ဖြစ်သည်။ ဂရိဗုဒ္ဓဘာသာဝင်မင်းများသည် ဗုဒ္ဓနှင့်ဗောဓိသတ္တ (ဘုရားလောင်း) ရုပ်တု တို့ကို ကိုးကွယ်ပူဇော်ရန်ဆန္ဒရှိလာခဲ့ကြသည်။ ဤသို့ဖြင့် ခရစ်နှစ် (၈၅) သို့ရောက်သည့်အခါ ဗုဒ္ဓရုပ်ပွားတော်များ ထုဆစ်ခြင်းဓလေ့ စတင်ပေါ် ပေါက်လာပါတော့၏။ ဘီစီ (၂)ရာစုကွသ္မခေတ်၏ ယဉ်ကျေးမှုနယ်များဖြစ်သည့် အိန္ဒိယနိုင်ငံအလယ်ပိုင်း **မထုရာဒေသ** အိန္ဒိယအနောက် မြောက်ဘက်ရှိ **ဂန္ဓာရဒေသ** (ပါကစ္စတန်)၊ စရ်နသ်၊

---

၁။ A.L.Basham, The **Wonder That was India**, London, Sidgwick&Jackson, 1954,p-274, (Hereafter cited as **Basham, India.**)

အဇန္တာ၊ ဗိဟာရ်တို့တွင် ဗုဒ္ဓရုပ်ပွားတော်နှင့် ဘုရားလောင်း ဗောဓိသတ္တ ရုပ်တုကို စတင်ထုလုပ်ခဲ့ကြသည်။ ထိုခေတ် ပန်းအနုပညာသည်တစ်ချို့မှာ ဥရောပသား ရောမ–ခေါမသားများဖြစ်သည့်အတွက် ဗုဒ္ဓဆင်းတုတော် များမှာလည်း **ရောမဂရိအနုပညာဟန်များ** (a hybrid art) ထင်ပေါ် နေသည်ကိုတွေ့ရသည်။ ထို့နောက်ပါလခေတ် (၉–၁၂ရာစု)ဗုဒ္ဓယဉ်ကျေး မှုပေါ်ထွန်းလာခဲ့ပြီး နလန္ဒနှင့် ကုရ်ကိဟာရ် (ဗိဟာရ်)တို့တွင် ဖဟိုပြုခဲ့ သည်။ နလန္ဒမှဗုဒ္ဓရုပ်ပွားတော်များသည် အရှေ့တောင်အာရှိသို့ ပျံ့နှံ့လာခဲ့ ရာ ဂျာဗားနှင့်ဆုမတြားဒေသမှာ ကောင်းစွာလွှမ်းမိုးလာခဲ့သည်။ နီပေါနှင့် မြန်မာသို့လည်း သြဇာသက်ရောက်ခဲ့၏။ ဘင်္ဂလားနှင့် ဗိဟာရ်ရှိ ပါလမင်း နိုင်ငံ၏ဟန်များမှာ မြန်မာနိုင်ငံ ပုဂံမင်းနိုင်ငံသို့လည်းကောင်း၊ ထိုမှ တစ်ဆင့် ထိုင်းဗုဒ္ဓအနုပညာအဖြစ်သို့လည်းကောင်း ပျံ့နှံ့ရောက်ရှိလာ ခဲ့၏။

ဤသို့ဖြင့် ဗုဒ္ဓသာသနာသည် အသောက (ခန့်၂၇၃–၂၃၆ ဘီစီ) မင်းအားအကြောင်းပြု၍ သီရိလင်္ကာနိုင်ငံ ဒေဝါနံပိယတိဿ (၂၄၇–၂၀၇ဘီစီ) မင်းထံသို့ ရောက်ရှိပြန့်ပွားခဲ့ရာ ထောင်ပေါင်းများစွာသော ဟိန္ဒူပြဟ္မဏယုံကြည်သူများ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းရောက်ရှိ လာခဲ့သည်။ ထိုအချိန်မှစ၍ သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓသာသနာစည်ပင် ပြန့်ပွားလာခဲ့ရာ ထေရဝါဒဗုဒ္ဓဘာသာ၏ ဦးဆောင်နိုင်ငံအဆင့်သို့ ရောက် ရှိခဲ့၏။ ဒုဋ္ဌဂါမဏိမင်း (၁၀၁–၇၇ဘီစီ)လက်ထက်တွင် စတုတ္ထသံဂါယနာ တင်ပွဲကျင်းပနိုင်ခဲ့ပြီး အိန္ဒိယတွင် ပျောက်ကွယ်တိမ်မြုပ်သွားသော ပါဠိ ဗုဒ္ဓပိဋကတ်စာပေများမှာ သီရိလင်္ကာ၌သာလျှင်တည်တံ့ကျန်ရှိတော့သည်။ ထို့အပြင် ပိဋကတ်တော်အားဖွင့်ဆိုရှင်းလင်းသော အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ ပါဠိကျမ်းများလည်းပေါ်ထွန်းလာခဲ့၏။ နောက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံ သည် ထေရဝါဒဗုဒ္ဓသာသနာ၏ ဦးဆောင်နိုင်ငံဖြစ်လာခဲ့၍ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများဆီသို့ပါ ဗုဒ္ဓသာသနာပြန့်ပွားစေခဲ့၏။[၁]

၁။ Prof. P.V. Bapat, ed. **2500 Years of Buddhism**, New Delhi, Ministry of Information and Broadcasting, 1956,p.86.

ဤသို့ဖြင့် ခရစ်နှစ်အစောပိုင်းတွင် ဗုဒ္ဓယဉ်ကျေးမှုအပါအဝင် အိန္ဒိယယဉ်ကျေးမှုကြီးသည် အရှေ့တောင်အာရှဒေသသို့လည်းကောင်း၊ အေဒီ ၅၅၀တွင် ဂျပန်သို့လည်းကောင်း၊ အေဒီ ၃၇၂တွင် ကိုရှယော (မြောက်ဘက်ကိုရီယား)သို့ လည်းကောင်း၊ အေဒီ ၄၂၄တွင် ကိုရီယား တောင်ဘက်ရှိ သိလ္လနိုင်ငံသို့လည်းကောင်း၊ အနောက်တောင်ဘက်ရှိ ပကျွေ (Pakche)နိုင်ငံသို့လည်းကောင်း၊ အေဒီ ၆၅၀တွင် တိဗက်သို့ လည်းကောင်း၊ တရုတ်နိုင်ငံသို့ ခရစ်ကြိုနှစ် (၁)ရာစုအကုန်တွင် လည်း ကောင်း၊ ဗုဒ္ဓသာသနာပြန့်နှံ့ရောက်ရှိသွားခဲ့သည်။ အရှေ့တောင်အာရှ ဒေသတွင် အေဒီ ၉ မှ ၁၅ရာစုများ၌ ဟိန္ဒူကျောင်းတော်သည် ကမ္ဘော ဒီးယား၌လည်းကောင်း၊ အေဒီ ၈ရာစုတွင် အင်ဒိုနီးရှား၌ ဗောရော ဗုဒ္ဓေါစေတီကြီးသည်လည်းကောင်း[၁]၊ ဘီစီ(၂)မှ အေဒီ(၉)ရာစုတွင် မြန်မာနိုင်ငံ၌ သရေခေတ္တရာ (ပျူ)မင်းနိုင်ငံသည် လည်းကောင်း၊ အေဒီ (၁၁)မှ (၁၃)တွင် ပုဂံပထမမြန်မာနိုင်ငံသည်လည်းကောင်း၊ ဗုဒ္ဓယဉ်ကျေး မှုများ စတင်ထွန်းကားလာကြသည်။

မြန်မာဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားပုံကို အနောက်တိုင်းသား မောရစ်ကောလစ် (Maurice Collis)က "ဗုဒ္ဓဆင်းတုတော်ကြီးများ စံပွာယ်ရာဒေသ" (Land of the Great Images)ဟုပင် တင်စားခဲ့ကြ သည်။ သမိုင်းစတင်ခဲ့စဉ်ကပင် ဗုဒ္ဓဘာသာတရားသည်လည်း ထွန်းကား ခဲ့ခြင်း[၂]ဖြစ်သည်။ ရခိုင်၊ ပျူနှင့်မွန် ရှေးဟောင်းမြို့ပြနိုင်ငံများမှပင်ဗုဒ္ဓ ဆင်းတုတော်များ တွေ့ရှိရပြီးဖြစ်သည်။ ပထမမြန်မာနိုင်ငံတော်ပုဂံခေတ် တွင် ခမ်းနားကြီးကျယ်သည့်အဆင့်သို့ ရောက်ရှိခဲ့သည်။ ယနေ့ထိတိုင် ဗုဒ္ဓသာသနိကအဆောက်အဦပေါင်း (၂၂၁၇)မျှရှိသည်။ စေတီ၊ ပုထိုး၊

၁။ Dr. E. Zurcher, **Buddhism: its Orgion and Spread in Words, Maps, and Pictures**, Newtherlands, Djambatan N.U. 1962, pp. 56, 62, 63, 67, 71, 72.

၂။ Maurice Collis, **The Land of Great Image**, London, Penguin Book, 1943. D.G.H Hall, **Europe and Burma**, London, Oxford University Press, 1946, p.36.

ဂူနှင့်ကျောင်း အစုံပါဝင်နေ၏။ ထို့ကြောင့်အရှေ့တောင်အာရှ၏ အကြီးမား အကျယ်ပြန့်ဆုံးသော ရှေးဟောင်းဗုဒ္ဓဘာသာယဉ်ကျေးမှုရပ်ဝန်းအဖြစ် ယူနက်စကိုအဖွဲ့က သတ်မှတ်ခြင်းခံရသည်။

ဗုဒ္ဓသာသနိကအဆောက်အဦအတွင်းအပြင်တို့၌ ဗုဒ္ဓဆင်းတုတော် လက်ရာပုံစံနှင့် အရွယ်အစားအမျိုးအစားပေါင်းစုံများတွေ့ရှိရမှာဖြစ်သည်။

ရပ်တော်မူ (ပုရဟာရပ်)

ထိုင်တော်မူ (ပုရဟာထက်ဝယ်)

ပရိနိဗ္ဗာန်ပြုလျောင်းတော်မူ (ပုရာဟာနိဗာန်)[၁]

အလျှုရှင်၏ အရပ်အတိုင်းဖြင့် ထုသော ဘုရား (ရပ်တိုင်းပုရဟာ) ဟူ၍ ရှိခဲ့သည်။ ဂူဘုရားအတွင်းနံရံ၌ (၁၇)ရက်အတွင်း ဗုဒ္ဓရုပ်ပွားတော် (၁၄၁၈)ဆူ၊ ဗုဒ္ဓပုံတော်ပေါင်း (၄၀၀၀)တို့ကို ရေးဆွဲပူဇော်ခဲ့သည်။ ဂင်္ဂါဝါဠုသဲစုမျှမက ပွင့်တော်မူပြီးသော ‘သံဗုဒ္ဓေ’ဘုရားရှင်များအား ရည်စူးခဲ့ ဟန်လည်း ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်များကိုသာမက ဗုဒ္ဓဝင်ငါးရာ့ ငါးဆယ်ဇာတ်တော်၊ နတ်၊ ဗြဟ္မာရုပ်လုံးကြွရုပ်တု၊ နံရံဆေးရေးပန်းချီများ ကိုပါ ပူဇော်ရေးဆွဲခဲ့ကြသည်။

ဗုဒ္ဓဆင်းတုတော်များသည် အသေးငယ်ဆုံး အုတ်ခွက်ဘုရား အရွယ်မှ အမြင့် (၃၁)ပေ၊ ၅လက်မ ရှိသော အာနန္ဒာဘုရားရပ်တော်မူ (၄)ဆူအရွယ်အထိရှိသည်။[၂]

ပျူခေတ်မှစတင်၍ ဗုဒ္ဓရုပ်ပွားတော်များ ထုဆစ်ခဲ့ကြရာ ထက် ဝယ်ဖွဲ့ခွေ ထိုင်တော်မူပုံ၊ ဘယ်တင်ညာချ လက်ဟန်နှင့် ဈာန်ဝင်စားဟန် များမှာ သမားရိုးကျအဖြစ် အဓိကတွင်ကျယ်လာခဲ့သည်။ ထို့အပြင် အမြင် ဆန်း၍ ထူးခြားသောပုံတော်များလည်းရှိသည်။

---

၁။ Than Tun “Religion in Burma, A.D 1000-1300”, **Journal of Burma Research Society**, Vol.XLII, ii, Dec. 1959, p.48.

၂။ မင်းဘူးအောင်ကြိုင် **လက်ရာစုံစွာအာနန္ဒာ**၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၃၊ စာ–၃၀၀

ဘေသဇ္ဇဂုရု (ဆေးဘုရား၊ မဟာယာနမှ ချာနိဗုဒ္ဓဟန်)
ခြေတော်စုံချဘုရား (ပလမ္ဗပါဒါသန၊ ပါလိလေယျကာသန၊ ဘဒြာသနဟန်များ)
ခြေတော်တစ်ဖက်ချဘုရား (လလိတာသန) ┐
လက်တော်ကြွက်ထိဘုရား (ပင်းတယလိုဏ်ဂူမှ) │ လက်ခြေ
လက်တော်ဖီးကွက်ထိဘုရား (ပင်းတယလိုဏ်ဂူမှ) │ ထိဟန်
လက်တော်ဆင်ထိဘုရား (ပင်းတယလိုဏ်ဂူမှ)[၁] ┘
မြက်ရှစ်ဆုပ်လှူဟန်၊ လက်ဖဝါးနှစ်ဘက်လှန်ထားဟန် (ဒါနမုဒြာ(တိဏမုဒြာ)
ပတ္တမုဒြာ (သပိတ်ကိုင်ဆောင်ဟန်)
တြိပဋကမုဒြာ (က-ဟန်၊ ဘုရားလောင်းဗောဓိပင်သို့ကြွဟန်)
ဗျာဒိတ်တော်ပေးဟန် (ဂဇဟတ္တမုဒြာ)
ဆံတော်ဖြတ်ဟန် (ကေသမဿုပဟာနမုဒြာ)[၂]

စသည်တို့မှာ အဆန်းတကြယ်မြင်ရပုံများဖြစ်သည်။ ပုဂံ၊ အာနန္ဒာဂူဘုရား အတွင်း၌ ဗုဒ္ဓဆင်းတုတော်ဆိုင်ရာ လက်ဟန် (မုဒြာ)နှင့် ခြေဟန်(အာသန)များစွာကို တစ်စုတစ်ဝေးတည်း တွေ့မြင်နိုင်ပါ၏။ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ မရောက်မီ ဗုဒ္ဓဝင်ခန်းများမှ မုဒြာဟန်များနှင့်ဘုရားရှင်အဖြစ်၌ တွေ့မြင်နိုင်သော မုဒြာဟန်များအဖြစ်လည်း ခွဲခြားတွေ့မြင်နိုင်ပါဦးမည်။ (ပုံ ၁ . ၁၂ မှ ၁ . ၁၅ ထိကြည့်)

ဗုဒ္ဓယဉ်ကျေးမှုသည် ကာလရွေ့လျောလာခြင်းနှင့် နေရာဒေသများစွာသို့ ပျံ့နှံ့ရောက်ရှိလာသည်နှင့်အမျှ ဗုဒ္ဓရုပ်ပွားတော်များ၏ ပုံစံနှင့်

၁။ ဒေါက်တာသန်းထွန်းနှင့်သိန်းသန်းထွန်း၊ပင်းဒယရွှေဥမင်စေတီနှင့်ပင်းဒယဂူသမိုင်း၊ မန္တလေး၊ သိန်းထိုက်ရတနာစာပေ၊ ၁၉၈၂၊ စာ-၁၀၁၊ ၁၁၆၊ ၁၁၁။

၂။ စဝ်ထွန်းမှတ်ဝင်း၊ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ မုဒြာများ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၈၆၊ စာ-၄၆၊ ၅၄၊ ၅၅။ (နောင်ကိုးကားလျှင် စဝ်ထွန်းမှတ်ဝင်း၊ မုဒြာများဟု ညွှန်းမည်။)

ဟန်တို့မှာလည်း များစွာပေါ်ထွန်းလျက်ရှိလာပေသည်။ တစ်ဖန် ယဉ်ကျေးမှုဟု ဆိုရာမှာလည်း အပြန်အလှန်ရောထွေးမှုများ၊ ရောထွေးလာရာမှ အသွင်သစ်အဖြစ် ပေါ်ထွက်လာခြင်းများလည်း ရှိကြပေရာ ဗုဒ္ဓယဉ်ကျေးမှုသည်လည်း မဟာယာန (မြောက်ပိုင်း)နှင့် ထေရဝါဒ (တောင်ပိုင်း)သည် လည်းကောင်း၊ ဗြဟ္မဏဟိန္ဒူနှင့် ဗုဒ္ဓယဉ်ကျေးမှုတို့သည်လည်းကောင်း၊ ရောထွေးလာသည်များရှိလာကြသည်။

ဤသဘောတရားအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ဗုဒ္ဓယဉ်ကျေးမှုတွင်လည်း –

မင်းဝတ်ဘုရား (အရိမေတ္တေယျဗောဓိသတ္တဟန်)

ဒက္ခိဏသာခါဘုရား (ဗောဓိသတ္တနှင့်ရတနာသမ္ဘဝပေါင်းဟန်)

ရှင်ဥပဂုတ္တမထေရ်ရုပ်ပွားတော်

သူရဿတီရုပ်တု (ဗြဟ္မာ၏ကြင်ယာတော်)

ဗြဟ္မာရုပ်တု (မျက်နှာ ၃ဖက်)

ကိတ္တိမုခ (ဘီလူးပန်းဆွဲ)

ကလသာအိုး (စေတီရံများ) စသည်တို့မှာ ဗြဟ္မဏဟိန္ဒူ၊ ဗုဒ္ဓဘာသာထေရဝါဒနှင့် မဟာယာနတို့သည် ရောယှက်လာပုံများ၏ ပြယုဂ်များအဖြစ် တွေ့မြင်ရမှာဖြစ်ပါသည်။ ဆိုင်ရာယဉ်ကျေးမှုအသီးသီးတို့မှာလည်း ပဋိပက္ခမရှိဘဲ ရောပြွန်းဖြစ်တည်လျက်တွေ့ရသည်။

ဤသို့ဖြင့် ကာလရွေ့လျောလာသည်နှင့်အမျှ နောက်ပိုင်းဗုဒ္ဓဘာသာဝင်များသည် ယဉ်ကျေးမှုတွင် အသွင်သဏ္ဌာန်အလုံးစုံကို တစ်ခုတည်းအဖြစ်သာ မှတ်ယူလိုက်ကြတော့သည်။ သို့ဖြစ်၍ ဒက္ခိဏသာခါရုပ်ပွားတော်ဟန်သည်လည်း မဟာယာနဗုဒ္ဓယဉ်ကျေးမှုအသွင်ပေါ်တွင် အခြေခံထားကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံသို့ မဟာယာနဗုဒ္ဓဘာသာမည်သို့ရောက်ရှိလာခဲ့ပုံကို ဆက်လက်တင်ပြရန် လိုအပ်ပါလိမ့်မည်။

ထေရဝါဒဗုဒ္ဓဘာသာသည် ပိဋကတ်ကျမ်းဂန်တို့၌ ပါဠိစာပေအပေါ် မှီတည်၍ မဟာယာန ပိဋကတ်မူများမှာမူ သက္ကတစာပေအပေါ် မှီတည်ခဲ့ကြသည်။ သို့ဖြစ်၍ သက္ကတဘာသာစကားပိုင်ရှင်ဖြစ်သော ဟိန္ဒူဗြာဟ္မဏဝါဒမှ စာပေ၊ ယဉ်ကျေးမှုအစုစုတို့သည် မဟာယာန ဗုဒ္ဓဘာသာတွင်းသို့ ဆက်လက်စီးမျောစေပါသည်။ အိန္ဒိယအနောက်မြောက်ဘက်သို့ ဂရိတို့ ကျူးကျော်ခဲ့ပြီးနောက် ယင်းတို့နှင့်အတူ ရှေးဟောင်းပါရှား (ယခု–အီရန်)တို့၏ တစ်ဆူတည်းသောနတ်ဘုရား၏ တမန်တော် "ဇိုရိုးစတားယုံကြည်မှု(Zoroastrianism) သည် အိန္ဒိယသို့ရောက်ရှိလာခဲ့ပြီး ဗုဒ္ဓဘာသာနှင့် ရောပြွန်းလာကာ ဘုရားလောင်းဗောဓိသတ္တ အယူအဆဖြစ်ပေါ်လာခဲ့ကြောင်း ပါမောက္ခ အေ၊ အယ် ဘာရှန်က လေ့လာသိရှိခဲ့သည်။[၁] ဤသို့ဖြင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဗုဒ္ဓအယူအဆမှာ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးသို့ရောက်ရှိလာကြောင်း "မိလိန္ဒပဉှာ" ကျမ်းတွင် ဖော်ပြထားသည်လည်း ရှိပေ၏။

တစ်ဖန်ထေရဝါဒဗုဒ္ဓ ဘာသာကမူ ဂေါတမဗုဒ္ဓဘုရားရှင်အပေါ် ပဓာနပြုဆည်းကပ်ကိုးကွယ်၍ မဟာယာနတို့ကမူ ဗောဓိသတ္တ (ဘုရားလောင်း) အပေါ် အာရုံပြုနေကြသည်။ စင်စစ်အားဖြင့် ဘုရားလောင်းဟုဆိုရာမှာ မြန်မာဗုဒ္ဓဘာသာဝင်များ သိနားလည်ထားသော ဂေါတမဗုဒ္ဓဘဝသို့မရောက်မီ ဗုဒ္ဓအလောင်းအလျာ (ယခင်နစဉ်ဘဝများ) ဆိုသည့်သဘောထက် ကောင်းကင်ရှာနိဗုဒ္ဓ (၅)ဆူတို့က ဖန်ဆင်းပေးထားသော သားတော်များ (Son of Divine-Buddha) သာ ဖြစ်ပါသည်။ ယေရှုခရစ် (Jesus Christ) ကဲ့သို့သော တမန်တော် (the Messiah) သဘောသာလျှင်ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဗောဓိသတ္တများသည် လောကအား စောင့်ရှောက် မစ (Salvation) ပေးမည့်တမန်တော်သာလျှင် ဖြစ်ကြောင်း သိရပါမည်။

---

၁။ A.L. Basham. India,p.274

## မြန်မာနိုင်ငံရောက် မဟာယာနအသွင်များ

မြန်မာသည် သမိုင်းတင်ခေတ်သို့ ခရစ်နှစ်အစောပိုင်းကာလမှ စတင်လာခဲ့သည်ဟု သမိုင်းသုတေသန ပညာရှင်များက အစဉ်အဆက် လက်ခံခဲ့ကြသည်။ မြို့ရိုးတိမ်းစောင်းပုံပေါ် တွက်ချက်နိုင်မှုအရ ရှေးဟောင်း ပျူမြို့ပြနိုင်ငံများသည် ခရစ်ကြိုနှစ် (၂)ရာစု ဘီစီသို့ ထပ်မံနောက်ဆုတ် သွားကြောင်း သိရပါသည်။ သရေခေတ္တရာ (ပျူ)မြို့ဟောင်းမှ ကြေးသွန်း အဝလောကိတေသွာရ ရုပ်ထုများကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ပုဂံအာနန္ဒာဘုရားမှ (၁)ဆူအပါအဝင်ဖြစ်ပြီး စုစုပေါင်း (၆)ဆူမျှ တွေ့ရှိခဲ့ရ သည်။ အလောင်းစည်သူ (Jeyyasura I ၁၁၁၃-?၁၁၆၀) လက်ထက် ၁၁၃၁ တွင် ရွှေဂူကြီးဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။ အဆိုပါ ရွှေဂူကြီးဘုရားပါဠိကျောက်စာတွင် အရိမေတ္တေယျ၏ ကယ်တင်ခြင်းကို ရလိုကြောင်း ဆုတောင်းစာပါရှိ၏။ ထို့အပြင် ရာဇကုမာရ်ကျောက်စာ အပါအဝင် ပုဂံကျောက်စာအများအပြား၌ **"မေတ္တေယျ" ကို မဖူးရစေဖို့** ကျိန်စာများတွင် ဖော်ပြသောဓလေ့လည်းရှိသည်။ လောကထိပ်ပန် ဂူဘုရားမှ စသော ပုဂံခေတ်ဘုရားများအတွင်းရှိ ဖွားတော်မူခန်း "ဗုဒ္ဓဝင် နံရံဆေးရေးပန်းချီကားများသည် **ခါးဆစ်မှ ဖွားတော်မူပုံ** မဟာယာန ဟန်များပင်ဖြစ်ပါသည်။

အနုရုဒ္ဓမဟာရာဇ (အေဒီ ၁၀၄၄–၁၀၇၇)၏ အုတ်ခွက်ဘုရားများ တွင် ဆုတောင်းစာများပါရှိရာ "မေတ္တေယျ" ဗောဓိသတ္တဘုရားလောင်း သို့ ဆုတောင်းစာများပါရှိနေပါသည်။ မဟာယာနဆိုင်ရာ နံရံဆေးရေး ပန်းချီအများဆုံးကို **အပယ်ရတနာဂူ**ဘုရားတွင် တွေ့ရှိရသည်။ ထို့အပြင် ဗောဓိသတ္တဘုရားလောင်းပုံတို့ကို မြင်းကပါ ဂူပြောက်ကြီးဘုရား၊ မင်းနံသူ မှ **ဘုရားသုံးဆူနှင့် နန္ဒမညာဘုရား**တို့တွင်လည်း တွေ့ရသည်။ အပယ် ရတနာရှိ ဗောဓိသတ္တဘုရားလောင်ပုံတို့မှာ ဆုပေးဟန် (ဝရဒမုဒြာ) လက်တော်၊ ဝဲလက်ဖြင့် ကြာပွင့်ကိုင်ထားဟန်၊ ကြာပလ္လင်ထက်ဝယ်

ခြေတစ်ဖက်ချဟန် (လလိတာသန)၊ တည်ကြည်ငြိမ်းချမ်းသော နုပျိုသော မျက်နှာသွင်ပြင်တို့အဖြစ် ရေးဆွဲထား၏။

အပယ်ရတနာဂူမှာပင် "တာရာဒေဝီ"ပုံကိုလည်း ရှုမြင်ရပေသည်။ မိဖုရားတို့၏ ကိုယ်ဝတ်တန်ဆာများ ဆင်ယင်၍ ခြေတစ်ဖက်တင် တစ်ဖက်ချထိုင်ဟန် တာရာဒေဝီ၏ ဝဲနှင့်ယာဖက်တို့၌ ကြာပန်းတို့ကို ရေးဆွဲထားသည်။ ယိမ်းနွဲ့သည့်ကိုယ်ဟန်၊ ခါးသေးရင်ချီသဏ္ဌာန်နှင့် ကြည်လင်ရွှင်ပျသော မျက်နှာတို့အဖြစ် ပုံဖော်ရေးဆွဲထားသည်။ ပုဂံ၊ မင်းနန်သူရပ်၊ ဘုရားသုံးဆူတွင် ဗောဓိသတ္တနတ်သားနှင့်နတ်သမီးပုံတို့လည်း ရှိသည်။ လောကဥသျှောင်ဘုရားတွင် လက်ရစ်ဖက်ပါသော ဝဇီရပါဏိဗောဓိသတ်ပုံတော်ကို တွေ့မြင်နိုင်ပါသည်။[၁]

အင်းဝခေတ်သို့ရောက်သောအခါ မဟာယာန၏ အချို့သော စာပေကျမ်းဂန်များရှိလာကြောင်း တက်နွယ်ကျောင်းကျောက်စာ (အေဒီ ၁၄၄၃)အရ သိရသည်။ ယင်းတို့မှာ–

နျာယဗိန္ဒုနှင့် ယင်းကျမ်း၏ဋီကာအဖွင့်
ဟေတုဗိန္ဒုနှင့် ယင်းကျမ်း၏ဋီကာအဖွင့်
မြတ္ယူဝဋ္ဌန


မဟာကာလစက္ကြီနှင့် ယင်း၏ဋီကာအဖွင့်ကျမ်းများ[၂]ကို တွေ့ရသည်။ မဟာကာလစက္ကသည် တိဗက်မဟာယာနကျမ်းဖြစ်ပြီး သက္ကတမှ တရုတ်ဘာသာသို့ ပြန်ဆိုထားသည်များရှိသည်။ နျာယဗိန္ဒုသည်လည်း တိဗက်ဘာသာပြန်ကျမ်းများဖြစ်သည်။ မူရင်းမှာ တောင်ပိုင်းအိန္ဒိယ၊ စောဠမင်းနိုင်ငံရှိ အာစာရိယဓာမကီရိတိ (အေဒီ ၆၃၅–၆၅၀)၏ ကျော်ကြားသောကျမ်းတစ်စောင်ပင်ဖြစ်သည်။ ထိုကျမ်း၏ အဖွင့်ဋီကာတို့ကို

---

၁။ ရှေးရိုးမြန်မာပန်းချီ ရန်ကုန်ရှေးဟောင်းသုတေသနဦးစီးဌာန၊ စာ–၁၂–၁၅။
၂။ ဦးငြိမ်းမောင် (ကူးယူတည်း)၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဉ္စမတွဲ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၉၈၊ စာ–၃၂၊ ကြောင်းရေ ၁၀၊ ၁၁၊ ၁၃၊ (နောင်ကိုးကားလျှင် ငြိမ်းမောင်၊ ရှေးမြန်ကျောက်ဟု အတိုညွှန်းမည်။)

နာလန္ဒမှ နိတဒေဝ (ခန့်-၆၇၅)နှင့်အာစရိယတမေတ္တရ (ခန့်-၈၅၀)တို့က ရေးခဲ့၏။ မြတျုဝဍ္ဍနကျမ်းမှာလည်း တန္တရမဟာယာနဒဿနကျမ်းပင် ဖြစ်ပါသည်။[၁]

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားသော မြန်မာတွင် ဗြဟ္မဏဟိန္ဒူနှင့် မဟာယာနရောယှက်မှုများမှာလည်း သမိုင်းတွင် ရှိနေခဲ့ကြောင်း တွေ့ရသည်။ သို့သော် မဟာယာန သက္ကတဘာသာ ဗုဒ္ဓရုပ်ပွားတော် စနစ်ကျမ်းများဖြစ်သည့် **သာဓနမာလာကျမ်း** (အေဒီ ၁၁၆၅)၊ **နိပ္ဖန္နယောဂါဝလိကျမ်း**[၂](၁၀၈၄-၁၁၃၀)ကဲ့သို့ ကျမ်းများမြန်မာသို့ ရောက်ရှိလာခဲ့ခြင်းမျိုးမတွေ့ရပါ။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုရှိ ဗုဒ္ဓ ရုပ်ပွားတော်ဟန်များမှာ မဟာယာနဗုဒ္ဓရုပ်တုတော်ကဲ့သို့ အသွင်သည် အလွန်ရှားပါးလှပါသည်။ ဤအချက်ကို သုံးသပ်ကြည့်ပါလျှင် ယဉ်ကျေးမှုတွင် စာပေသည် မူလအရင်းအမြစ်ဖြစ်နေပြီး ယဉ်ကျေးမှု၏ အဓိကကျောရိုးလည်း ဖြစ်ပါတော့သည်။



ဆန်ချီစေတီ

၁။ Nihar Rajan Ray, **Sanskrit Buddhism in Burma.** Amsterdom H.J.
၂။ စဝ်ထွန်းမှတ်တမ်း၊ မုဒြာများ၊ စာ-၂၁-၂၂။
ဩဘာသဘိဝံသ၊ သုပြမာန်၊ စာ-၁၄။

၂၈၂၄၈



ပုံ (၁. ၁) အသောကမင်းနှင့် ပရိသတ်တို့က မဟာဗောဓိပင်သို့ ဖူးမြင်နေကြပုံ
(ဆန်ချီစေတီအရှေ့မုခ်၊ ဘီစီ (၂)ရာစု၊ အိန္ဒိယအလယ်ပိုင်းဒေသ)
Vidya Dehejia, ed. **Unseen Presencew, the Buddha and Sanchi**,1996



ပုံ (၁၀၂) ဗုဒ္ဓဦးခေါင်းတော်၊ (၅)ရာစု၊ ဂန္ဓာရဟာန်
ဝိတိုရိယနှင့် အဲဗာ (တ်)ပြတိုက်၊ လန်ဒန်မြို့
The Way of the Buddha, India Govt., 2500 BE.p.127



ပုံ (၁၀၃)

ဓမ္မစက္ကမုဒြာ၊ မိဂဒါဝုန်၊ အေဒီ (၅)ရာစု၊ သဲကျောက်၊ စရ်နသ် (Sarnath) ဒေသ၊ ဂုပ္တခေတ်၊ စရ်နသ်ရှေးဟောင်းသုတေသနပြတိုက်



ပုံ (၁၀၄)

ဓမ္မစက္ကမုဒြာ၊ ဗုဒ္ဓရုပ်ပွားတော် (၃)ရာစု ဂန္ဓာရခေတ်၊
၂ရလက်မအမြင့်၊ ပါကစ္စတန်နိုင်ငံ



ပုံ (၁.၅)

ဗုဒ္ဓရုပ်တော်မူ၊ ဂုပ္တဟန်၊ မထုရာဒေသ၊ အိန္ဒိယ

*Indian Temples And Sculpture*, pl.90



ပုံ ၁ ◦ ၆ (က) မယ်တော်မာယာ အိပ်မက်မြင်မက်ခန်း၊ ဗုဒ္ဓဝင်



ပုံ ၁ ◦ ၆ (ခ) မောရိယကျောက်တိုင်၊ စရ်နာသ်ဒေသ၊ အိန္ဒိယ



ပုံ ၁ . ၆ (ဂ) ဗုဒ္ဓရုပ်ပွားတော်၊ ရွှေဒင်္ဂါး၊ ဂရိဟာန်၊ အေဒီ (၁)ရာစု၊ အိန္ဒိယအနောက်မြောက်



ပုံ ၁ . ၆(ဃ) မိလိန္ဒမင်း၏ ငွေဒင်္ဂါး (၂)ရာစု ဘီစီ၊အိန္ဒိယအနောက်မြောက်



ပုံ (၁.၇)
ဖွားတော်မူခန်း၊ ပုဒ္ဓဝင် အိန္ဒိယ၊ နာလန္ဒာဒေသ



ပုံ (၁.၈)

ပုဂံခေတ်၊ ခါးဆစ်မှဖွားတော်မူဟန်၊ ဗုဒ္ဓဝင်၊ ကျောက်ဆစ်လက်ရာ၊

အာနန္ဒာဘုရား

မင်းဘူးအောင်ကြိုင်၊ **အာနန္ဒာ** စာ–၁၅၇၊ ၁၆၀။ ၁၆၂၊ ၁၈၈၊



ပုံ (၁၀၉)

**ဗုဒ္ဓရုပ်ပွားတော်၊ ပြုလမ္ဘာသနဟန်**

သဲကျောက်အမျိုးအစား၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်

(ကိုယ်တိုင်ရိုက်ကူးပါသည်)



ပုံ (၁ . ၁၀)

**အဝလောကိတေသွာရ ဘုရားလောင်းပုံ၊**

နံရံဆေးရေးပန်းချီ အပယ်ရတနာ ဂူဘုရား၊ ပုဂံခေတ်၊

ဦးမြ၊ **အဘယ်ရတနာလိုဏ်**၊ ပုံ (၈၈)



ပုံ (၁ . ၁၁)

[ရတနာသမ္ဘဝ ချာနီဗုဒ္ဓဟန်]

ဘေသဇ္ဇဂုရု (၁၊ မေ ၁၈၀၉) ဘုတလင်မြို့နယ်၊ စိုင်ပြင်ရွာ

[၂၀၀၂ ခုနှစ်တွင် ဒေါက်တာခင်သီတာ၊ လ/ထကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်ထံမှ ရရှိသည်။]



ပုံ (၁ . ၁၂) ဝရဒမုဒြာဟန်၊ ဗုဒ္ဓရုပ်ပွားတော်

Swati Chopra, **Buddhism,** Cover Story



ပုံ (၁ ● ၁၃)

**အဝလောကိတေသွာရ ဗောဓိသတ္တဘုရားလောင်းပုံ၊**
**ပျူခေတ်၊ သရေခေတ္တရာမြို့ဟောင်း**

(ဦးစိန်မောင်ဦး၊ သရေခေတ္တရာမြို့ဟောင်း၊ ပညာပဒေသာစာစောင်)
အတွဲ (၃)၊ အမှတ် (၁)



ပုံ (၁ ‧ ၁၄)

ဘူမိဖဿမုဒြာဟန်၊ ဗုဒ္ဓရုပ်ပွားတော်၊ ရွှေထည်ခေါင်းပွ၊ အမြင့် (၇)လက်မ၊
ရန်ကုန်၊ ကျောက်တန်းစာတိုက်ဝန်း၊ အလေးချိန် (၄)ကျပ်၊ (၅)ပဲသား၊
(၁၈. ၁၁. ၂၀၁၁နေ့ ကိုယ်တိုင်ရိုက်ကူးသည်)



ပုံ (၁ . ၁၅)

အဘယ (ညာ)၊ ဝရဒ (ဘယ်) မုဒြာဟန်ဗုဒ္ဓရုပ်ပွားတော်၊ ရှေးမွန်ဟန်၊ အမြင့် (၈)လက်မ၊ ကြေးသွန်း၊ ရန်ကုန်၊ ကျောက်တန်းမြို့နယ်၊ စာတိုက်ဝန်း (၁၄. ၁၁. ၂၀၁၁)နေ့ တူးဖော်တွေ့ရှိမှု (၁၈. ၁၁. ၂၀၁၁)နေ့ ကိုယ်တိုင်ရိုက်ကူး




ပုံ (၁ • ၁၆)

ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်၊ အဘယမုဒြာ၊ အေဒီ ၁၃ ရာစုနှစ်၊ ရွှေဟောင်းမွန်၊
ကော့ဂွန်းဂူ၊ ဘားအံမြို့အနီး၊ ကရင်ပြည်နယ်
(ကိုယ်တိုင်ရိုက်ကူးသည်)




**ပုံ (၁ • ၁၇)**


မင်းဝတ်ဘုရား၊ ဘူမိဖဿမုဒြာ၊ အေဒီ ၆–ရာစု၊ ရှေးဟောင်းမွန်၊
ကော့ဂွန်းဂူ၊ ဘားအံမြို့အနီး၊ ကရင်ပြည်နယ်
(ကိုယ်တိုင်ရိုက်ကူးသည်)




ပုံ ၁ . ၁၈ (က)
လက်ကြွက်ထိဘုရား (ပင်းဒယဂူ)



ပုံ ၁ . ၁၈ (ခ)
လက်ခြင်္သေ့ထိဘုရား (ပင်းဒယဂူ)



ပုံ ၁ . ၁၈ (ဂ)
လက်ဆင်ထိဘုရား (ပင်းဒယဂူ)



ပုံ ၁ . ၁၈ (ဃ)
လက်ဇီးကွက်ထိဘုရား (ပင်းဒယဂူ)



ပုံ (၁ • ၁၉) မဟာပရိနိဗ္ဗာန်ပြုပုံ၊ GaL ဝိဟာရ၊ သီရိလင်္ကာ၊ ၁၂ ရာစုအေဒီ The Way of Buddha, p.112

# စာပေနှင့် သမိုင်းဆိုင်ရာသုတေသန

# ဒက္ခိဏသာခါ၏ ဝေါဟာရနှင့်သမိုင်း

## ဝေါဟာရအဖွင့်

“ဒက္ခိဏသာခါ”သည် ပါဠိနှင့် သက္ကတဘာသာများမှ ဆင်းသက်လာပါ၏။ ‘ဒက္ခိဏ’သည် တောင်ဘက်အရပ်ဟုလည်းကောင်း၊ လက်ျာဘက်ဟု လည်းကောင်း၊ ဒါနအထူးထူးဟု လည်းကောင်း၊ လက်ဆောင်ပဏ္ဏာအဖြစ် လည်းကောင်း၊ အဓိပ္ပာယ်ရပါသည်။ ပါဠိဘာသာ၌ ‘ဒက္ခိဏ’ ဟုဆို၍ သက္ကတတွင် ‘ဒက္ခိဏာ’ (Dakshina)ဟု တွေ့ရသည်။ ‘သာခါ’သည် သစ်ကိုင်း၊ သစ်ခက်သာလျှင်ဖြစ်သည်။[၁] သို့သော် ‘ဒက္ခိဏသာခါ’ ဟူ၍ မည်သည့် ပါဠိ၊ သက္ကတအဘိဓာန်တို့ကမျှ တစ်ပုဒ်တည်းအဖြစ် ဖော်ပြခြင်းမရှိပါ။ အင်္ဂလန်နိုင်ငံ ပါဠိအသင်းတော် (Pali Text Society)မှ ဂျီ၊ပီ၊မလလသေကေရ (G.P Malalasekera)၏ ကမ္ဘာကျော် ပါဠိအဘိဓာန် (*Dictionary of Pali Proper Names*)[၂] မှာပင် “ဒက္ခိဏသာခါ”ဟု တစ်ပုဒ်တည်း ဖော်ပြထားခြင်းမရှိပါ။

“ဒက္ခိဏသာခါ” ဟု တွေ့ရသည်မှာ သီရိလင်္ကာရှိ ပါဠိရာဇဝင်ကျမ်းများဖြစ်ကြသော–

အရှင်မဟာနာမ (၄၀၉-၄၃၁)၏ မဟာဝံသနှင့် စူဠဝံသကျမ်း မဟာဝိဟာရသီမထေရ်၏ ဒီပဝင်၊ ထူပဝင်နှင့်နလာဋဓာတုဝင်ကျမ်း

---

၁။ (က) Davids, **PED**, pp. 311, 702.

(ခ) Arthur Anthony Macdonell, **A Practical Sanskrit Dictionary**, London, Oxford University Press, 1954, p.115. (နောင်ကို Macdonell **APSD** ဟု အတိုညွှန်းမည်။)

(ဂ) မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ (၂)၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉၊ စာ-၁၇၇

၂။ G.P Malalasekera, **Dictionary of Pali Proper Names**, Vol.I.A-DH, Munshiram Manoharalal, 1937, pp.1044,1049,1050,1051

ရှင်မဟာဥပတိဿမထေရ်၏ ဗောဓိဝင်ကျမ်းစသည်တို့၌ ဖော်ပြပါရှိ၏။ ဗုဒ္ဓဂေါတမဘုရားအဖြစ်သို့ရောက်ရှိသည့် ဗုဒ္ဓဂယာ ဗောဓိညောင်ကို သီရိလင်္ကာနိုင်ငံ၊ အနုရာဓပူရသို့ ယင်းဗောဓိပင်၏ တောင်ဘက်အကိုင်းအား ပင့်ဆောင်ပူဇော်ခဲ့ရာမှ သီရိလင်္ကာရှိ မဟာ ဗောဓိပင်ကို "ဒက္ခိဏာသာခါ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ပါမောက္ခဒေါက်တာ အောတိုကရော[၁] (Otto Karow, 1913-1992)က ဒက္ခိဏာသာခါရုပ်ပွားတော်ကို ထိုင်းနိုင်ငံမြောက်ပိုင်းတွင်လည်း တွေ့ရှိရပြီး "ဗောခမ်း" (Bau Kham)ဟု ခေါ်သည်ဟု ဆိုသည်။

ကုန်းဘောင်ခေတ်ပေမူတစ်ဆူဖြစ်သော "ဗောဓိပင်နှင့် သီဟိုဠ်ကျွန်းသွားမှတ်တမ်း"တွင်လည်း အနုရာဓပူရရှိ ဗောဓိပင်ကိုပင် "ဒက္ခိဏာ သာခါ"ဟုသာ ဆိုကြောင်း -

> ... နန်းအရှေ့က ဘုံပြသာဒ်နှင့် စွယ်တော်ကိုထား၏။
> စွယ်တော်ထားသည့် မြောက်အလံသုံးဆယ် [ကိုက်- ၆၀] ချားရာအရပ်တွင် "ဒက္ခိဏာသာကာပင်"ရှိ၏။

ဟူ၍ တွေ့ရပါသည်။ ထို့ကြောင့် "ဒက္ခိဏာသာခါ"သည် သီရိလင်္ကာ နိုင်ငံ အနုရာဓပူရမြို့ရှိ မဟာဗောဓိပင် (ပရိဘောဂစေတီ)ကိုသာလျှင် လုံးဝရည်ညွှန်းနေကြောင်း ထပ်မံတွေ့ရပါသည်။[၂]

တစ်ဖန် 'ဒက္ခိဏာ'သည် လက်ျာဘက်၊ တောင်ဘက်ဟူသော အနက်အဓိပ္ပာယ်အပြင် -

---

၁။ ဂျာမနီနိုင်ငံ၊ ဖရန်း(စ်)ဖာ့(တ်)တက္ကသိုလ်၊ယဉ်ကျေးမှုနှင့် ဒဿနိကဗေဒ၊ အရှေ့ဖျား အာရှနှင့် အရှေ့တောင်အာရှကျွမ်းကျင်သူ ဂုဏ်ထူးဆောင် ပါမောက္ခဖြစ်ပါသည်။ ဓာတ်ပုံမှတ်တမ်းတင်သူမှာ Dr. John Jöger ဖြစ်သည်။
Otto Karow, **Burmese Buddhist Sculpture: the Johan Möger Collection**, Bangkok, White Lotus Press, 2003.pp.96-99

၂။ ဗောဓိပင်နှင့် သီဟိုဠ်ကျွန်းသွားမှတ်တမ်း အမျိုးသားစာကြည့်တိုက်ပေမူ အမှတ်-တင်၊ ၅၂၊ က-ဝမ်းချပ်၊ ကြောင်းရေ-၈။

| | |
|---|---|
| အပြစ်ကင်းသော<br>သန့်ရှင်းဖြူစင်သော<br>ရိုးဖြောင့်သော | (honest) |
| နှစ်လိုဖွယ်ကောင်းသော | (amiable) |
| လက်ဆောင် | (gift) |
| ထင်ရှားသော<br>စွမ်းဆောင်နိုင်သော | (able) |

ဟူသည့် အဓိပ္ပာယ်များလည်းရှိပါသည်။ သို့ဖြစ်၍ အရှေ့၊ အနောက်၊ တောင်နှင့် မြောက်အရပ် (၄)မျက်နှာအနက် **တောင်အရပ်** 'ဒက္ခိဏ'ကို ရွေးချယ်လာခြင်းဖြစ်ပါလိမ့်မည်။

"သာခါ"(*Sākhā*) ဟူသည်မှာလည်း "သစ်ကိုင်း"ဟူသည့် အဓိပ္ပာယ်အပြင် –

အစွန်အဖျား (extremity)

လက်မောင်း (arm)

လက်ချောင်း (finger)

ဝေဒအခွဲ (၁)ခု (branch of Veda)

ဝေဒကျောင်း (Veda School) ဟု အဓိပ္ပာယ်များလည်း ရှိပါသည်။ ထို့ကြောင့် ဒက္ခိဏသာခါသည် "မဟာဗောဓိပင်၏တောင်ကိုင်း" ဟူသော အဓိပ္ပာယ်အပြင် –

"အပြစ်ကင်းသော၊ သန့်ရှင်းဖြူစင်သောသစ်ကိုင်း"

အစွမ်းထက်သောသစ်ကိုင်း

နှစ်လိုဖွယ်ကောင်းသောသစ်ကိုင်း

လက်ဆောင်ဖြစ်သော သစ်ကိုင်း[၁]

၁။ Macdonell, **APSD**,p.115

ဟူသော အဓိပ္ပာယ်လည်း သက်ရောက်ပါဦးမည်။ "သာခါ" (*Sākhā*)နှင့် အလွန်နီးကပ်နေသော "သာခ"(*Sākha*)ဟု ဆိုပါလျှင် ဒက္ခိဏာသာခါ အတွက် နိရုတ္တိကဗေဒ (ဝေါဟာရအရင်းအမြစ်လေ့လာပညာ)ဘက်မှ စဉ်းစားဖွယ်ရာများရှိလာမှာ ဖြစ်သည်။ ထို့အပြင် အယူအဆ (အနုမာန) ပိုင်းမှာလည်း ပြောင်းလဲသွားနိုင်ကြောင်းတွေ့ရသည်။ အကြောင်းမှာ "သာခ" (*Sākha*)ဟူသည်မှာ –

... သကန္ဒနတ်ရုပ်သွင်

(a manfestation of Skanda)

ဟု အဓိပ္ပာယ်ရပါမည်။ တစ်ဖန် သကန္ဒ (Skanda')၏ အခြား အဓိပ္ပာယ် များမှာလည်း –

သစ်ကိုင်းဖျား (branching tap)

သစ်ပင်မကိုင်း (crown of a tree)

ပင်စည်၏ကိုင်းခွဲ (branching part of the stem)

သစ်ပင်၏ပင်စည် (trunk of a tree)

ဟုပင် အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် "သာခ"သည်လည်း "သစ်ကိုင်း" ဟုဆိုလျှင် မှန်ပါဦးမည်။ သို့သော် "သကန္ဒ"သည်

သီဝနတ်မင်း၏သား (son of Siva)

အဂ္ဂနိ(မီးနတ်)၏သား (son of Agni)

စစ်နတ် (god of war)

ထာဝရနုပျိုနေသူ (eternal youth)

ကလေးများကို မာတြာဖမ်းစားတတ်သော မိစ္ဆာနတ်မှူး[၁] (Chief of the demons of disease which attack child)

ဟူ၍ သက္ကတအဘိဓာန်က အဓိပ္ပာယ်ဖွင့်ပါသည်။ ထို့ကြောင့် "ဒက္ခိဏာ

၁။ Macdonell, APSD, pp.311,361

သာခ''ဟူ၍ ယူပါလျှင် အဆိုပါ ရုပ်ပွားတော်သည် ဟိန္ဒူဗြာဟ္မဏဆိုင်ရာ (သီဝဂိုဏ်း)အယူအဆတစ်ရပ်ဟု ဆိုစရာရှိလာပါသည်။ မြန်မာယုံကြည်မှုတွင် ကလေးသူငယ်များ နေထိုင်မကောင်းသည့်အခါ ''မာတြာ'' ဖမ်းစားသည်ဟုယုံ၍ ခေါစာ ပစ်လေ့ရှိပါသည်။ အဆိုပါ ''မာတြာ''နတ်များတွင် သကန္ဒနတ်ပါရှိကြောင်း တွေ့ရ၏။ ဒက္ခိဏသာခါရုပ်ပွားတော်မှာလည်း (၃)လသား ကလေးအသွင်ဟု ဆိုပါသည်။ တစ်ဖန် ''မီးကွင်း''သည်ဟု ယုံကြည်ပါသည်။ ဒက္ခိဏသာခါသည် မီးနတ်၏သားဖြစ်သောကြောင့်၊ မာတြာနတ် ဖြစ်ခြင်းကြောင့် ဤကဲ့သို့ ယုံကြည်မှုဖြစ်ပေါ်လာမည်လောဟု မှန်းဆမိပါသည်။ သို့ဖြစ်၍ 'ဒက္ခိဏသာခ'ဟု ဆိုလျှင် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်မှုမရှိတော့ဘဲ ဟိန္ဒူဗြာဟ္မဏယုံကြည်မှုအဖြစ် ယူဆဖွယ်ရာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ''ဒက္ခိဏသာခ''သည် ဗြာဟ္မဏယုံကြည်မှုမှ ''သကန္ဒနတ်ရုပ် ပုံ'' ဟူ၍ ဆိုနိုင်ပါဦးမည်။

အဆိုပါဗြာဟ္မဏဟိန္ဒူနတ်''သကန္ဒ''သည် မဟာယာနဗုဒ္ဓ ဘာသာသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ မဟာယာနတွင် ဓမ္မကို စောင့်ရှောက်ပေးသည့် ''သကန္ဒဗောဓိသတ္တ''ဟုလည်းကောင်း၊ နတ်တို့သနင်း သိကြားမင်း အရာဌာနအဖြစ်လည်းကောင်း ထင်ပေါ်လာခဲ့သည်။[၁] ထို့အပြင် သကန္ဒသည် တရုတ်မဟာယာနတွင် နတ်စစ်သူကြီးလည်း ဖြစ်ပေ၏။

တစ်ဖန် စဝ်ထွန်းမှတ်ဝင်း (၁၉၂၅-၂၀၁၀)က ဒက္ခိဏသာခါ၏ အရင်းအမြစ်ကိုကြံဆရာ၌ ဟိန္ဒူဗြာဟ္မဏယုံကြည်မှုရှိ သီဝဂိုဏ်းနှင့် ဗိဿနိုး ဂိုဏ်းတို့တွင် ကိုးကွယ်သော ဒက္ခိဏမုတ္တိ (Dakshinamurthy)မှ ဆင်း သက်လာခဲ့ကြောင်းဆိုခဲ့သည်။[၂]ဒက္ခိဏမုတ္တိသည် သီဝနတ်ဘုရား

၁။ Skanda (Buddhism), Wikipedia, the free encyclopeida.

၂။ စဝ်ထွန်းမှတ်ဝင်း၊ မြန်မာ့ရှေးရာပဋိမာသိပ္ပံပညာ၊ အာသန၊ ဓါဟာနမြန်မာ့ရှေးရာ ဗုဒ္ဓယဉ်ကျေးမှုသမိုင်း၊ ရုပ်ပွားဆင်းတုတော်များနှင့် ပြုလုပ်စီရင်ပူဇော်နည်းများ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၀-စာ-၂၆၀။ (နောင်ကိုးကားလျှင် စဝ်ထွန်းမှတ်ဝင်း၊ အာသနဟု အတိုညွှန်းပါမည်)

သာ လျှင်ဖြစ်ပြီး သိဝ၏ဂုရု (ဆရာသခင်)၊ သို့မဟုတ် ဇာနာ (Jñāna)ခေါ်သော အသိဉာဏ်ပညာကို ကိုယ်စားပြုသော နတ်ပင်ဖြစ်ပါသည်။ ဒက္ခိဏာမုတ္တိသည်

- သမထအားထုတ်ခြင်းဆရာ
- ယောဂနည်းပြဆရာ
- ဂီတနည်းပြဆရာနှင့်
- သျှတ္တရကျမ်းတို့ကို ညွှန်ပြသူဆရာသခင်လည်းဖြစ်ပါသည်။

ဒက္ခဏိမုတ္တိသည် "တောင်ဘက်သို့မျက်နှာမူထားခြင်း"ဟု တိုက်ရိုက် အဓိပ္ပာယ်ရပါသည်။ သို့ဖြစ်၍ သိဝကျောင်းတော်များ၏ တောင်ဘက်သို့ လှည့်ထား၍ ညောင်ပင်အောက်၌ ထိုင်နေဟန် ဒက္ခိဏာမုတ္တိရုပ်ကို ထုလုပ်ပူဇော်ထားပါသည်။ ညာခြေကွေးထား၍ ဘယ်ခြေတစ်ဖက်ချဟန်၊ သမန်းမြက်စီး (Kusha grass)ကို ဘယ်လက်၌ ကိုင်ဟန်၊ ညာလက်ညှိုးနှင့် လက်မထိထားဟန် (ဇနမုဒြာ)၊ လက်လေးဘက်ပါရှိပြီး မီးလျှံ (a flame) ကိုင်ဟန်၊ စိပ်ပုတီးကိုင်ဟန်တို့ဖြင့် ပုံဖော်ထုဆစ်ကြပါသည်။ တစ်ခါတစ်ရံ အဘယမုဒြာဟန်ဖြင့်လည်း ပုံဖော်တတ်ကြသည်။[၁]

ဒက္ခိဏာမုတ္တိသည် ဂုရု(ဆရာသခင်)ဖြစ်ပြီး မသိမှုအဝိဇ္ဇာကို ပယ်သတ်ခြင်းနှင့် ပညာပုံရိပ်အဖြစ် ယုံကြည်ကြပါသည်။ လက်ညှိုး၊ လက်မ ထိဟန်မှာ ဘုရားရှင်နှင့် လူသားတို့၏ ထိတွေ့မှု၊ ကျန်လက်သုံးချောင်းမှာ အကုသိုလ်၊ လောဘ၊ ဒေါသ၊ မောဟတရားများကို ဆိုလိုစေပါသည်။

သို့ရာတွင် "ဒက္ခိဏာ နှင့် သာခ" ဟူသော ဝေါဟာရ (၂)ရပ်သည်တစ်ပေါင်းတည်းခေါ်ဝေါ်သုံးနှုန်းသည့် ဟိန္ဒူပြဟ္မဏာဆိုင်ရာ ရုပ်တုနှင့် ဝေါဟာရအသုံးမရှိပါ။ သို့ဖြစ်၍ ဒက္ခိဏာသာခါသည် ပြဟ္မဏာယုံကြည်

---

၁။ Jitendra Nath Banerjea, "Cult-Syncretism", **The Cultural Heritage of India**, Vol.IV, Culcutta, Institute of Culture, p. 311
ပုံ (၄•၁၀) နှင့် (၄•၁၁)

မှု အရင်းအမြစ်ဖြစ်ကြောင်းမှာ လက်ခံရန်ခက်ခဲပါလိမ့်မည်။ ထို့အပြင် ''သကန္တနတ်''မှ ရွှေ့လျောဆင်းသက်လာရာမှ ဒက္ခိဏာသာခါဖြစ်ပေါ်လာကြောင်းကိုလည်း ရုပ်တုဗေဒအရ လက်ခံနိုင်ဖို့ရန် မဖြစ်နိုင်ပါ။ အကြောင်းမှာ သကန္တနတ်ရုပ်တုဟန်သည် ဒက္ခိဏာသာခါနှင့် အလွန်ကွဲလွဲနေသောကြောင့်ပင်ဖြစ်ပါသည်။

အလားတူ ဒက္ခိဏာသာခါသည် သီဝနတ်စာရင်းဝင် ''ဒက္ခိဏာမုတ္တိ'' ရုပ်တုဟန်နှင့်လည်း ဟန်နှင့်ပုံစံများဖြင့် လုံးဝတူညီမှုမရှိကြောင်း နှိုင်းယှဉ်သိရှိနိုင်ပါသည်။ ထို့ကြောင့်ဒက္ခိဏာသာခါသည် ဝေါဟာရဗေဒနှင့် ဗြဟ္မဏဟိန္ဒူယုံကြည်မှုအရ နီးစပ်မှုရှိပါသော်လည်း ရုပ်တုဗေဒအရတွင် လက်ခံဖို့ မသင့်လှပါ။ သို့ဖြစ်၍ ဒက္ခိဏာသာခါသည် ဗြဟ္မဏဟိန္ဒူမှ အရင်းအမြစ်ဟု မဆိုလောက်သည့်တိုင် ဗောဓိညောင်နှင့်သမထ ကမ္မဋ္ဌာန်းတရားအားထုတ်သော သိဝ(ဂုရု)အသွင်ကို ဗုဒ္ဓဘာသာမှုပြုခဲ့ဟန်ရှိပါသည်။

## သီရိလင်္ကာသမိုင်းနောက်ခံ

ခရစ်ကြိုနှစ် ဘီစီ (၃)ရာစုအလယ်သို့ ရောက်သည့်အခါ သီရိလင်္ကာနိုင်ငံ၌ ဒေဝါနံပိယတိဿမင်း (ဘီစီ ၂၄၇-၂၀၇) နန်းစံစဉ်ကာလဖြစ်ပါသည်။ ထိုမင်းလက်ထက်တွင် အိန္ဒိယနိုင်ငံမောရိယဘုရင် အသောက (၂၆၉-၂၃၂ဘီစီ)၏ သားဖြစ်သူ **မဟိန္ဒမထေရ်**နှင့် သမီးဖြစ်သူ သံဃမိတ္တာထေရီ (၂)ပါးတို့က သီရိလင်္ကာသို့ သာသနာပြုကြွရောက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ သီရိလင်္ကာတွင် ဗုဒ္ဓသာသနာစတင်ပြန့်ပွားထွန်းကားစေခဲ့သည်။ သီရိလင်္ကာနိုင်ငံသို့ ပထမအကြိမ်အားဖြင့် မဟိန္ဒမထေရ်ကြွရောက်ခဲ့စဉ်မှာပင် ညီမတော် **သံဃမိတ္တာထေရီ**အား သီရိလင်္ကာသို့ကြွချီရန် ဒေဝါနံပိယတိဿ၏တူတော် အရိဋ္ဌမည်သော သံအမတ်ဦးဆောင်သည့်အဖွဲ့အား အိန္ဒိယရှိ ပါဋလိပုတ်ထီးနန်းသို့ ထပ်မံစေလွှတ်ခဲ့ရသည်။ ထို့နောက် သံဃမိတ္တာထေရီဦးဆောင်သော ဘိက္ခုနီ(ရဟန်းအမျိုးသမီး)အဖွဲ့သည် ဓမ္မလက်ဆောင်ဖြစ်သော မဟာဗောဓိပင်၏

တောင်ကိုင်း (ဒက္ခိဏာသာခါ) နှင့်တကွ တာမလိတ္တိဆိပ်ကမ်းမှ သီရိလင်္ကာဆိပ်ကမ်းသို့ ပင့်ဆောင်ရောက်ရှိခဲ့သည်။

သီရိလင်္ကာတွင် သံဃမိတ္တာထေရီသည် မင်း၏ညီတော်ဖြစ်သူ မဟာနာဂဥပရာဇမင်းသား၏ မိဖုရား အနုဠာဒေဝီအမှူးပြုသော နန်းတွင်းသူများကို ဗုဒ္ဓသာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်၍ ဘိက္ခုနီသာသနာကို သီရိလင်္ကာသို့ ရောက်ရှိစေခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗောဓိပင်တော်အား ကိုလံဘိုမြို့တော်၏မြောက်ဘက် (၁၂၇)မိုင်အကွာရှိ အနုရာဓပူရ၊ တဝက္ကပုဏ္ဏား၏ရွာသို့ ပင့်ဆောင်ပူဇော်ခဲ့သည်။ ထို့နောက် မျိုးစေ့(၈)စေ့မှ ပျိုးပင် (၈)ပင်အဖြစ် ထပ်မံစိုက်ပျိုး၍ သီရိလင်္ကာကျွန်းအနှံ့အပြား၌ စိုက်ပျိုးပူဇော်ခဲ့၏။[၁] ယခုအခါ အနုရာဓပူရတောင်ဘက် ဝဿဂီရိဒေသ ဇမ္ဗုကောလဝိဟာရ၌ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။ ဤသည်ကား ဒက္ခိဏာသာခါ မဟာဗောဓိဟု ခေါ်ဆိုပါ၏။

## ဗောဓိဝင်ကျမ်းအဆို

ဗောဓိဝင်ကျမ်းအရ မဟာဗောဓိပင်သည် အောက်ဖော်ပြပါနတ်တို့က ကိုယ်စီတာဝန်ဖြင့် စောင့်ရှောက်ကြရသည်ဟု ဖော်ပြပါရှိသည်။

၁။ (က) Prof.H.C. Ray & et. al., ***History of Ceylon;*** Vol.I, Colombo. Ceylon University Press, 1959, pp. 140, 142. (နောင် ကိုးကားလျှင် Ray. *Ceylon* ဟု အတိုကောက်ညွှန်းမည်။)

(ခ) ကျီးသဲလေးထပ်ဆရာတော်၊ မဟာဝင်ဝတ္ထုတော်၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၂၀၁၁၊ စာ-၂၅၄-၂၅၅။

(ဂ) ရှင်ဥပတိဿမထေရ်ဗောဓိဝင်ဝတ္ထု၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၇၊ စာ-၆၂-၇၉ထိ။ (နောင်ကိုးကားလျှင် "ဗောဓိဝင်"ဟု အတိုညွှန်းမည်)

(ဃ) *The Mahāvaṃsa,* Trans. Wilhelm Geiger, Colombo, the Ceylon Government Information Department, 1950 reprint, pp. 99,125.100 "ဒက္ခိဏာသာခါ" တောင်ကိုင်းသားဟုဖော်ပြသည်မှာ မဟာဝင်ကျမ်း၌တွေ့ရသော်လည်း အလွန်နည်းပါးသည်။ သီရိလင်္ကာမှပညာရှင်များ၏ ရေးသားမှုတွင် မဟာဗောဓိပင်အကြောင်း အကျယ်ရေးသော်လည်း တောင်ဘက်ကိုင်းသားဟု အလေးထားဖော်ပြခြင်းမရှိပါ။

| | |
|---|---|
| ခြေတော်ရင်း | နဂါးမင်း |
| အထက်ဖျား | ဗြဟ္မာမင်း (Brahma) |
| အခက်အလက်များ | ဗိဿနိုးနတ် (Vishnu) |
| ပင်စည် | ဘုမ္မစိုးနတ်မင်း[၁] |
| အရွက်များ | ရသေ့တစ်ထောင်တို့က စောင့်ရှောက် |

ပေးရကြောင်း တွေ့ရသည်။[၂] အလားတူ ဟိန္ဒူဗြဟ္မဏတို့ကလည်း ဗောဓိပင်အား ဗိဿနိုးနတ်မင်း၏ မွေးဖွားရာနေရာ၊ ဘုံဗိမာန်၊ ကိုယ်စား ပြုသောအပင်ဖြစ်သည်ဟု ယုံကြည်သည်သာမက အောက်ဖော်ပြပါ ဗြဟ္မဏနတ်တို့က ဗောဓိညောင်အား ကိုယ်စီကိုယ်စားပြုစေပါသေး၏။

| | |
|---|---|
| ဗြဟ္မာ | အမြစ် |
| သိဝ | ပင်စည် |
| ဗိဿနိုး | အကိုင်းအခက်[၃] ဟူ၍ တွေ့ရသည်။ |

ဟိန္ဒူဗြဟ္မဏတို့က **ကိုးကွယ်ရန်ဗောဓိပင်ကို အကိုင်းအခက်များကို ခုတ်ယူသည်မှအပ ဗောဓိပင်အား ခုတ်လှဲခြင်းမပြုကြပေ။** ဤဟိန္ဒူဓလေ့သည် ဗောဓိပင်တောင်ကိုင်းသားဖြင့် ဘုရားထုလုပ်သော ဒက္ခိဏသာခါဓလေ့နှင့် များစွာနီးစပ်နေကြောင်းတွေ့ရသည်။ သို့ဖြစ်၍ **ဗောဓိပင်ကိုးကွယ်မှုနှင့် ဗောဓိသားကိုထုလုပ်ကိုးကွယ်သော ဓလေ့မှာ ဗုဒ္ဓဘာသာမပေါ်မီကပင် အိန္ဒိယရှေးဟောင်းယဉ်ကျေးမှု (ဗြဟ္မဏ ဟိန္ဒူယုံကြည်မှု)တွင် ရှိနှင့်နေကြောင်း တွေ့ရသည်။**

တစ်ဖန် သိဝနတ်သားဖြစ်သောဒက္ခိဏမာရ်တိသည် တောင်ဘက်သို့ မျက်နှာမူနေသော ဂုရုကြီးပင်ဖြစ်သည်။ အဆိုပါ ဒက္ခိဏမူာရ်တိပုံ


---


၁။ **ဘုမ္မဒေဝမှ** ဆင်းသက်လာသည်။ မြေစောင့်နတ်ဟု အဓိပ္ပာယ်ရပြီး သက္ကတတွင် **ဗြဟ္မာ**(Brahma)ပင်ဖြစ်သည်။ (Macdonell,**APSD**,P.208)

၂။ ဉပတိဿ၊**ဗောဓိဝံ**၊စာ-၄။

၃။ ဒေါက်တာသန်းထွန်း၊ **ကိုးကွယ်ရာအပင်နှင့် ပုံပြင်**၊ရန်ကုန်၊ ကျော်မွေးစာပေ၊ ၂၀၀၈၊ စာ-၂၄၊ ၂၆။

## ဗောဓိညောင်ပင်တော်




ကို ညောင်ပင်အောက်၌ ခြေတစ်ဖက်ချထိုင်တော်မူဟန်အဖြစ် တွေ့ရသည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါသည် ယဉ်ကျေးမှုအရ ဟိန္ဒူပြဟ္မဏက စောနေသဖြင့် ဒက္ခိဏာမူရ်တိကို ဗုဒ္ဓယဉ်ကျေးမှုပြုလိုက်ခြင်း ဖြစ်ပါမည်။

**ခေတ်အဆက်ဆက် မဟာဗောဓိ**

မြန်မာစာပေတွင် ရွှေတောင်နော်ရထာက"ဗောဓိပင်သမိုင်းပျို့" ဟူ၍ ရေးဖွဲ့ခဲ့သည်ကို တွေ့ရသည်။ အဆိုပါ ပျို့ကဗျာတွင်လည်း–

... မင်းသား ဝိဇယ၊ တည်တောင်စသည်၊ နုရာမြေည်၊

> သီဟိုပြည်နိုက်၊ နန်းတည်ငါးဆင့်၊ ကြငှန်းဖွင့်မှ၊ ရှစ်ပင်သာသနာ။ အဝါပြောင်ပြောင်၊ တည်ထောင်ဆောင်သား၊ ဘုန်းရောင်စက်လျှံ၊ ဒေဝါနံနှင့်၊ ရှင်ပျံမဟိန်နိုင်းချိန်ဗောဓိ၊ တည်ထောင်ရှိသည်၊ **ဒက္ခိဏာသာခါ**၊ ယင်းကပါသား၊ ငါးဖြာသီးရင့်၊ စိုက်ပျိုးပင်မှ၊ ငါးဆင့်ရှစ်မည်၊ ပွာပျံ့တည်သား၊ ပင်စသာ၊ ယင်းသည်မှလျှင်၊ ဘုရားရှေ့မှောက်၊ ဆက်ရောက်ကြရာ၊ မဟာမုနိအစရှိသည်။[၁] ဟူ၍ တွေ့ရပါသည်။

ထို့အပြင် မြန်မာရှေးဟောင်းပေပုရပိုက်များတွင်လည်း သီရိလင်္ကာမှ မဟာဗောဓိညောင်ပင်ကို "**ဒက္ခိဏာသာခါ မဟာဗောဓိ**" ဟူ၍ ဖော်ပြထားပါသည်။[၂]

တစ်ဖန် ကင်းဝန်မင်းကြီးဦးကောင်း(၁၈၂၁–၁၉၀၈)၏ "မဟာဗောဓိ နိဒါန်း" ၌လည်း ...

> ... အသောကမြတ် လောကနတ်က၊ ရည်မြတ်လွယ်ကူ၊ မိဋ္ဌာန်၍ယူပြီးလျှင်၊ မရှုပိယာ၊ မင်းသို့သလိုက်သည်၊ **ဒက္ခိဏာသာခါ**၊ ယင်းဖြစ်ရာမှာလည်း။ မြလွှာမြရည်၊ ပင်စည်ကထွက်မှာ၊ လေးတောင်ကွာလောက်တွင်၊ ထင်စွာပြက်ပြက်ရှိချေသည်"[၃] ဟူ၍ တွေ့ရသည်။

တစ်ဖန် မဟာယာနပိဋကတ် "သုခါဝတီဗျူဟာသုတ္တန်"တွင်လည်း

---

၁။ ရွှေတောင်နေ်ရထာ၊ **ဗောဓိပင်သမိုင်းပျို့**၊ ပေမူ၊ မျှဉ်းဖြူ (၈)ကြောင်းရေး (၁) အဂါ၊ ပေမူအမှတ် ၂၈၄၆၈၏၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ရန်ကုန်။

၂။ **ဗောဓိသမိုင်း**။ မျှဉ်းနီပေ၊ ညာ–ချပ်မှ ညော–ချပ်အထိ၊ (၁)အငွ၊ ရန်ကုန်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေအမှတ်–၃၆၆၁၂၀။ ညီ/ကျော၊ ကြောင်းရေ–၁မှ ၂ထိ။

၃။ ကင်းဝန်မင်းကြီး၊ **နာနာနယသခေ်ပကဗျာဗန္ဓ (ခေါ်) ကဗျာစု**၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၈၊ စာ–၁၁၉၊ ၁၂၀။

(ခ) ကင်းဝန်မင်းကြီး၊ **မေတ္တာစာ**၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၈၊ စာ–၈၁။

. . . သဗ္ဗညုတဉာဏ်တော်အရှင် တထာဂတမည်တော်မူသော အမိတာယုဗုဒ္ဓရှင်တော်၏ သုခါဝတီဘုံဗိမာန်၌ ဗောဓိပင်တော်တစ်ပင် ရှိပါသည်။ ဉာဏ်တော်အမြင့် ယူဇနာတစ်သောင်းအမြင့်ဆောင်ပြီး၊ အခက်အလက်အရွက်တို့သည် ယူဇနာရှစ်ရာသို့ ပျံ့နှံ့ရောက်ရှိလေ၏။ အသီးအပွင့်တို့သည်လည်း အမြဲတစေ ဖူးပွင့်ဝေဆာနေကုန်၏။ အောက်ခြေရှိ အမြစ်တို့သည်လည်း ယူဇနာငါးရာတိုင်အောင် နေရာယူကြ၏။[၁]

အေဒီ ၁၆၇၅ ထုတ် ရိုင်ခလော့ (ဖ်)ဗန်ဂိုအန်၏ "သီဟိုဠ်ကျွန်း" ဟူသော စာအုပ်တွင် -

. . . ထိုအပင်ကြီးသည် မြင့်မား၍အောက်ခြေတွင် ကျောက်သားများဖြင့် ဝန်းရံထား၏။ လူအများက ဆီမီးပူဇော်လာကြ၏။ ဤအပင်ကြီးကို ဗောဂ (Bogas)ဟုလည်းကောင်း၊ ပဂေါဒ် (Pagod)အပင်ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။[၂]

ထို့အပြင် ၁၆၈၁တွင် ရောတ်ခနော့(စ်)၏ "အရှေ့အိန္ဒိယကျွန်းစုဒေသနှင့် သီဟိုဠ်ကျွန်းဆက်ဆံရေး"ကျမ်းတွင် -

. . . အလွန်မြင့်မား ထင်ရှားသောသစ်ပင်ကြီးတစ်ပင်ကို တင်ပြချင်သည်။ လူအများ၏ ပူဇော်သမှုကို ခံယူရရှိ

၁။ E Max Müller (ed). **The Sacred Books of the East** Vol.XLIX.Sanskrit tran. E.G Cowell, London. Oxford University Press.1927.p.50. (နောင်ကိုးကားလျှင် Müller.**SBE** ဟုအတိုညွှန်းမည်)

၂။ Yule, Col, Hennary & Brunell, A.C. **Hobso-Jobson: A Glossary of Colloquial Anglo-Indian Words and Phrases and of Kindred Terms, Etymological, Historical, Geographical and Discursive**,New Delhi, Munshiram Manoharlal Ptv.Ltd., 1994,pp.108 ,691.
(နောင်ကိုးကားလျှင် Yule, **Hobson-Jobson** ဟုအတိုညွှန်းမည်)
Ryklof Van Goens. **Ceylon** ဟူ၍ ယူး(လ်)၏ အဘိဓာန်တွင် ဖော်ပြထားသည်။

> ၏။ ထိုအပင်ကြီးကို "ဗောဂဟာ (Bogahah)ဟု လည်းကောင်း၊ ဘုရားအပင်တော် (the God-tree)ဟု လည်းကောင်း ခေါ်ကြသည်။[၁]

တစ်ဖန် သက္ကတဘာသာတွင် 'ပိပလ' (*pipala/peepul*)ဟု ခေါ်သည်။ ဤအမည်ကို ဥရောပရှိ ပြင်သစ်တို့က (*peuplierd' Inde*)ဟု ခေါ်ကြသည်။ ဗိုလ်မှူးကြီးထော(ဒ်) (Col.Tod)က ဖိုင်းကပ်(စ်)ပိုပူလိဖိုလီယား (*Ficus po;ulifolia*)ဟု အမည်ပေးခဲ့ရာမှ ရုက္ခဗေဒပညာရပ်၌ ဗောဓိပင်၏ သိပ္ပံအမည်အဖြစ် တွင်ကျန်လာခဲ့ခြင်းဖြစ်သည်။

၂၅ ဇန်နဝါရီ၊ ၁၈၃၃ နေ့တွင် မြန်မာသံအဖွဲ့သည် ပဋ္ဌာ (Patna) မြို့မှထွက်၍ ဂယာရှိ ဗောဓိပင်သို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထိုသံအဖွဲ့သည် **မဟာဗောဓိပင်အား** အတိုင်းအတာအရယူခဲ့ကြသည်။ စာပေတွင် ဗောဓိပင်၏ အမြင့်မှာ အတောင် (၁၀၀)ဟု ဖော်ပြထားသော်လည်း လက်တွေ့တွင် အတောင် (၈၀)သာရှိကြောင်း သိရှိခဲ့သည်။ နှစ်ရှည်လများကြာညောင်းလာ၍ အကိုင်းအခက်တို့သည် ကျမ်းဂန်နှင့်မညီတော့ကြောင်း ဆိုခဲ့သည်။[၂]

၁၈၈၇ တွင် မဟာဒွါရဂိုဏ်းအား ပြုစုတည်ထောင်ခဲ့သော အုဂ်ဖိုရ်ဆရာတော်ကြီး (၁၈၁၇–၁၉၀၅)သည် သီရိလင်္ကာနိုင်ငံသို့ ဗုဒ္ဓသာသနာအကျိုးအတွက် ခရီးဆက်ခဲ့သည်။ ဆရာတော်ကြီးသည်လည်း အနုရာဓပူရသို့ ရောက်ရှိသောအခါ **ဒက္ခိဏသာခါ**မဟာဗောဓိအစရှိသော စေတီပုထိုးဘုရားများသို့ သွားရောက်ပူဇော်ခဲ့ဖူးသည်။[၃]

---

၁။ Yule, Hobson-Jobson,p. 108.
Robert Knox, **An Historical Relation of the Island of Ceylon In the East Indies, London,** 1681, p.18 ဟူ၍ ယူး (လ်)၏ အဘိဓာန်၌ ဖော်ပြထားသည်။

၂။ ဒေါ်ကြန်၊ 'မင်္ဂလာသွား မြန်မာသံအဖွဲ့ (အေဒီ ၁၈၃၀)'၊ ***ငွေရတုသဘင်အထိမ်းအမှတ်ပုံနှိပ်ပြီးစာတမ်းစု၊*** ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန၊ ၁၉၈၂၊ စာ–၁၈၂–၁၈၃။

၃။ ဘဒ္ဒန္တသောဘန၊ အုဂ်ဖိုရ်မဟာထေရုပ္ပတ္တိ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၃၊ စာ–၂၁၅။

ထို့ကြောင့် 'ဒက္ခိဏသာခါ'သည် သီရိလင်္ကာနိုင်ငံ အနုရာဓပူရရှိ မဟာဗောဓိပင်၏အမည်ဖြစ်ကြောင်းမှာ ထင်ရှားစေပါသည်။ တစ်ဖန် ဗုဒ္ဓဘာသာဝင်တို့သည် အရပ် (၄)ရပ်၌ တောင်ကျွန်း (သို့မဟုတ်) တောင်ဘက်အရပ်အား ဘာသာတရားအရ အထွတ်အမြတ်ပြုကြောင်း တွေ့ရသည်။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း၏ ထူးမြတ်ခြင်း (၅)ပါးတွင်–

'မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်ပေါ်ထွန်းရာဖြစ်ခြင်းမှာလည်း အပါအဝင်ဖြစ်ခြင်း၊

ဗုဒ္ဓဘုရားရှင်၏ လက္ခဏာတော်ငယ် (၈၀)၌လည်း ဒက္ခိဏာဝဋ္ဋဂတိတာ–လက်ယာဘက်ခြေတော်ကို စတင်လှမ်းကြွခြင်း၊

ဒက္ခိဏာဝဋ္ဋနာဘိတာ–လက်ယာရစ်လည်သည့်ချက်တော်ရှိခြင်း၊

ဒက္ခိဏောဝတ္တလောမတာ–လက်ယာရစ်အဖျားတည်သော မွေးညှင်းရှိခြင်း၊ ဒက္ခိဏာဝဋ္ဋကေသာ–လက်ယာရစ် ဦးထိပ်မွေး၌ တည်နေသော ဆံပင်ရှိခြင်း

များအဖြစ် တွေ့ရသည်။ ထို့ကြောင့် ဗောဓိပင်၏ တောင်ဘက်ကိုင်း (ဒက္ခိဏသာခါ)အား အထွတ်အမြတ်ပြုခြင်းပင်ဖြစ်သည်။[၁]

ထို့အပြင် 'ဒက္ခိဏ'အမည်သည် မဟာယာနဗုဒ္ဓဘာသာ၌ ဗုဒ္ဓဘုရားရှင်အား ရည်ညွှန်းပါသည်။ အကြောင်းမှာ ဗုဒ္ဓဘုရားရှင်အား "ဒက္ခိဏေယျပုဂ္ဂိုလ်"ဟု လလိတာဝိတ္တာရဗုဒ္ဓဝင်ကျမ်းတွင် ဖော်ပြထားသည်။

"... ဘုရားလောင်းဖွားမြင်သောအခါ နတ်တို့၏ ဒက္ခိဏေယျပုဂ္ဂိုလ်ဖြစ်အံ့ဟု နှလုံးပြု၍ တောင်အရပ်သို့ ခြေ (၇)လှမ်းကြွလှမ်းတော်မူကြောင်း"

"... မြတ်သောအလှူခံယူထိုက်တော်မူသော ဒက္ခိဏေယျအရှင်သူမြတ်"[၂]

၁။ ဩဘာသ၊ သုပြစာနိ၊ စာ–၃၀၉။

၂။ ဘဒ္ဒန္တသုန္ဒရာဘိဝံသ (ပြန်ဆို) လလိတာဝိတ္ထာရ၊ ရန်ကုန်၊ n.p.n.d စာ–၅၅၄၊ ၁၃၀။ (နောင်ကို သုန္ဒရာဘိဝံသလလိတာဝိတ္ထာရဟု အတိုညွှန်းမည်)

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ ပါဠိ၊ အဘိဓာန်တို့တွင် ဂေါတမ ဘုရားရှင်၏ ဘွဲ့နာမတော်များစွာရှိသော်လည်း ''ဒက္ခိဏေယျပုဂ္ဂိုလ်'' ဟူ၍ ဖွင့်ဆိုထားခြင်းမရှိပါ။ မဟာယာနဗုဒ္ဓဝင်ကျမ်းတို့မှာသာ ဤသို့ သုံးနှုန်းထားကြောင်း တွေ့ရှိရ၏။ သို့သော် ဤအချက်မှာ မိမိ၏ အနုမာန (Hypothesis)မျှသာဖြစ်ပါသည်။ တစ်ဖန် မဟာယာနဗုဒ္ဓဝင်၌ ဗုဒ္ဓလောင်း လျာ ဖွားမြင်တော်မူပုံမှာ သာမန်အတိုင်းသာမွေးဖွားခြင်းမဟုတ်ဘဲ လက်ျာ နံဘေးမှ ဖွားမြင်ခဲ့ကြောင်း လလိတာဝိတ္ထာရကျမ်းတွင် တွေ့ရသည်။ ပုဂံခေတ် မြန်မာတို့၏ ဖွားတော်မူခန်းတွင်လည်း အဆိုပါမူအတိုင်း ရေးဆွဲ ပုံဖော်ထုဆစ်ကြပါသည်။ ''လက်ျာနံဘေး'' ဖြစ်၍ ဒက္ခိဏာသာခါနှင့်ပါ တိုက်ဆိုင်နေပါမည်ဟု ထည့်သွင်းဆင်ခြင်ကြည့်မိပါသည်။



# ဒက္ခိဏသာခါနှင့် မြန်မာသမိုင်း

## ပျူခေတ်နှင့် ပုဂံခေတ်

သရေခေတ္တရာ (ပျူ)မြို့ဟောင်းဘုရားကြီးမှ 'ဒက္ခိဏသာခါ ပလ္လင်အောက် မှငါးရုပ်' (R ၇၉၉၄) အရွယ် (၂)လက်မကို တွေ့ရှိရသည်မှုသာ သိရသည်။[၁] ပုဂံခေတ် အေဒီ ၁၁၁၃ ခုနှစ်၊ မြင်းကပါဂူပြောက်ကြီးဘုရားအတွင်း တောင်ဘက်နံရံပေါ်၌တွေ့ရှိရသော မင်စာတွင် "ဒက္ခိဏသာခါ" နောက်ခံသမိုင်းဖြစ်သော ဒေဝါနံပိယတိဿလက်ထက် မဟာမဟိန္ဒမထေရ်က "မဟာဗောဓိပင်" [ဒက္ခိဏသာခါ] အပင်တော်ကို သီရိလင်္ကာ၊ အနုရာဓပူရသို့ စိုက်ပျိုးခဲ့ကြောင်းဖော်ပြခဲ့ပါသည်။[၂] အလားတူ ပုံဂံခေတ် သကျမုနိဘုရား နံရံဆေးရေးပန်းချီ၌လည်း အဆိုပါနံရံဆေးရေးပန်းချီကားကို တွေ့ရသည်။ ထိုရှေးဟောင်းမင်စာသည် ဒက္ခိဏသာခါရုပ်ပွားတော် ပေါ်ပေါက်လာမည့် အစောဆုံးသမိုင်းအထောက်အထားပင် ဖြစ်ပါသည်။ ထို့အပြင် "ဒက္ခိဏသာခါ" ၏ အရင်းအမြစ်ဖြစ်သော သီဟိုဠ်ဝံသကျမ်းများကိုလည်း ဆက်လက်တွေ့ရှိရပါသည်။

၁။ **ရှေးဟောင်းသုတေသနအစီရင်ခံစာ (၁၉၅၇–၁၉၅၈)**၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၅၈၊ စာ–၈၈၊ ရှေးဟောင်းသုတေသနရုံး (ရန်ကုန်)ရှိ ဓာတ်ပုံစာရင်း စာအုပ်များတွင် ပုံအမှတ်–၇၉၉၄ အပါအဝင် (၇၉၀၀)အမှတ်စဉ်များရှာဖွေ၍မရပါ။

၂ G.H. Luce **Old Burma-Early Pagan,** Vol.I, USA, New York University, 1969, pp. 380, 381. (Hereafter cited as G.H.Luce, **OBEP.**)

အေဒီ ၁၂၂၇ ခုနှစ်၊ ကာလများတွင် သီရိလက်ာမှ "ဒက္ခိဏာသာခါ" ယုံကြည်မှု ပါဝင်မည့်ကျမ်းစာများရောက်ရှိခဲ့ကြောင်း အေဒီ ၁၂၂၃ ခုနှစ်ထိုး "သိဃ်ဝီရ်သုဖ္ဖိုလ်ကျောက်စာ"တွင် ဤသို့တွေ့ရ၏။

ဗောဓိဝါင် [ဗောဓိဝင်ကျမ်း]

ဒူပဝင် [ထူပါဝင်ကျမ်း]

မဟာဝင် [မဟာဝင်ကျမ်း]

အနာဂတဝါင်[1] [အနာဂတဝင်ကျမ်း]

ဟူ၍ပင်ဖြစ်သည်။

နားတောင်းများမင်း (အေဒီ ၁၂၁၁–၁၂၃၁) လက်ထက် **"မဟာသေနာပတိ အနန္တသူရမောင်နံ့ကျောက်စာ (အေဒီ ၁၂၂၇)"** မျက်နှာ၊ စာကြောင်းရေ ၉မှ ၁၂များတွင်–

၉။ သကရစ် ၅၈၉ ခု မာဃသံဝစ္ဆိုု

၁၀။ ရ်၊ ပ္လသိုဝ်လဆန် ၁၄ရျက် (၂၂ ဒီဇင်ဘာ ၁၂၂၇) ပုတ္တဟူ
နိယ္တ်အာ။ ပုဟာ်သ္ခိင်သရီရဓတ်တဝ်။ **ညောင်တဝ်**

၁၁။ **အခက်နှင့်ပ္လုသောပုရှာ။ရှုယ်ရာည်သွန်သောပုရှာ။ငုယ်ရာည်**
သွန်သောပုရှာ။ဖန့်ပ္လုသော

၁၂။ ပုရှာ။ဆင်စွယ်အမြုတိယ်ပ္လုသောပုရှာ။တန်စိက္ကုပ္လုသော
ပုရှာ။[2]

(ခေတ်အသုံးဖလှယ်ပုံ)

။သက္ကရာဇ် ၅၈၉။ ပြာသိုလဆန်း ၁၄ ရက် [၂၂ ဒီဇင်ဘာ ၁၂၂၇] ဗုဒ္ဓဟူးနေ့အား ဘုရားသခင်သရီရဓာတ်တော်၊ **ညောင်**

၁။ သန်းထွန်း (စုဆောင်းတည်းဖြတ်သူ)၊ **နှောင်းတွေ့ကျောက်စာများ။** ရန်ကုန်၊ မြန်မာသမိုင်းအဖွဲ့၊ ၂၀၀၅၊ စာ–၂၃။

၂။ "မဟာသေနာပတိအနန္တသူရမောင်နံ့ကျောက်စာ"၊ ၄မျက်နှာ၊ အရှေ့ဘက်၊ ***ရှေးဟောင်း မြန်မာကျောက်စာများ။*** ပထမတွဲ၊ ဦးငြိမ်းမောင် (တည်း)။ ရန်ကုန်၊ ရှေးဟောင်း သုတေသနဦးစီးဌာန၊ ၁၉၇၂၊ စာ–၁၉၃။ (နောင် ကိုးကားလျှင် ငြိမ်းမောင်**ရှေးမြန်ကျောက်**ဟု အတိုညွှန်းမည်။)

**တော်အခက်နှင်ပြုသောဘုရား၊ ရွှေရည်သွန်းသောဘုရား၊ ငွေရည်သွန်းသောဘုရား၊ ဖန်ပြုသောဘုရား၊ ဆင်စွယ်အမြုတေပြုသောဘုရား၊ စန္ဒကူးပြုသောဘုရား။**

ဤကျောက်စာအရ ပုဂံခေတ်တွင် ဗုဒ္ဓဆင်းတုတော်များကို ရွှေ၊ ငွေ၊ ဖန်၊ ဆင်စွယ်တို့ဖြင့် သွန်းလောင်းပူဇော်ခဲ့ကြသည်သာမက ''ဗောဓိညောင်အကိုင်းအခက်နှင့် ထုလုပ်ပူဇော်သော [ဒက္ခိဏာသာခါ]ရုပ်ပွားတော်ရှိကြောင်းကို သိရှိရသည်။

မြန်မာဗုဒ္ဓဘာသာအစဉ်အလာတွင် ဘုရားသမိုင်းများကို ဆိုကြရာ၌ အသောက(၂၆၉–၂၃၂ ဘီစီ)နှင့် အလောင်းစည်သူ (၁၁၁၃–၁၁၆၀) တို့မှာ အလွန်ခေတ်စားလှသည်။ အကြောင်းမှာ ဘုရားတည်သည့် ဒါယကာမသိလျှင် အလောင်းစည်သူကိုသာ လက်ညှိုးညွှန်တတ်ကြသောကြောင့် ဖြစ်ပါသည်။ ယခု ဒက္ခိဏာသာခါရုပ်ပွားတော်၏သမိုင်းကို တင်ပြသည့်အခါမှာလည်း အလောင်းစည်သူအမည်ရှိသော ပုဂံ၏ (၅)ဆက်မြောက်ဘုရင်နှင့် မလွတ်ကြောင်း ထပ်မံတွေ့ရပါသည်။ သို့ရာတွင် ကျောက်စာအထောက်အထားတွေ့ရသော (အေဒီ ၁၂၂၇)မှ ရေတွက်သော် နှစ် (၆၀)မျှသာကွာခြားကြောင်းလည်း တွေ့ရသည်။ တစ်ဖန် သီရိလင်္ကာနိုင်ငံမှ သမိုင်းပညာရှင်များကမူ သီရိလင်္ကာ–မြန်မာသာသနာ ဆက်ဆံရေးကို အနော်ရထာ (၁၀၄၄–၁၀၇၇)နှင့် ဝိဇယဗာဟု (၁၀၂၉–၁၀၄၁)လက်ထက်များမှပင် စတင်ကြောင်း ယုံကြည်ကြသည်။[၁] သို့ဖြစ်၍ အလောင်းစည်သူ လက်ထက်၌လည်း ဒက္ခိဏာသာခါ စတင်၍ မြန်မာသို့ သီရိလင်္ကာမှ ရောက်ရှိလာခဲ့ကြောင်းမှာ အထောက်အထားမရှိသော်လည်း အစဉ်အလာစကားကို ဆင်ခြင်လက်ခံသင့်ပေသည်။

အလောင်းစည်သူ (၁၁၁၃–၁၁၆၀)လက်ထက်တွင် သီရိလင်္ကာနိုင်ငံ အနုရာဓပူရရှိ ဗောဓိပင်တောင်ကိုင်းသားမှာ မြန်မာသို့ စတင်ရောက်

၁။ Prof. H.C Ray et al, **History of Ceylon.** Vol.1 ,Colombo,Ceylon University Press,1959 p.563 (နောင်ကိုးကားလျှင် Ray. Ceylon ဟု အတိုကောက်ညွှန်းမည်)

ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အစဉ်အလာအရဆိုပါလျှင် "**ဒက္ခိဏသာခါအစ အလောင်းစည်သူ**" ကဟုပင် ဆိုနိုင်ပါမည်။ သမိုင်းအထောက်အထားအရဆိုလျှင် "**ဒက္ခိဏသာခါအစ နားတောင်များလက်ထက် အနုရုဒ္ဓသူရမောင်နံ့**"က ဟုပင် ဆိုနိုင်ပါမည်။ အလောင်းစည်သူမင်းသည် ဗုဒ္ဓဆင်းတုတော်ထုဆစ်ဖို့ရန်တွက် နံ့သာတုံး အထောင်အသောင်းကို ရရှိခြင်းထက် ဒက္ခိဏသာခါမဟာဗောဓိသားကိုသာ လိုချင်တပ်မက်တော်မူကြောင်း သိရသည်။ ဒက္ခိဏသာခါ မဟာဗောဓိသားကို ဘုရားရုပ်တုပြုလုပ်ကိုးကွယ်ရန် ဆန္ဒပြင်းပြခဲ့သော မြန်မာမင်းတစ်ပါးဖြစ်ပါသည်။ ထိုအခါ သီရိလင်္ကာမင်း ပထမမြောက် ဝိဇယဗာဟု (၁၁၁၄–၁၁၁၆)က ကိုးကွယ်ပူဇော်ရန် ဒက္ခိဏသာခါ မဟာဗောဓိပင်အစစ်အား ဓမ္မလက်ဆောင်အဖြစ်ပေးရန် ပုဂံသို့ အလည်ရောက်ရှိခဲ့ပါသည်။

၁၈၄၆ ခုနှစ်၊ ပုဂံမင်း (၁၈၄၆–၁၈၅၃)လက်ထက်ရေးကူးထားသော ခင်ကြီးဖျော် (၁၇၂၄–၆၂)၏ "ဓမ္မာကွန်ချာ"ကျမ်းတွင် –

> . . . ဗောဓိညောင်တော်မှ ဒက္ခိဏသာခါညောင်ခက်ကို
> ဆောင်၍ ကန့်ကူနက်သည် စီရင်အပ်သော အရှင်
> ဂေါတမအရုပ်တော်ကိုထု၍ စွယ်တော် [ကိုယ်ပွား]ကို
> ပေးအပ်လိုက်၏။ နဝရတ်လှေတော်ကား သီဟိုဠ်ကျွန်း
> မှ ဦးလှည့်၍ သထုံပြည်သို့ ဆိုက်ပြန်လေ၏။

ဟူ၍ဖော်ပြထားသည်။ ထိုကျမ်းတွင် အလောင်းစည်သူမင်းကိုယ်တိုင် သီဟိုဠ်သို့ရောက်၍ ဒက္ခိဏသာခါရုပ်ပွားတော်အား ရရှိကိုးကွယ်ခဲ့ကြောင်း တွေ့ရသည်။ သို့သော် အလောင်းစည်သူမင်း သီဟိုဠ်သို့ရောက်ရှိခဲ့ကြောင်း သီရိလင်္ကာသမိုင်းအထောက်အထားမရှိပေ။

ဤသို့ဖြင့် ဒက္ခိဏသာခါ၏ ဗုဒ္ဓဆင်းတုတော်များ မြန်မာသို့ စတင်ရောက်ရှိခဲ့သည်ဟု အစဉ်အလာယုံကြည်မှုအရ သိရှိရပါသည်။

၁။ ခင်ကြီးဖျော် **ဓမ္မာကွန်ချာကျမ်း**။ မဟာဝိဇ္ဇာဦးမောင်မောင်တင် (၁၉၁၇–၂၀၀၁)၊ အဖွဲ့ဝင် မြန်မာ့သမိုင်းအဖွဲ့က ၁၆. ၈. ၁၉၅၉နေ့တွင် ရေးကူးထားသော လက်ရေးမူ၊ စာ–၁၆–၁၈။

အဆိုပါဒက္ခိဏာသာခါဗုဒ္ဓရုပ်ပွားတော်များအနက် အထင်ရှားဆုံးမှာ ပခုက္ကူမြို့ မြင်းကိုင်းနှင့် မြစ်သာရပ်အနီးတွင် တည်ထားကိုးကွယ်သော သီဟိုဠ်ရှင် (သီဟိုဠ်ရှ)ဘုရားမှာ အထင်ရှားဆုံးဖြစ်ပါသည်။ အေဒီ ၁၂၂၃ ပုဂံကျောက်စာများတွင် သီဟိုဠ်ရှင်ဘုရာအား မြစ်ကိုင်ဟု ဖော်ပြ၏။ အဆိုပါ သီဟိုဠ်ရှင် ဗုဒ္ဓရုပ်ပွားတော် (ဒက္ခိဏာသာခါ)သည် ဉာဏ်တော်အမြင့် (၃၆ တောင် ၂ကိုက်) [၁၈ကိုက်][၁] ရှိပြီး ရုပ်တော်မှုဟန်ဖြစ်ပါသည်။ လက်တော်ဟန်မှာ လက်ဝဲလက်တော်သည် ပက်လက်လှန်ဟန် [ဝရဒမုဒြာ]နှင့် လက်ယာလက်တော်ထောင်၍ကာပုံ [အဘယမုဒြာ]ဖြစ်ပါသည်။[၂] ထို့အပြင် အလောင်းစည်သူမင်းလက်ထက် ဒက္ခိဏာသာခါ ဗုဒ္ဓရုပ်ပွားတော်များမှာ–

စစ်ကိုင်းရှင်ဖြူရှင်လှဘုရား[၃]

အညာသီဟတောဘုရား

ပခန်းကြီးမြတ်ပေါင်းမဥ္ဇူဘုရား

ဆင်ကြို့ရွှေဂူဘုရားများတွင် ကိုးကွယ်ပူဇော်စေပါသည်။

ပုဂံခေတ်တွင် ကြာဖတ်ဆောင်း [ဒက္ခိဏာသာခါ] ဗုဒ္ဓဆင်းတုများစွာတွေ့ရှိရသည်။ ထိုဆင်းတော်များတွင် သဲကျောက်နှင့်နံ့ရံဆေးရေးပန်းချီများပါဝင်လျက်ရှိသည်။ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များ၏ ဦးခေါင်းတွင် အများအားဖြင့် ဆံတော်ဟန်အား ပိန္နဲဆူးအသွင်ပုံဖော်၍ ဉဏှိသ (ရောင်လျှံ)သည် ကြာဖူးအသွင်လည်း တွေ့ရပါသည်။ ထို့အပြင် မကိုဋ်မှ ဥသျှောင်ဆောင်းထားဟန်နှင့် နဖူး၌ပွင့်ချပ်သဖွယ်အတွန့်များ [ကြာဖတ်] အသွင်လည်းတွေ့ရပါသည်။ ရှေးဟောင်းသုတေသနဌာန (၁၉၁၉–၂၀) ဓာတ်ပုံစာအုပ်တွင်တွေ့ရသော အနောက်သမ္ဗုလဘုရားအတွင်း ဘုရား

---

၁ G.H. Luce *OBEP, Vol.I, p.92* ၁တောင်= ၀.၅ ကိုက် (မြန်မာအင်္ဂလိပ်အဘိဓာန်)

၂။ လယ်တီအရှင်ကောဝိဒနှင့်အရှင်ကေလာသ၊ စေတိယပုဗ္ဗတ္တိဒီပနီနှင့် သီဟိုဠ်ရှင်ဘုရားသမိုင်း။ ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၉၁၊ စာ–၁၀၆၊ ၁၁၈၊ ၁၂၅။

၃။ ဦးကုလား"မဟာရာဇဝင်တော်ကြီး" ပထမတွဲတွင် အလောင်းစည်သူက ရှင်ဖြူရှင်လှဘုရားတည်ကြောင်းပါရှိသော်လည်း သီဟိုဠ်မှ ဒက္ခိဏာသာခါဟု မတွေ့ရပါ။ ယင်းကျမ်း။ စာ–၁၉၈။

ဦးခေါင်းတော်ဟန်၌ ကြာဖတ်ဆောင်းဟန်ကို ပီပြင်စွာတွေ့ရပါသည်။ ထို့အပြင် ပုထိုးသားများ၊ ဓမ္မရာဇိကဘုရားနှင့် သဗ္ဗညုဘုရား နံရံဆေးရေး ပန်းချီများတွင်လည်း တွေ့ရပါသည်။ ကြာဖတ်ဆောင်းဗုဒ္ဓဆင်းတုများတွင် ဘူမိဖဿဟန်အပြင် ဓမ္မစက္ကမုဒြာဟန်လည်း တွေ့ရှိရပါသည်။

သီဟိုဠ်ရှင် (ဒက္ခိဏာသာခါ) ဘုရားကဲ့သို့ပင် "စစ်ကိုင်း၊ ဝတ်ချတ်ရွာ၊ ရှင်လှဘုရားသမိုင်း"ကို တွင်သင်းတိုက်ဝန်မဟာသရေစည်သူဦးထွန်းညို (၁၇၂၆–၁၈၀၆)က ၁၇၉၉တွင် **အင်ပင်ရွှေဂူဘုရားကျောက်စာ**၌ ဖော်ပြခဲ့ဖူးသည်။ ထိုကျောက်စာအရ (ရှင်ဖြူ)ရှင်လှဘုရား ရုပ်ပွား တော်သည်လည်း လေ့စကြာရှင် အလောင်းစည်သူမင်းသည် ဗောဓိပင်တောင်ကိုင်းသားဖြင့် ထုလုပ်အပ်သော ပါဠိလိပုတ်ပြည်၊ သိန်းခိုကျွန်းမှ **ဒက္ခိဏာသာခါ** ဆင်းတုတော်တို့ကို ရတနာပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ခဲ့ကြောင်း၊ ယခု ၁၇၉၉ခုနှစ်တွင်လည်း ဘိုးတော်ဘုရားသည် ဤနေရာ၌ ဒက္ခိဏာသာခါရုပ်ပွားတော်ကို ရရှိခဲ့ပြန်၍ ဤနေရာ၌ပင် စေတီတည်ခဲ့ကြောင်း ဖော်ပြသည်ကို တွေ့ရှိရသည်။[၁] (ပုံ ၂၀၇ မှ ၂၀၁၂ ကြည့်)

အလားတူ မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း အသောကနှင့် အလောင်းစည်သူတို့၏ အမြင့်မြို့ဒေသတွင်းရှိ **ရွှေကြိုးရာဇ်ဘုရား**မှာလည်း ဒက္ခိဏာသာခါဆင်းတုတော်ဖြစ်ကြောင်း သိရပါသည်။ ဉာဏ်တော်အမြင့်(၂)ပေကျော်ရှိ၍ ဘူမိဖဿမုဒြာဟန်ဖြစ်ပါသည်။ သီဟိုဠ်မှပင့်ဆောင်လာခဲ့သာ ရုပ်ပွားတော်ဟုလည်းကောင်း၊ ဗောဓိသားဖြင့်ထုလုပ်ပူဇော်သော ဘုရားဖြစ်သည်ဟု လည်းကောင်း၊ ဗောဓိညောင်ရွက်များကို သစ်စေးဖြင့် မံကာ စီမံထားသော ဘုရားဟုလည်းကောင်း၊ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကို ပုခုံးတော်၊ ကျောရိုးတော်၊ ခါးဆစ်တော်နေရာများတွင် ဌာပနာထားသည်ဟု လည်းကောင်း ဘုရားသမိုင်းတွင် ဖော်ပြပါရှိနေသည်။[၂]

---

၁။ မဟာစည်သူတွင်းသင်းမင်းကြီးဦးထွန်းညို၊ "အင်ပင်ရွှေဂူဘုရားကျောက်စာ"၊ **မြန်မာစာညွှန့်ပေါင်း**၊ တတိယတွဲ၊ ဒေါ်မြင့်သန်း၊ တည်းဖြတ်၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၉၂၊ စာ–၁၅၇၊ ၁၅၈။

၂။ မောင်မောင်ချစ်ဦး၊ မုံရွာ၊ **ရှေးဟောင်းအမြင့်မြို့**၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၂၀၀၄၊ စာ–၆၈၊ ၆၉။

**အင်းဝခေတ်**

မုံရွေဇေတဝန်ဆရာတော် အရှင်အာဒိစ္စဝံသ (၁၇၆၆–၁၈၃၅)၏ ''သမန္တစက္ခုဒီပနီကျမ်း''အရ အင်းဝခေတ် (၁၅)ရာစု၏ မင်းများဖြစ်သော

မိုညှင်းသတိုးမင်းတရား (၁၄၂၆–၁၄၃၉)

ပထမမြောက်ညီတော်နရပတိကြီး (၁၄၄၂–၁၄၆၈)နှင့်

ဆဋ္ဌမမြောက် မဟာသီဟသူရ (၁၄၆၈–၁၄၂၈)[၁]

လက်ထက်များတွင် ဒက္ခိဏာသာခါ ရုပ်ပွားတော် အကြီးအငယ်အရွယ်စုံ အဆူရေ (၃၀၀)ကျော်ကို စတင်ထုလုပ်ကိုးကွယ်ခဲ့သည်ဟု ဆိုပါသည်။[၁]

မုံရွေးဆရာတော်က မိုးညှင်းမင်းတရားလက်ထက်တွင် စတင်ခဲ့ကြောင်းကို ယုတ္တိရှိနေကြောင်းကို အရိယဝံသဇော၏ သာသနာဝင်နှင့် ခေတ်ပြိုင်အထောက်အထားကို တင်ပြခဲ့သည်။ အေဒီ ၁၄၂၉ သီရိလင်္ကာမှ အရှင်သီရိသဒ္ဓမ္မာလင်္ကာရနှင့် အရှင်သီရိသီဟဠမဟာသာမိ (၂)ပါးသည် ပုသိမ်မှတစ်ဆင့် အင်းဝနေပြည်တော်သို့ ကြွရောက်ခဲ့ကြောင်း၊ မြန်မာရဟန်းတော်များသည်လည်း သီရိလင်္ကာသို့ သွားရောက်ခဲ့ကြောင်းတို့ကို ထောက်ရှု၍ သိနိုင်ကြောင်း ဆိုခဲ့သည်။ ထို့အပြင် ဆရာတော်သည်

ဘူရိဒတ်လင်္ကာနှင့် ဇာတ်ပေါင်းပျို့၊

ဟတ္ထိပါလပျို့ နိဂုံး

စသည်တို့ကို ကိုးကား၍ ပထမအင်းဝခေတ်က သီရိလင်္ကာသို့ မြန်မာရဟန်းတော်များစွာသွားရောက်၍ ပရိယတ္တိစာပေများ သင်ယူခဲ့ကြောင်းလည်း တင်ပြခဲ့သည်။

တစ်ဖန် အောက်မြန်မာနိုင်ငံ ရာမညဒေသ ဟံသာဝတီ (ပဲခူး)ရှိ ရာမာဓိပတိမင်း (အများအခေါ်ဓမ္မစေတီ ၁၄၅၇–၁၄၉၂)လက်ထက်ရေးထိုးခဲ့သော ပဲခူး၊ ကလျာဏီ မွန်၊ ပါဠိကျောက်စာ[၂](၂၉ ဖေဖော်ဝါရီ ၁၄၈၀)တွင်–

၁။ မုံရွေးဇေတဝန်ဆရာတော်၊ သမန္တစက္ခုဒီပနီကျမ်း၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၉၁၊ စာ–၃၄၁မှ၃၅၄။ (နောင်ကိုးကားလျှင် မုံရွေး၊ သမန္တစက္ခုဟု

၂။ ပဲခူးကလျာဏီသိမ်ကျောက်စာကို မွန်ဘာသာဖြင့် ကျောက်စာတိုင် (၇)တိုင်၊ (၁၄) မျက်နှာ၊ ပါဠိဘာသာဖြင့် (၆)မျက်နှာပါရှိသည်။ (သန်းထွန်း၊ အသစ်မြင်၊ ၃၄၃)

. . . ဘန္တေ တုံမှာကံ မဟာပ္ဖလံ ဘဝိဿတိ မဟာနိသံ သံ သီဟဠဒီပံ ပတ္တာ ဟိ ဘန္တေ တုံမှေ တတ္ထ သိရိ ဒါဌာဓာတုဉ္စ **ဒက္ခိဏသာခါဒယော ဗောဓိရုက္ခေ** စ ရတန စေတိယာ ဒီနိစေတိယာနိစ သမန္တကူဋ္ဌ ပဗ္ဗတ မတ္ထကေ ဌိတံ ဘဂဝတော ပဒလဉ္စန စေတီယဉ္စ ဝန္ဒိတုဉ္စ ပူဇိတုဉ္စ လေစ္ဆယျာထ တေန ဘန္တေ တုံမှာကံ မနပ္ပကံ ပုညာဘိသန္ဒော ဝဍ္ဎိဿတိ။

အရှင်ဘုရားတို့ သီဟိုဠ်ကျွန်းသို့ သွားခြင်းသည်လည်း အရှင်ဘုရားတို့အား များသောအကျိုးရှိသည်။ များသော အာနိသင်ရှိသည်။ ဖြစ်လတ္တံ့သတည်း။ အဘယ်အကျိုး ရှိသနည်းဟူမူကား အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ သည် သီဟိုဠ်ကျွန်းသို့ ရောက်ကုန်သည်ရှိသော် ထို သီဟိုဠ်ကျွန်း၌ သိရိစွယ်တော်ဓာတ်ကိုလည်းကောင်း၊ **ဒက္ခိဏသာခါအစရှိကုန်သော ဗောဓိပင်တို့ကိုလည်း**ကောင်း၊ ရတနာစေတီ အစရှိကုန်သော စေတီတို့ကို လည်းကောင်း၊ သမန္တကူဋ္ဌမည်သော တောင်ထိပ်၌ တည်သော မြတ်စွာဘုရား၏ ခြေတော်ရာစေတီကို လည်းကောင်း၊ ရှိခိုးခြင်းငှာလည်းကောင်း၊ ပူဇော်ခြင်း ငှာလည်းကောင်း၊ ရတော်မူကုန်လိမ့်သတည်း။ အရှင် ဘုရားတို့ ထိုသို့ ရှိခိုးပူဇော်ရသောကြောင့် အရှင်ဘုရား တို့အား အတိုင်းမသိသော ကောင်းမှုအလျှင်သည် ပွားလတ္တံ့သတည်း။[၁]

---

၁။ သပြေကန်ဆရာတော်ဘုရား၊ **မဟာကလျာဏီကျောက်စာ (ပါဠိ)**၊ ရန်ကုန်၊ ပြည်ကြီး မဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၃၈၊ စာ-၉၀၊ ၉၁။

(ခ) Taw Sein Ko (tran.),**The Kalyani Inscriptions**, Yangon, Govt. Printing, 1892,pp.20,77,78,85

(ဂ) ဦးလှုဖေဝင်း (တည်း/ပြန်ဆို)**ကလျာဏီမွန်ကျောက်စာ**၊ရန်ကုန်၊ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ၁၉၅၈၊စာ-၂၀-၈၂၊ (E)မျက်နှာ၊ ကြောင်းရေ-၄၅။

ဟူ၍ တွေ့ရသည်။ သီဟိုဠ်ကျွန်း၌ အလွန်ထင်ရှားသည့် (၁၆)ဆူသော စေတီတော်ကြီးများရှိ၏။

၁။ မဟိယင်္ဂဏစေတီတော်
၂။ နာဂဒီပ စေတီတော်
၃။ ကလျာဏီစေတီတော်
၄။ စက်တော်ရာ ခြေတော်ရာ
၅။ ဒိဝါဂုဟာစေတီတော်
၆။ ဒီဃဝါပီ စေတီတော်
၇။ မုတိယင်္ဂဏစေတီတော်
၈။ တိဿမဟာဝိဟာရ (တိဿမဟာရာမ)စေတီတော်
၉။ ဒက္ခိဏသာခါ မဟာဗောဓိ
၁၀ မရိစဝဋ္ဋိ (ကုဋ္ဌ)စေတီတော်
၁၁။ ဟေမမာလီ မဟာစေတီတော်
၁၂။ ထူပါရာမ ထူပါရုံစေတီတော်
၁၃။ အဘယဂိရိစေတီတော်
၁၄။ ဇေတဝန စေတီတော်
၁၅။ သိလာစေတီတော်
၁၆။ ခီရစေတီတော်[၁] တို့ဖြစ်ကြသည်။

သို့ဖြစ်၍ "ဒက္ခိဏသာခါ" ဟူသောအမည်မှာ ဗုဒ္ဓ ဘာသာဆိုင်ရာ ရုပ်ပွားတော်ထက် သီရိလင်္ကာမှ "ဗောဓိပင်"ကိုသာ ဆိုလိုနေကြောင်း တွေ့ရသည်။

ရာမာဓိပတိမင်းလက်ထက် သီရိလင်္ကာနိုင်ငံမှ ပြန်ကြွလာခဲ့သော မြန်မာရဟန်းတော်များမှ ဒက္ခိဏသာခါဗောဓိပင်ကို ပင့်ဆောင်လာခဲ့ပြီး ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက် ယခု ဗောဓိကုန်းကျောင်းတိုက်

၁။ တောင်ပေါက်ဆရာတော် ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းကြီး၊ မော်လမြိုင်၊ စက္ကပါလ ကျမ်းစာပြန့်ချီရေး၊ ၁၉၅၈၊ စာ-၁၆၆-၁၆၈။

မဟာဗောဓိစေတီတော်တွင် စိုက်ပျိုးပူဇော်ခဲ့သည်ဟု သိရသည်။ အဆို ပါ ဒက္ခိဏသာခါ မဟာဗောဓိပင်ပွားရှိကြောင်းကို သာယာဝတီမင်း (၁၈၃၇–၁၈၄၆)၁၈၄၁ ခုနှစ် ရန်ကုန်သို့ကြွလာစဉ် သိရှိ၍ ဗောဓိပင်အတွက် မြေယာထပ်မံလှူဒါန်းပြီး၊ အရှေ့မြောက်ယွန်း ကုန်းပေါ်တွင် သိမ်တော် တစ်ဆူပါ လှူဒါန်းခဲ့ကြောင်းသိရသည်။[၁]

ထို ဒက္ခိဏသာခါဗောဓိပင်ကြီးသည် ၁၉၃၂ ခုနှစ်၌ အလို အလျောက်ပြိုလဲခဲ့ရာ ဗောဓိပင်အသားများကို ရုပ်တော်မူဗုဒ္ဓဆင်းတုတော် များ ထုလုပ်ပူဇော်ခဲ့သည်။ အဆိုပါဗုဒ္ဓရုပ်ပွားတော်သည် ဉာဏ်တော်အမြင့် (၅)ပေခန့်ရှိပြီး လက်နှစ်ဖက်ချထားဟန် [စိဝရဟတ္ထမုဒြာ]ရှိကြောင်းနှင့် ကျောက်မြက်များစီခြယ်ထားသဖြင့် ပြိုးပြိုးပြက်ပြက်ရှိလှကြောင်း သိရ သည်။ သို့ရာတွင် အဆိုပါဒက္ခိဏသာခါဗုဒ္ဓရုပ်တော်မူရုပ်ပွားတော်ကြီး သည် ခြ (termite)ဘေးဒဏ်ကြောင့် အလုံးစုံပျက်စီးခဲ့ရကြောင်း သိရ သည်။ ဤသို့ပျက်စီးကြွေမွသွားသော ဒက္ခိဏသာခါ ဗောဓိဗုဒ္ဓရုပ်ပွားတော် အကျိုးအကြေများကို ဗောဓိကုန်းကျောင်းတိုက်ဆရာတော် အရှင်စန္ဒော ဘာသက သေချာစွာသိမ်းဆည်း၍ စေတီတစ်ဆူဌာပနာစဉ် ထည့်သွင်း ဌာပနာခဲ့ကြောင်းသိရသည်။

ဤကဲ့သို့ ပြိုလဲသွားသော ဗောဓိပင်သည် အပင်ငယ်လေးများ ကျန်ရှိ၍ ထပ်မံရှင်သန်ပေါက်ရောက်ကြီးပြင်းလာခဲ့သည်။ သို့သော် ၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်သင့် ၍ ထပ်မံပြိုလဲခဲ့သည်။ ဗောဓိကုန်းဆရာတော် အရှင်ဥတ္တမဦးစီး၍ မူလ နေရာ၌ ပြန်လည်ကြိုးစားစိုက်ပျိုးထားသော်လည်း အပင်ငယ်များစွာ ထပ်မံပေါက်ရောက်လာခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ယခုမျိုးဆက်မှာ တတိယမြောက် ဒက္ခိဏသာခါမဟာဗောဓိပင်သာဖြစ်ကြောင်း သိရသည်။[၂]

---

၁။ အရှင်တိလောကဉာဏ၊ **ဆူးလေစေတီတော်သမိုင်း။** ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၅၁၊ စာ–၁၁၀–၁၁၄။

၂။ **အရှင်ဥတ္တမ၊ ဗောဓိကုန်းကျောင်းတိုက်ဆရာတော်အား** ၂၃. ၉. ၂၀၁၁၊ သောကြာနေ့ နံနက် ၉း၃၀နာရီတွင် တွေ့ဆုံမေးမြန်းချက်။

## တောင်ငူခေတ်နှင့် ကုန်းဘောင်ခေတ်

တစ်ဖန် ဟံသာဝတီဆင်ဖြူများရှင် (၁၅၅၁–၁၅၈၁)လက်ထက် မဟာမုနိဘုရားဌာပနာစဉ် ဒက္ခိဏာသာခါ ရုပ်ပွားတော်ကိုထည့်သွင်း ဌာပနာခဲ့ကြောင်းသိရသည်။[၁] အေဒီ ၁၆၀၃ခုနှစ် ညောင်ရမ်းမင်း (၁၆၀၀–၁၆၀၆)လက်ထက် အိမ်ရှေ့မင်းသား၏ အိမ်တော်သိမ်းပွဲအခမ်းအနားတွင်–

– ဒက္ခိဏာသာခါရုပ်တုတော်မှစ၍ ရုပ်တုတော်၊ ပိဋကတ်တော် ထုပ်များကို ပိသုကာ၊ လက်သမားခေါင်းတို့က ကိုင်ဆောင် ထားစေရန်၊[၂]

အမိန့်တော်ထုတ်၍ ပူဇော်ပွဲကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ဒက္ခိဏာသာခါရုပ်ပွားတော် ပူဇော်ပွဲအား နန်းတော်၏အရှေ့ဘက်၌ မဏ္ဍပ်ဆောက်လုပ်၍ ကျင်းပခဲ့သည်ကို တွေ့ရှိရသည်။[၃] ဇရက် မတ် ၁၇၈၈ ခုနှစ်ရက်စွဲပါ ထိုမင်း၏ အမိန့်တော်၌အိန္ဒိယနိုင်ငံဂယာမြို့မှ မဟာဗောဓိပင်တောင်ကိုင်းမှ ရရှိသည့် သစ်ကိုင်းခြောက်များကို အမှုန့်ထောင်း၊ သစ်စေးနှင့်နယ်၍ ဒက္ခိဏာသာခါဘုရား ထုလုပ်ကြောင်း တွေ့ရသည်။

ထိုင်းနိုင်ငံဗိသုကာပညာရှင် သုမ်ကီလောပေချရတ်၏ မြန်မာနိုင်ငံ ဗုဒ္ဓရုပ်ပွားတော်များကျမ်းတွင် ရခိုင်–မြောက်ဦးခေတ် (၁၆)ရာစုကြာဖတ် ဆောင်း ဗုဒ္ဓရုပ်ပွားတော်(သဲကျောက်) တစ်ဆူကို ဖော်ပြခဲ့သည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါရုပ်ပွားတော်သည် (၁၆)ရာစု ရခိုင်ယဉ်ကျေးမှုတွင်လည်း ရှိနေကြောင်းတွေ့ရသည်။[၄] (ပုံ ၂၀ ၂၂ ကြည့်)

၁။ ဦးကုလား၊ မဟာရာဇဝင်တော်ကြီး၊ တ–တွဲ၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၁၊ စာ–၅၈။

၂။ ညောင်ရမ်းမင်းလက်ထက်မှသည် သာလွန်မင်းတို့မင်းသုံးပါးအမိန့်တော်၊ အမျိုးသား စာကြည့်တိုက်၊ ရန်ကုန်၊ ပေမူအမှတ်–၂၃၄၊ ကင်းဝန်၊ ကံ–ဝမ်း–ချပ်၊ ကြောင်းရေ–၃။

၃။ Than Tun, **The Royal Orders of Burma, A.D. 1598-1885**, Vol.V, Kyoto. The Centre for Southeast Asian Studies, 1986, pp. 396. 25 (နောင် ကိုးကားလျှင် Than Tun, *ROB* ဟု အတိုညွှန်းမည်)

၄။ Somkiart Lopetcharat, **Myanmar Buddha: the Image And its History**, Siam International Books Company Limited, 2007,p.297.
Lecture at the Faculty of Architecture, King Moungkut Institue of Technology, Lat Krabang, Bangkok, Thailand.

ဘိုးတော်ဘုရား (၁၇၈၂–၁၈၁၉)လက်ထက် အမရပူရမြို့တောင် စေတီ (၄)ဆူအား ဌာပနာသွင်းပူဇော်ရာ၌ ဒက္ခိဏသာခါရုပ်ပွားတော်လည်း အပါအဝင်ဖြစ်သည်။[၁]

သာယာဝတီမင်း (၁၈၃၈–၁၈၄၆)လက်ထက် ၁၈၃၉တွင် သီရိလင်္ကာမှ အရှင်ပညာတိဿသည် သီရိလင်္ကာရှိ စေတီပုထိုးဘုရားဆင်းတုတော်ပုံငယ်များနှင့် ဒက္ခိဏသာခါပုံများကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်။[၂]

ကင်းဝန်မင်းကြီး (၁၈၂၁–၁၉၀၈)တို့၏ သံအဖွဲ့ အင်္ဂလန်သို့သွားခဲ့စဉ်က သီရိလင်္ကာသို့ ဝင်ရောက်နားခို၍ ဒက္ခိဏသခါဘုရားကို ရွှေဆိုင်းဖြင့် ရွှေချပူဇော်ခဲ့ကြောင်း မှတ်တမ်းရေးခဲ့သည်။[၃] ၁၄ ဖွန်၊ ၁၈၅၉နေ့ မင်းတုန်းမင်း (၁၈၅၃–၁၈၇၉)လက်ထက်မန္တလေးမြို့ နန်းတည်ရာသို့ ပုသိမ်မြို့အကောက်ဝန်သား ရောနှင့်သီရိလင်္ကာရဟန်းတို့က ဗောဓိဒက္ခိဏသာခါအသားအပါအဝင် ဗောဓိပင်ကိုပူဇော်ရန်ဓမ္မ လက်ဆောင်အဖြစ်ပို့ခဲ့သည်။[၄] ထို့အပြင်စွယ်တော်ပွား(၁)ဆူနှင့်သီရိလင်္ကာရှိ သာသနိကအဆောက်အဦပုံစံငယ်များကိုပါ ပူဇော်ရန် ပေးအပ်ခဲ့သည်။[၅] ထို့နောက်ဓမ္မလက်ဆောင်တော်များဖြစ်သော ဗောဓိညောင်နှင့်ဒက္ခိဏသာခါ ရုပ်ပွားတော်တို့ကို ဘွဲ့တံဆိပ်တော်ရ လှထွေးဆရာတော်မှ ပွေ့ပိုက်၍ မောရိယ

---

၁။ ဦးမောင်မောင်တင်၊ **ကုန်းဘောင်မင်းဆက်မဟာရာဇဝင်တော်ကြီး။** ပထမတွဲ၊ ရန်ကုန်၊ အောင်မိသားစုစာပေ၊ စာ–၁၉၆။ ၃၄၃၊ ၃၉၇။ (နောင် ကိုးကားလျှင် မောင်မောင်တင်၊ ကဘာဆဟု ညွှန်းမည်။)

၂။ ဦးဘိုနှင့် ဆရာသိန်း (တည်း)၊ **သုသောဓိတမဟာရာဇဝင်ကြီး။** ဆဋ္ဌမတွဲ၊ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်။ ၁၉၂၂။ စာ–၄၀။

၃။ ကင်းဝန်မင်းကြီး၊ ''လန်ဒန်သွားနေ့စဉ်မှတ်တမ်း''၊ပထမတွဲ၊ **မြန်မာစာညွှန့်ပေါင်း။** စတုတ္ထတွဲ၊ ဦးခင်အေး(တည်းဖြတ်)၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၉၃၊ စာ–၃၁၇။

၄။ ဥပတိဿ၊ **ဗောဓိဝင်၊** စာ–၁၃၉။

၅။ ရှင်ကေလာသ၊ **မန္တလေးသာသနာဝင်၊** ပထမတွဲ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။ ၁၉၈၀၊ စာ–၁၄၀။

ပစ္စယနာဂရာဇာ ဆင်တော်ကို ပင့်ဆောင်ခဲ့သည်။ထို့နောက် မန္တလေးမြို့ မြောက်ဘက် ကျောက်တော်ကြီးဘုရား အရှေ့မြောက်ဘက် မဟာရံတံတိုင်း အတွင်း၌ ဒက္ခိဏာသာခါ မဟာဗောဓိကို မင်းတုန်းမင်း ကိုယ်တိုင်စိုက်ပျိုးခဲ့ သည်။ ဗောဓိဒက္ခိဏာသာခါဆင်းတုတော်အပါအဝင် စိန်ဆင်းတု ဓာတ် တော်များကို ရွှေနန်းတော်ဦးကျောင်းတွင် သွင်းထားပူဇော်ခဲ့သည်။ မန္တလေး နေပြည်တော် အရှေ့ပြင်အရပ်ရှိ မဟာအတုလဝေယန်ကျောင်းတော်ကြီး ပြီးစီးသွားသည့်အခါ မဟာဗောဓိသားရုပ်ပွားတော်ကြီး [ဒက္ခိဏာသာခါ] တစ်ဆူနှင့် မံဘုရားကြီးတစ်ဆူကို ပူဇော်ကိုးကွယ်ခဲ့သည်။ မင်းတုန်း မင်းလက်ထက် ၂၃-၇-၁၈၅၈ရက်စွဲပါ ဒက္ခိဏာသာခါ ရုပ်ပွားတော် (၁)ဆူကို မုံရွာခရိုင်သစ်စိမ့်ရွာ၊ ရှင်ပင်ချမ်းသာကြီးဘုရားမှရရှိခဲ့သည်။[၁]

၁၈၇၄တွင် မဟာနွကိဇော်ဂျီကြီးဆက်သလိုက်သော ဗောဓိသား များကို ဒက္ခိဏာသာခါရုပ်ပွားတော် (၁၉)ဆူထုလုပ်ပူဇော်ခဲ့သည်။ ထိုရုပ်ပွား တော်များကို ထုဆစ်ရာ၌ မင်းတုန်းမင်းကိုယ်တိုင် ရွှေဆောက်ကိုကိုင်၍ ထုလုပ်ရာတွင် ပါဝင်ခဲ့သည်။ ထုလုပ်ပြီးစီးသည့်အခါ အများပြည်သူဖူးမြော် နိုင်ရန် နန်းတော်တံခါးဖွင့်၍ ခွင့်ပြုခဲ့သည်။ အဆိုပါဒက္ခိဏာသာခါရုပ်ပွား တော်များကို နန်းတော်ဦး၌ ထားရှိကိုးကွယ်စေခဲ့သည်။ ရုပ်ပွားတော်များ၏ အရွယ်အစားမှာ ၂မိုက်၊ ၈သစ် [၁ပေ၊ ၆လက်မ]ရှိပါသည်။ မင်းညီမင်း သားအပေါင်းတို့က ဒက္ခိဏာသာခါကို ဆုတောင်းတိုင်းပြည့်ဝသည်ဟု ယုံကြည်၍ ရှေးအစဉ်အလာကပင် အထူးပူဇော်ခံရသော ဗုဒ္ဓရုပ်ပွားတော် ဖြစ်ကြောင်း သိရသည်။[၂] သီပေါမင်းပါတော်မူပြီး (၄)နှစ်အကြာ တောင် တော်သာသနာပိုင်ဆရာတော်နှင့် ကင်းဝန်မင်းကြီးဦးကောင်းတို့ ကြီးမှူး၍

၁။ ဒေါက်တာသန်းထွန်း၊ နယ်လှည့်ရာဇဝင်၊ ရန်ကုန်၊ ပြည့်စုံစာအုပ်တိုက်၊ ၂၀၀၄၊ စာ-၁၂၀။ ၁၃၄။ ပုံတွင်ကြည့်ရန်။ (နောင်ကိုးကားလျှင် သန်းထွန်း၊ နယ်လှည့်ဟု ညွှန်းမည်)

(ခ) မောင်မောင်တင်၊ ကဘာဆ၊ တ-တွဲ၊ စာ-၁၉၆-၂၉၂။

၂။ လှသမိန် ဘုရားပေါင်းချုပ်၊ စာ-၁၈၅။

နန်းတော်ဦးမှ အနောက်ပြင် ပြည်ကြီးကျက်သရေအရပ်ရှိ ရွှေကျိုးမြင် စေတီတော်၌ ပြောင်းရွှေ့ထားရှိစေခဲ့သည်။ မင်းတုန်းမင်းလက်ထက် ဒက္ခိဏာ သာခါပူဇော်ထုလုပ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှေးစာဆိုတစ်ဦး၏ တေးထပ်ကဗျာ တစ်ပုဒ်ကိုလည်း နောက်ဆက်တွဲမှတ်စု၌ ဆက်လက်ဖော် ပြထားပါသည်။

သီပေါမင်း (၁၈၇၈–၁၈၈၅)လက်ထက် ၁၈၇၉၊ ဇူလိုင် ၂၀ ရက်နေ့တွင် ဂယာမှပင့်လာသော ဗောဓိအသားကို အရပ်တော် (၅)တောင် [၇. ၅ပေ]၊ ထက်ဝယ်ဖွဲ့ခွေ (၄)တောင် [၆ပေ]အရွယ်တော်မျှ ထုလုပ်၍ သရီရဓာတ်တော်များ၊ ပိဋကတ်တော်၊ ကျမ်းဦးဂါထာတော်များရေးသော ရွှေပေလွှာများ ဌာပနာစေသည်။ ထို့နောက် လွှတ်တော်ရှေ့ မှန်ကျောင်း ဆောင်တွင် ပူဇော်စေခဲ့သည်။ ထို့အပြင် သီပေါမင်းသည် ၁၈၈၀ နှစ်နှင့် ၁၈၈၃ ဧပြီလ (၂၇)ရက်နေ့များတွင် **ဒက္ခိဏာသာခါရုပ်ပွားတော်** အပါအဝင် ရှင်မတောင်ဘုရား၊ ပခန်းစည်သူရှင်ဘုရား၊ မြတ်ပေါင်းမဥ္ဇူ ဘုရားတို့ကို နန်းတော်သို့ပင့်ဆောင်၍ အမွှေးနံ့သာတို့ဖြင့် ရေသပ္ပာယ်ပူဇော်ခဲ့သည်။[၁] ၁၃ ဧပြီ၊ ၁၈၈၄တွင်လည်း အဆိုပါရုပ်ပွားတော်များကို နန်းတော်တောင် ဘက် နန်းမြင့်တွင် အတာသင်္ကြန်ပွဲနှင့်အတူ ရေသပ္ပာယ်ပူဇော်ခဲ့သည်။

## ကိုလိုနီခေတ် ဒက္ခိဏာသာခါ

၁၉၁၂တွင် ကျောက်စာဝန် ချား(လ်)ဒူရွိုင်းဇယ် (C.Duroiselle)က ဒက္ခိဏာသာခါရုပ်ပွားတော်တစ်ဆူကို ရရှိခဲ့ဖူးသည်။ အဆိုပါရုပ်ပွားတော် သည် ခရစ်ယာန်ဘုန်းတော်ကြီး အလက်ဇန္ဒားကာဒေါ့တ် (the Right Reverend Bishop Alexander Cardot)ထံမှ ရှေးဟောင်းပစ္စည်း (၁၆)ခုကို ပေးအပ်ခဲ့ရာမှ တစ်ခုအပါအဝင်ဖြစ်သည်။ သို့ရာတွင် ထိုရှေးဟောင်း ပစ္စည်းများကို မည်သည့်အရပ်ဒေသမှ တွေ့ရှိခဲ့သည်ကိုပင် တင်ပြနိုင်ခြင်း မရှိခဲ့ပေ။ ဒက္ခိဏာသာခါအပါအဝင် ထိုရှေးဟောင်းပစ္စည်း (၁၆)ခုအကြောင်း

၁။ ကေလာသ၊ **မန္တလေး** ပ–တွဲ၊ စာ–၉၀၊ ၉၁။
(ခ) မောင်မောင်တင်၊ **ကဘာဆ**၊ တ–တွဲ၊ စာ–၃၄၃၊ ၃၄၅၊ ၃၉၆ ၄၂၀။
(ဂ) အရှင်တိက္ခာစမ္မလင်္ကာရနှင့် ဒေါက်တာသန်းထွန်းမြန်မာရက်စွဲသမိုင်း။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၀၅၊ စာ–၃၉၄။

ကို ရေးသားဖော်ပြရန် ဒူရွိုင်းဇယ်က မောင်မြ (နောင်ကျောက်စာဝန်ဦးမြ ၁၈၇၈–၁၉၇၃)ကို တာဝန်ပေးခဲ့သည်။ သို့ဖြစ်၍ ဦးမြသည် ၁၉၁၄တွင် မြန်မာနိုင်ငံသုတေသနဂျာနယ်၌ ဖော်ပြခဲ့သည်ကို တွေ့ရသည်။

ကျောက်စာဝန်ဦးမြ ဖော်ပြခဲ့သော ဒက္ခိဏသာခါရုပ်ပွားတော်သည် အမြင့် (၁)ပေနှင့် ၂၁/၂လက်မအရွယ်ရှိသည်။ ရုပ်ပွားတော်နေရာအနှံ့၌ မှို (၇)ချက်ထည့်ထားသည်။ ယင်းနေရာများမှာ နဖူးတော်၊ ပခုံးတော်နှစ်ဖက်၊ တစ်တောင်ဆစ်နှစ်ဖက်နှင့်ဒူးတော်နှစ်ဖက်တို့ပင်ဖြစ်သည်။ လက်တော်ဟန်မှာ ဘူမိဖဿမုဒြာအမျိုးအစားဖြစ်ပြီး ခြေတော်သည် ထက်ဝယ်ဖွဲ့ခွေဟန်ဖြစ်ပါသည်။ ပလ္လင်ပတ်လည်နှင့် ရှေ့မျက်နှာစာတွင်–

ဦးခေါင်း (၃)လုံးပါဆင် [ရောဝဏ်]၊ ကျောအလယ်ဘက်တွင် ယက္ခ (ဘီလူး)ထွက်ပြေးဟန်[နောက်ကျောဘက်]နှင့် ယက္ခအခြား တစ်ဖက်တစ်ချက်၌ မကာရ်ရုပ်တို့ကို ပုံဖော်ထုဆစ်ထားကြောင်း တွေ့ရသည်။ ဦးခေါင်းမဏိတော်ထက်တွင် ကြာဖတ်ဆောင်းဟန်ပါရှိပြီး၊ ပလ္လင်အောက်ခြေတွင် ကြာဖူး၊ ကြာပွင့်နှင့် ငါးရုပ်ပါသော ရေကန်ပါရှိနေကြောင်း တွေ့ရသည်။

ချား(လ်)ဒူရွိုင်းဇယ်က အဆိုပါရုပ်ပွားတော်ကို ဒက္ခိဏသာခါဟူ၍ မဆိုဘဲ ဦးမြကသာ ဖော်ပြခဲ့သော လက္ခဏာများအရ ဒက္ခိဏသာခါဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ထိုရှေးဟောင်းသုတေသနအကြီးအကဲနှစ်ဦးလုံးသည် ရရှိသောအရပ်ဒေသ၊ ခန့်မှန်းရက်စွဲ၊ ထုလုပ်ထားသော ပစ္စည်းအမျိုးအစားများကိုပင် ဖော်ပြခြင်းမရှိခဲ့ပေ။

ဒက္ခိဏသာခါ၏အရင်းအမြစ်ကို ယူဆရာ၌ ဦးမြက ဟိန္ဒူမှ မဟာပိန္နဲ(ဂဏေသျှ)ဖြစ်မည်ဟု ဆိုပါသည်။ အကြောင်းမှာလည်းဂုတ်ပုအိုက်ပုံ၊ ဝဖြိုးနေပုံများမှာ ဒက္ခိဏသာခါနှင့် မဟာပိန္နဲကို ဆက်စပ်ခဲ့ပေသည်။ သို့သော် ဒက္ခိဏသာခါသည် မဟာပိန္နဲကဲ့သို့ ဝမ်းဗိုက်ရွှဲပုံခြင်း မတူဘဲ ဒက္ခိဏသာခါ၌ မသိသာကြောင်းတွေ့ရသည်ဟု ဦးမြကဆိုခဲ့သည်။ ဤနေရာ၌ ဦးမြ၏အယူအဆကို ဆွေးနွေးရန်ရှိလာပါသည်။

မဟာပိန္နဲရုပ်တုကို မြန်မာနိုင်ငံ၌ ပျူခေတ်မှသည် ပုဂံ၊ အင်းဝ ခေတ်အဆက်ဆက် ထုလုပ်ခဲ့သည်ကို တွေ့ရသည်။ မြန်မာဟန် မဟာ ပိန္နဲ၏ သိသာထင်ရှားသော အချက်မှာလည်း အခြားသောဒေသများကဲ့သို့ ပင် ''ဆင်ဦးခေါင်းနှင့် လူကိုယ်''ဟန်ပင်ဖြစ်ပါသည်။ တစ်ဖန် ဒက္ခိဏ သာခါ၏ ဦးခေါင်း၌ ကြာဖတ်ဆောင်းဟန်ဖြစ်ပါသည်။ ထိုကဲ့သို့ ကွာခြား ချက်မှာ ဒက္ခိဏသာခါသည် မဟာပိန္နဲမဟုတ်ကြောင်း ထင်ရှားစေပါသည်။ မြန်မာ့သမိုင်းခေတ်အဆက်ဆက်၌ ဒက္ခိဏသာခါနှင့် မဟာပိန္နဲတို့မှာ အပြိုင်ရှိနေသည့်အတွက် ဒက္ခိဏသာခါ၏အရင်းအမြစ်မှာ မဟာပိန္နဲဟု ဆိုခြင်းသည် ဆက်စပ်မှုမရှိဟုသာ ဆိုရပေဦးမည်။ ထို့အပြင် ဦးမြက ဒက္ခိဏသာခါရုပ်တုသည် တရုတ်မဟာယာနမှ မိလိုဖို (Milo-Fo)ရုပ်တု နှင့် အလွန်တူသည်ဟုလည်း လေ့လာတင်ပြခဲ့ပါသည်။ မိလိုဖိုသည် တရုတ်တွင် ''ကွမ်ယင်''ဟုလည်းကောင်း၊ ''မေတ္တေယျ''ဟုလည်းကောင်း၊ အမိပ္ပာယ်ရပါသည်။ သို့ဖြစ်၍ ကျောက်စာဝန် ဒူရွိုင်းဇယ်နှင့် ဦးမြတို့ လက်ထက် ရှာဖွေတွေ့ရှိခဲ့သော ဒက္ခိဏသာခါသည် ၁၉၁၂ခုနှစ်ထက် စောသောကာလများ (တစ်နည်း–ကိုလိုနီခေတ်ဦး ကုန်းဘောင်ခေတ် စသည်။)က ရုပ်ပွားတော်ဟူ၍ ဆိုနိုင်ပါလိမ့်မည်။

ထို့ကြောင့် ဒက္ခိဏသာခါသည် သီရိလင်္ကာ–မြန်မာ (သာသနာ) ဆက်ဆံရေးကြောင့် ပေါ်ထွန်းလာသော မြန်မာဗုဒ္ဓဘာသာယဉ်ကျေးမှု အသွင်တစ်ရပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ သီဟိုဠ်–မြန်မာဆက်ဆံရေး ကို ပြန်ကြည့်သည့်အခါ မြန်မာသီရိလင်္ကာနှစ်နိုင်ငံတို့သည် ဒေဝါနံ ပိယတိဿ (၂၄၇–၂၀၇ ဘီစီ) လက်ထက်ကပင် စတင်ခဲ့ကြောင်း ရေး

---

၁။ (က) C.D."Our Museum", **Journal of Burma Research Society**, Vol.II, Publishing by the Society, 1912, Kraws Reprint, 1972,p.105. (နောင်ကိုးကားလျှင် JBRS ဟု ညွှန်းမည်။)

(ခ) Maung Mya, "Notes and Reviews Our Museum" **JBRS**,Vol.IV, 1914,pp.220-221 နောက်ဆက်တွဲ၌ ပုံဖြင့်ထပ်မံဖော်ပြထားသည်။

ဟောင်းစာပေတစ်စောင်မှ သိရသည်။ ထိုစာပေအရ ဒေဝါနံပိယတိဿ လက်ထက်တွင် မြန်မာနိုင်ငံ တရိယင်္ဂဒီပ (ယခု ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့)သို့ ကုန်သွယ်ဆက်ဆံရေးရှိကြောင်း သိရသည်။ သီရိလင်္ကာ-မြန်မာရေကြောင်း ခရီးကြာချိန်မှာ (၇)ရက်ခန့်သာရှိသည်ဟု ဖော်ပြထား၏။[၁] [သို့သော် ဤအချက်ကို သမိုင်းဘာသာရပ်ဆိုင်ရာ အတည်ပြုဖို့ ရန်မှာ လိုအပ်နေပါဦးမည်ဟု သိပါသော်လည်း ဤအထောက်အထားမှာ လူသိနည်းလွန်းသည့်အတွက်ကြောင့် ထည့်သွင်းဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။] ဒက္ခိဏသာခါ စတင်ရောက်ရှိချိန်ကို **အစောဆုံးတွေ့ရှိရသော သမိုင်းအထောက်အထားမှာ** ပုဂံခေတ်နားတောင်းများမင်း (၁၂၁၁-၁၂၃၀) အေဒီ ၁၂၂၇ ထိုး အနန္တသူရမောင်နံ့ကျောက်စာပင်ဖြစ်ပါသည်။ ထို့နောက် ခေတ်အဆက်ဆက် ခေတ်စားကျော်ကြားလာခဲ့ကြောင်း အထက်တွင်ဖော်ပြထားပြီးဖြစ်ပါသည်။ ပျူခေတ်သရေခေတ္တရာမှ တွေ့ရှိရသည်ဟု ရှေးဟောင်းသုတေသနအစီရင်ခံစာတွင် တွေ့ရှိရပါသော်လည်း ခာတ်ပုံမှတ်တမ်းမရှိတော့သည့်အတွက် လက်ခံရန်မလွယ်ကူနိုင်ပါ။

ထို့နောက် ပုဂံခေတ် မြန်မာဗုဒ္ဓဘာသာဝင်များအကြားတွင် ညောင်တော်အခက်နှင့် ပြုသောဘုရား (ဒက္ခိဏသာခါ)ယုံကြည် ကိုးကွယ်မှုနှင့် ယင်း၏ သီရိလင်္ကာပါဠိစာပေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများကိုလည်း တစ်ဘက်၌ အခိုင်အမာတွေ့ရှိရပါသည်။

## မီးကွင်းကြောင်းယုံကြည်မှု

သို့ဖြစ်၍ ပုဂံခေတ်နှောင်းပိုင်းမှစ၍ "ဒက္ခိဏသာခါ" ဆင်းတုတော်သည် ဗောဓိဝင် မဟာဝင်ကျမ်းဂန်စာပေနှင့်အတူ ခေတ်စားလာကြောင်း ဆိုနိုင်ပါသည်။ တစ်ဖန် သမိုင်း၏ ခေတ်အဆက်ဆက်မြန်မာ ဗုဒ္ဓဘာသာဝင်တို့သည် "ဒက္ခိဏသာခါ" ဟူသောအမည်ကို သီရိလင်္ကာ၊

၁။ မဟာရာဇဝင်တော်ပုံကျမ်း၊ ရန်ကုန်၊ ရှေးဟောင်းမြန်မာပေနှင့် ပုရပိုက်ဌာန၊ ပေအမှတ် ၁၁၂၉၊ ဃော်/ဝမ်း၊ ကျောချပ်များ၊ (၉)ကြောင်းပေအမျိုးအစား။

အနုရာဓပူရရှိ မဟာဗောဓိပင်တော်ကြီးကိုသာလျှင် အဓိကရည်ညွှန်းနေကြောင်း တွေ့ရပါသည်။ မြန်မာတို့သည် ဒက္ခိဏသာခါဟုဆိုလိုက်လျှင် **“မီးကွင်း”** သော တန်ခိုးဣဒ္ဓိပ္ပာဒ်နှင့်ပါ ဒွန်တွဲနားလည်သိရှိထားပါသည်။ ထို့ကြောင့် စဉ်းစားဖွယ်ရာမှာ မြန်မာဒေသခံတိုင်းရင်းသားများအတွက် **မီးဘေးအန္တရာယ်**များ ကြုံဆုံနေခဲ့ရမည်လောဟူ၍ပင် ဖြစ်ပါသည်။ ဒက္ခိဏသာခါ၏ ရှေးအကျဆုံးအထောက်အထားဖြစ်သည့် အေဒီ ၁၂၂၇ ထိုး အနန္တသူရအမတ်မောင်နှံကျောက်စာနှင့် ခေတ်ပြိုင်ကျောက်စာများကို ဆက်၍လေ့လာကြည့်ပါသည်။ ထိုအခါ အေဒီ ၁၂၂၅ ထိုးသော **“ဖုန်သည်သုခမိန်ကျောက်စာ”**တွင် အောက်ပါအတိုင်း တွေ့ရသည်။

၁။ သကရစ် ၅၈၇ ခု မြိုက္ကသိုရ်နှစ် ဝိဿနက်
၂။ က်သတ်ပြည်ခပင်လောင်သောက္လမ်တဝ်ကျွောင်တ
၃။ ဝ်လေလောင်သောမာဖိလောင်သိယ်သော ကူဆုန်လဆန်၂
၄။ ရက်သူကြွနိယ္ဝ်[1]

[ခေတ်သုံးပြောင်းလဲခြင်း]

၁။ သက္ကရစ် ၅၈၇ ခု၊ မာဂနက္ခတ်
၂။ [နက္ခတ်] ပြည်ခပင်းလောင်သော အိမ်တော် [နန်းတော်] ကျောင်း
၃။ တော်လေလောင်သော မဟာဖိ[?ရဟန်းဘွဲ့အမည်] လောင်သေသော

ကဆုန်လဆန်း(၂)ရက် သောကြာနေ့ [ ၉ ဧပြီ ၁၂၂၅ ] ဟူ၍ဖြစ်ပါသည်။ သို့ဖြစ်၍ အနန္တသူရမောင်နှံကျောက်စာရေးထိုးချိန် မတိုင်မီ (၂)နှစ်ခန့်က ပုဂံ၌ မီးလောင်ခံရသည်မှာမင်း၏ နန်းတော်ပါမကျန် ကြီးမားစွာထိခိုက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အတူ ဘိုးတော်ဘုရားလက်ထက် (၈ မတ်၊ ၁၇၈၈) နေ့တွင် **ဒက္ခိဏသာခါဘုရားပူဇော်ပွဲ**ကို

၁။ ငြိမ်းမောင် (တည်း)၊ **ရှေးမြန်မာကျောက်**၊ ပထမတွဲ၊ စာ–၁၇၄၊ ကြောင်းရေ–၁မှ၃။

နန်းတော်၌ ကြီးကျယ်ခမ်းနားစွာပြုလုပ်ခဲ့ကြပါသည်။[၁] အဆိုပါ ၁၇၈၈ ခုနှစ်၏ ဖေဖော်ဝါရီလ ၈ရက်၊ ၁၃ရက်နှင့် ၂၄ ရက်နေ့ထုတ် ခေတ်ပြိုင်အမိန့်တော်များတွင် အောက်ပါအတိုင်းတွေ့ရပါသည်။

> . . . သက္ကရာဇ် ၁၁၄၉ ခု ပြာသိုလပြည့်ကျော် (၁၂)ရက် [၈ ဖေဖော်ဝါရီ၊ ၁၇၈၈] နေ့ မီးလောင်သည့် အရပ်ခေါင်းတို့သည် အရပ်သားတို့ကို နှိုးဆော်၍ မီးလောင်စ စွဲစကငြိမ်းအောင်မသတ်နိုင်သောကြောင့် အများလောင်ရခြင်းဖြစ်သည်။ သင်တို့အရပ်ခေါင်းအကြီးတို့ကို မောင်းကျော်ပြီးလျှင် ရွှေမြို့တော်အတွင်းပြင် အရပ်ခေါင်တို့ကို ပြ၍ ရိုက်၊ ရွှေမြို့တော်အတွင်း အိမ်များမှာ ဝါးကပ်ပြား ရိုင် မမိုးမကာစေနှင့်၊ လမ်းသေးလမ်းမတန်းအိမ်များမှာ အထက်တိုင်းတာ သတ်မှတ်ပေးသည့်အတိုင်းသာ ဆောက်လုပ်၍ နေစေ၊ တိုးပွား၍မဆောက်လုပ်စေနှင့်၊ ဆိုင်ကနားဆွယ်၍လည်း မဆောက်လုပ်စေနှင့်၊ အရပ်ခေါင်းသွေးဆော်တို့ကို မီးမှုထင်းမှုမရှိစေရ၊ မြို့ဝန်တို့က ချိတ်ချွန်းလောဝါးမီးကပ်ရေအိုးများကို နှိုးဆော်စီရင်၊ နောင်မီးမှုထင်းမှုရှိသည်ကြားရလျှင် မြို့ဝန်တို့ ရာဇဝတ်တော်ခံရမည်။[၂]

ထို့နောက် ၁၃ ဖေဖော်ဝါရီ၊ ၁၇၈၈ ခုနှစ်နေ့စွဲပါ အမိန့်တော်၌ မီးဘေးသင့် ပြည်သူများ အိုးအိမ်ဆောက်လုပ်ရန် ယာယီအိမ်များအတွက်လည်းကောင်း၊ ဘုရင့်ကျီတော်မှ တစ်အိမ်လျှင် စပါး (၂)တင်းစီအားလည်းကောင်း၊ ရေနှင့်ထမင်းဟင်းများအတွက် အိမ်စေ့ပေးရန် အမိန့်တော်ထုတ်ပြန်ခဲ့သည်။

---

၁။ Ibid,p.396. နောက်ဆက်တွဲ၌ တင်ပြထားသည်။

၂။ သန်းထွန်း၊ နယ်လှည့်၊ စာ-၂၂၃။ ''မီးကွင်း''ကြောင်း ယုံကြည်မှုကို သီးခြားဆွေးနွေး တင်ပြထားပါသည်။

(ခ) Than Tun, **ROB**, Vol.V. pp. 365.371.


အလားတူ သီပေါမင်းလက်ထက် "ဒက္ခိဏသာခါ" ရုပ်ပွားတော် အပါအဝင် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်သော ၁၈၈၃ ခုနှစ်ကာလ မှာလည်း မန္တလေး၌(၄)ကြိမ်တိုင်တိုင် မီးကြီးလောင်သောနှစ်ပင် ဖြစ်ပါ သည်။[၁]

သို့ဖြစ်၍ တိုက်ဆိုင်လေ့လာကြည့်ပါက ဒက္ခိဏသာခါ ရုပ်ပွား တော် ပူဇော်ပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် သမိုင်းအထောက်အထားများ တွေ့ရှိလာသည့်အခါ အများပြည်သူများတွင် မီးဘေးအန္တရာယ်ကြုံဆုံနေ ရချိန်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာမင်းတို့သည် ဆိုင်ရာ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာများ အလေးထားဆောင်ရွက်ပေး သကဲ့သို့ တစ်ဘက်တွင်လည်းယုံကြည်ကိုးကွယ်မှုအရ ဒက္ခိဏသာခါပူဇော် ပွဲများကိုလည်း ဆောင်ရွက်ပေးလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ပူဇော်ကိုးကွယ်မှုဆိုင်ရာ သမိုင်းအထောက်အထားအရ ဒက္ခိဏသာခါ ရုပ်ပွားတော်သည် မင်းကိုယ်တိုင်ထုလုပ်သည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။ ဘုရင်က အိမ်ရှေ့အရာအပ်နှင်းလိုက်သော သားတော်အား ဒက္ခိဏသာခါ ကိုပါ ပူဇော်စေရန် ဗုဒ္ဓဘာသာရိုးရာ အမွေပေးခဲ့ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ဒက္ခိဏသာခါသည် မင်းကိုးကွယ်သော ဘုရားဆင်းတုဖြစ်သည်။ နောက်ပိုင်းခေတ်ရောက်မှသာ ပြည်သူအများ ထားရှိကိုးကွယ်လာခဲ့ကြ ခြင်းပင်ဖြစ်သည်။



ပဲခူးကလျာဏီကျောက်စာ

၁။ သန်းထွန်း၊ နယ်လှည့်၊ စာ-၂၂၃။
(ခ) တိက္ခာဓမ္မလင်္ကာရ၊ ရက်စွဲသမိုင်း၊ စာ-၃၆၅။



## ဒက္ခိဏသာခါ တိုးတွယ်ရသည့် အကျိုးထူးများ

ဒက္ခိဏသာခါ ရုပ်ပွားတော်အား ထုလုပ်စီမံထားသော အယူအဆများသည် မြန်မာဗုဒ္ဓဘာသာဝင်များ၏ ထူးခြားသော ဘာသာရေးဆိုင်ရာ စိတ်ကူးနှင့် သဒ္ဓါတရားတို့ကို တွေ့ရသည်။ အကြောင်းမှာ ဘုရားဆင်းတုတော်တစ်ဆူထုတည်း၌ စေတီ (၄)ပါး အလုံးစုံကို တစ်ပါတည်း ပေါင်းစပ်ဖွဲ့စည်းထားခြင်းကြောင့်ဖြစ်သည်။

| စေတီအမျိုးအစား | အကြောင်းတရား |
|---|---|
| ဥဒ္ဒိဿစေတီ | ဗုဒ္ဓရုပ်ပွားတော်ဖြစ်ခြင်း၊ |
| ပရိဘောဂစေတီ | ဗောဓိညောင်ကိုင်းသားဖြင့် ထုဆစ်ထားခြင်း၊ |
| ဓာတုစေတီ | မှို (၉)ချက်၌ဓာတ်တော်များအားဌာပနာခြင်း၊ |
| ဓမ္မစေတီ | ပိဋကတ်ကျမ်းဦးပါဠိဂါထာများ ဌာပနာခြင်း၊ ပိဋကတ်ပြာဖြင့် စီမံခြင်း၊ |

ထို့ကြောင့် ဒက္ခိဏသာခါသည် စေတီ (၄)ပါး အလုံးစုံထိုက်သော ဗုဒ္ဓဆင်းတုတော်တစ်ဆူဖြစ် ပါသည်။

## သီဟိုဠ်ကျမ်းအဆို

ဗောဓိပင်နှင့် ရုပ်ပွားဆင်းတုတော်များပူဇော်ရသည့်အကျိုးနှင့် စပ်လျဉ်း၍ အထူးခြားဆုံးတွေ့ရှိရသော စာပေမှာ အရှင်စူဠဗုဒ္ဓဃောသ ပြုစုသော "သောတတ္တကီပါဠိကျမ်း" မှာပင်ဖြစ်ပါသည်။ ဤကျမ်းတွင်

ယောပဗ္ဗဇိတော စ၊ အကြင်ရဟန်း ၎င်း၊
ယော နရော စ၊ အကြင်လူ ၎င်း၊
ယော ကောစိ၊ အမှတ်မထင် အကြင်တစုံတယောက်
သောသူသည် ရုက္ခံ၊ ဗောဓိပင်ကို၊ ရောပေတိ၊ စိုက်ပျိုး
၏။ ယောစ၊ အကြင်သူများကား၊ သတ္ထု၊ မြတ်စွာ
ဘုရား၏။ ဗိမ္ဗံ၊ ဆင်းတုတော်ကို၊ ကရော၊ ပြု၏။
သော၊ ထိုဗောဓိပင်စိုက်ပျိုးသောသူ ဆင်းတုပြုသောသူ
သည်။ ခုဝံ၊ မချွတ်။ ဗုဒ္ဓေါဘဝိဿတိ၊ ဘုရားဖြစ်လတ္တံ့။
တသ္မာ၊ ထို့ကြောင့်။ သဗ္ဗညုတဉာဏနံ၊ သဗ္ဗညုတ
ဉာဏ်တည်းဟူသော၊ ဥစ္စာကို။ ကင္ခန္တော၊ အလိုရှိသော၊
ပညဝါ၊ ပညာရှိသော၊ နရော။ ပုဂ္ဂိုလ်သည်။ သဗ္ဗ
ဗုဒ္ဓေဟိ၊ အလုံးစုံသော ဘုရားသခင်တို့သည်။ ဝဏ္ဏိတံ၊
ချီးမွမ်းအပ်သော၊ တံ ဗိမံ၊ ထိုဆင်းတုတော်ကို။ ကရေ
ယျ၊ ပြုရာ၏။[၁]

၁။ စူဠဗုဒ္ဓဃောသ၊ **သောတတ္တကီပါဠိ**၊ ဦးအာလောက (ပြန်ဆို၊ တည်းဖြတ်)၊ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၂၈၊ စာ–၂၈၄–၂၈၅၊ ဤကျမ်းသည် အင်းဝခေတ် အေဒီ ၁၄၄၂၊ တက်နွယ်ကျောင်းကျောက်စာတွင် ကျမ်းစာအမှတ် (၉၅)၊ "**ဇာတ္တကီ သောတတ္တကီနိဒါနအဌကထာ**" ဟု ဖော်ပြပါရှိသည်။ (Bode, *Pali Literature of Burma*, p-104)ဤ ကျမ်းကို ၁၉၂၈ တွင် ညောင်တုန်းရွှေဟင်္သာတောရဆရာတော်ကြီး၏ တပည့်ဖြစ်သူ စာချဆရာတော် ဦးအာလောကက နိဿယပြန်ဆိုထားခြင်းဖြစ်ပါသည်။

## ရေသပ္ပာယ်ရသည့် အကျိုး

ထို့အပြင် ဒက္ခိဏာသာခါရုပ်ပွားတော်ကို ရေသပ္ပာယ်၍ အဆိုပါရေကို သောက်လျှင် ရောဂါဝေဒနာအပေါင်း၊ ပယောဂအဖမ်းအဆီးဟူသမျှ ကင်းလွတ်ကြောင်း မဟောသရဂိုဏ်းဆရာကြီး ဦးသက်ရှည်၏ "လက်တွေ့မဟာဒီပံအင်းသိုက်ကြီး" အမည်ရှိကျမ်းတွင် ဖော်ပြထားသည်။[၁] အလားတူ ဤယုံကြည်မှုကို ဝက်မစွက်ဝန်ထောက်ဦးလတ် (၁၈၆၆–၁၉၂၁)၏ နေ့စဉ်မှတ်တမ်း၊ ၂၄ ဇူလိုင်၊ ၁၈၉၆ ရက်စွဲပါ ဖော်ပြချက်တွင် . . .

> . . . လယ်ကိုင်ဝန်ပင့်လာသည့် ယင်းတော်ဝန်မင်းထံမှ ပိဋကတ်မံ ဘုရားမဟာဗောဓိ၏ ချိုးတော်ရေကိုတိုက်လျှင် ပယောဂပျောက်သည်ဟု ပြောကြသည်။[၂]

ဟူ၍ ဖော်ပြထားပါသည်။ ဤဆင်းတုတော်မှာ ဒက္ခိဏာသာခါသာလျှင် ဖြစ်နိုင်ဖွယ်ရှိပါသည်။ "မီးမလောင်နိုင်ခြင်း" ဟုဆိုသော ယုံကြည်မှုမှာ ဒက္ခိဏာသာခါရုပ်ပွားတော်၌ အထူးယုံကြည်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

## အဂ္ဂိရဗောဓိ

မီးကွင်းကြောင်း ယုံကြည်မှုသည် "အဂ္ဂိရဗောဓိ" အပေါ်တွင် အခြေခံမည်ဟု ယုံကြည်ရပါသည်။ ထိုအမည်နာမ ခေါ်တွင်လာရသော အကြောင်းလည်းရှိပါသည်။ ရာမာဓိပတိမင်း ရေးထိုးခဲ့သော "ပဲခူးမဟာဗောဓိ(မွန်)ကျောက်စာ"တွင် အဂ္ဂိရဗောဓိကို ဖော်ပြထားသည်။

---

၁။ မဟောသရဂိုဏ်းဆရာကြီး ဦးသက်ရှည်၊ လက်တွေ့မဟာဒီပံအင်းသိုက်ကြီး။ ရန်ကုန်မြို့။ နစ်၊ ပုံနှိပ်တိုက်၊ စာပေ မပါ။ စာ–၃၄–၃၇။

၂။ သန်းထွန်း (တည်းဖြတ်) ဝက်မစွက်ဝန်ထောက်ဦးလတ်၏ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ မြန်မာသမိုင်းအဖွဲ့၊ ၂၀၀၅၊ စာ–၉။

(ခ) သန်းထွန်းနှင့် အုန်းကြည် (တည်းဖြတ်) ဝက်မစွက်ဝန်ထောက်ဦးလတ်၏နေ့စဉ်မှတ်တမ်း။ ဒုတိယတွဲ၊ ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန ၂၀၀၇၊ စာ–၃၆၁။

အိန္ဒိယတွင် ဓေလိ (မူဆလင်)မင်းတို့ ကြီးစိုးလာစဉ် မဟာဗောဓိပင်တော်ကြီးကို ခုတ်လှဲဖျက်ဆီးခဲ့ကြသည်။ မီးရှို့ခြင်းဖြင့် မရသောအခါတွင် ခုတ်လှဲစေခဲ့သည်။ သို့သော် အခက်အလက်အရွက်များ မူလအတိုင်းထက်ပင် ဖွံ့ဖြိုးဝေဆာလာခဲ့သည်။ ထို့နောက် အမြစ်တို့ကို တူးဖြိုမီးရှို့စေခဲ့သည်။ သို့သော် ယခင်ကထက်ပို၍ ကြီးထွားလာခဲ့၏။ ဤကဲ့သို့ မီးကျီးခဲကြားမှပင် ပေါက်ဖွားလာခဲ့ခြင်းကြောင့် "အဂ္ဂီရဗောဓိ" ဟု ခေါ်ဆိုရခြင်းဖြစ်သည်။[၁]

ထို့အပြင် ဒက္ခိဏသာခါရုပ်ပွားတော်တွင် ရေကန်ပါရှိခြင်း ကြာရိုးကြာစွယ်ကြာဖတ်တို့အုပ်မိုးထားခြင်းနှင့် ဆက်နွယ်နေပါဦးမည်။ အကြောင်းမှာ မီးကိုနိုင်သောအရာမှာ "ရေ"သာလျှင်ဖြစ်သည်။ ရေကန်ရှိ ကြာပွင့်ထက်မှ ဖြစ်ထွန်းလာသောဘုရားဖြစ်၍ "မီးကွင်း" သည်ဟူသော ယုံကြည်မှုပေါ်ရကြောင်းဖြင့်လည်း ယူဆစရာရှိလာ၏။ ဤအချက်မှာ ဒက္ခိဏသာခါရုပ်ပွားတော်၏ သွင်ပြင်လက္ခဏာအရ ဆိုရခြင်းဖြစ်ပါသည်။ သို့သော် မြန်မာတို့တွင် ဒက္ခိဏသာခါယုံကြည်မှုသည် မဟာဗောဓိပင်ဖြင့်သာ အဓိကဆက်စပ်လျက်ရှိနေသည်။ ထို့ကြောင့် မီးကွင်းကြောင်း ယုံကြည်မှုမှာ "အဂ္ဂီရဗောဓိ" ပေါ်မှာသာ အခြေခံမည်ဟု ယုံကြည်ရပါသည်။

လောကီ (အင်း၊ အိုင်၊ ခါးလှဲ့၊ ဂါထာ၊ မန္တာန်)ကျမ်းများမှာလည်း ဒက္ခိဏသာခါပူဇော်ရသည့်အကျိုးများကို ဖော်ပြရာ၌ "ပစ္စည်းဥစ္စာအိမ်ရာများ မီးမလောင်နိုင်ခြင်း" ဟူ၍ ပါရှိပါသည်။


## မုံရွေးဆရာတော်၏အမြင်

ဒက္ခိဏသာခါ ထုလုပ်ကိုးကွယ်ရခြင်းနှင့် အကျိုးတရားဆိုင်ရာနှင့် စပ်လျဉ်း၍ မုံရွေးဆရာတော်က ဤသို့မိန့်ဆိုပါသည်။

၁။ "ပဲခူး၊ မဟာဗောဓိကျောက်စာ (မွန်)၊ "**ရွှေဟောင်းမွန်ကျောက်စာပေါင်းချုပ်**"၊ ရန်ကုန်၊ ရွှေဟောင်းသုတေသနဦးစီးဌာန၊ ၁၉၆၅၊ စာ-၈၄-၈၅။

"... တင့်တယ်စွာ ထုလုပ်ထားသည့် ဗုဒ္ဓဆင်းတုတော်များသည် ဥဒိကစေတီချည်းပင်ဖြစ်၍ ကိုးကွယ်ပူဇော်သူများအတွက် ပစ္စုပ္ပန်နှင့် သံသရာတွင် လူ၊ နတ်ချမ်းသာကိုရရှိ၍ အဆုံး၌ ဝိမုတ္တိရသ (နိဗ္ဗာန်) ရရှိမည်ဟု နှလုံးပိုက်ယူသင့်ပါသည်။"[၁]


ဟူ၍ လမ်းညွှန်မိန့်ဆိုခဲ့ပါသည်။



၁။ မုံရွေး၊ သမင္တစကျ၊ စာ-၄၀၅။



**ပုံ (၂ • ၁)** ဓမ္မစေတီမင်း ယူဆောင်ခဲ့သော ဒက္ခိဏာသာခါ မဟာဗောဓိပင်၏
တတိယမျိုးဆက်ပင်နှင့်မဟာဗောဓိစေတီတော် ဗောဓိကုန်းကျောင်းတိုက်၊ ရန်ကုန်။



**ပုံ (၂ • ၂) ဒက္ခိဏာသာခါ မဟာဗောဓိပင်၊ အနုရာဓပူရ၊ သီရိလင်္ကာနိုင်ငံ**
(ယခုမြင်တွေ့ရသည့်ပုံ)



**ပုံ (၂ • ၃) ဒက္ခိဏာသာခါ မဟာဗောဓိပင်၊ အနုရာဓပူရ၊ သီရိလင်္ကာနိုင်ငံ**

(၁၈၅၉ ခုနှစ်က ရိုက်နှိပ်သော ဆာဂျေအီမာရက် (စ်) ဂန်းနက်၏
စီလွန် (Ceylon) စာအုပ်မှ ကူးယူဖော်ပြသည်)




ပုံ (၂ ・ ၅) ယနေ့ခေတ် ဒက္ခိဏာသာခါရုပ်ပွားတော်၊ ပန်းချီပုံ
(ကလေးအသွင်ပေါ်လွင်ထင်ရှားစွာ
ရေးဆွဲထားဟန်ဖြစ်ပါသည်)



ပုံ (၂ ・ ၄) ဒက္ခိဏာသာခါ


မြန်မာအဘိဓာန်တွင် ဖော်ပြထားပုံ




ပုံ (၂ • ၆) ကြာဖတ်ဆောင်း ဘူမိဖဿမုဒြာ၊ ဓမ္မရာဇိကဘုရား၊ သဲကျောက်
(ဘေးမှမြင်ရပုံ)



**ပုံ (၂ . ၅)** ကြာဖတ်ဆောင်း၊ ဘူမိဖဿမုဒြာ၊ ၁၃–ရာစု (ပုဂံခေတ်)
သဲကျောက်၊ ဓမ္မရာဇိကဘုရားအနောက်တောင်ဘက်၊
ပုဂံရှေးဟောင်းသုတေသနပြတိုက်
(ကိုယ်တိုင်ရိုက်ကူးသည်)



ပုံ (၂ . ၈) ကြာဖတ်ဆောင်း၊ ဘူမိဖဿမုဒြာ၊ ၁၃–ရာစု (ပုဂံခေတ်) သဲကျောက်၊ မွေရာဇိကဘုရားအနောက်တောင်ဘက်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်
(ကိုယ်တိုင်ရိုက်ကူးသည်)



**ပုံ (၂ • ၉)** ကြာဖတ်ဆောင်း၊ ဘူမိဖဿမုဒြာ၊ ပုထိုးသားများ၊
ပုဂံ၊ ၁၃-ရာစု (ဘေးတိုက်ပုံ)




ပုံ (၂ ● ၁၀) ကြာဖတ်ဆောင်း၊ မြေစကျမုဒြာ၊ ပုဂံ၊ သမ္မလဘုရား
နံရံဆေးရေးပန်းချီ



ပုံ (၂ . ၁၁) ကြာဖတ်ဆောင်း၊ ဘူမိဖဿမုဒြာ၊ ပုဂံ၊ သမ္မုလဘုရား၊
နံရံဆေးရေးပန်းချီ (ရှေး–သု၊ ရန်ကုန်)



ပုံ (၂ . ၁၂) ကြာဖတ်ဆောင်း၊ ဗုဒ္ဓဦးခေါင်းတော်၊ ပုဂံ၊
အနောက်သမ္မုလဘုရား
(၁၉၁၉-၂၀ ရှေးဟောင်းသုတေသနဦးစီးဌာနဓာတ်ပုံစာရင်းမှ)



ပုံ (၂ ● ၁၃) အသောကမင်း၏သမီး သံဃမိတ္တာထေရီက ဒက္ခိဏာသာခါ
မဟာဗောဓိပင် ပင့်ဆောင်လာပုံ၊ ပုဂံ၊ သကျမုနိဘုရား၊ နံရံဆေးရေးပန်းချီ
(ရှေး-သု၊ ရန်ကုန်၊ ကိုယ်တိုင်ပုံတူဆွဲသည်)



ပုံ (၂ • ၁၄)

**ဒက္ခိဏသာခါ ရုပ်ပွားတော်၊ ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ကျောင်းဖြစ်သော ရွှေတောင်မြို့၊ ဗိုလ်ရုံကျောင်းတိုက်မှ ပုံတော်**

(ကျိုးသဲလေးထပ်ဆရာတော်၏ **စွယ်စုံကျော်ထင်ကျမ်း**မှ ကူးယူသည်)



ပုံ (၂ . ၁၅) ဗောဓိရိုး ဒက္ခိဏသာခါဟန် (စစ်ကိုင်း၊ ထူပါရုံစေတီ)
(ကိုယ်တိုင်ရိုက်ကူးသည်)




**ပုံ (၂ • ၁၆) ဒက္ခိဏာသာခါ ဘေးတိုက်မြင်ရပုံ**
(စစ်ကိုင်းတိုင်း ထူပါရုံစေတီ) ကိုယ်တိုင်ရိုက်ကူးထားသည်။




**ပုံ (၂ . ၁၇)** ၂၃၊ ၇၊ ၁၈၅၈ ရက်စွဲပါ **ပောဓိရိုး၊ ဒက္ခိဏာသာခါပုံ**
ရှင်ပင်ချမ်းသာကြီးဘုရား၊ သစ်စိမ့်ရွာ၊ မုံရွာခရိုင်
(ဒေါက်တာသန်းထွန်းနယ်လှည့်ရာဇဝင်မှ)



ပုံ (၂ . ၁၈) ၂၃၊ ၇၊ ၁၈၅၈ ရက်စွဲပါ **ဓောဓိရိုး၊ ဒက္ခိဏာသာခါပုံ**
ညောင်ကုန်း၊ ပုလဲအနောက်၊ မုံရွာခရိုင်
(ဒေါက်တာသန်းထွန်းနယ်လှည့်ရာဇဝင်မှ)



**ပုံ (၂ • ၁၉) ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရား (၃)ဆူပုံ**

ဒေါ်ရင်ရင်မြ (နည်းပြ၊ သမိုင်းဌာန၊ မအူပင်တက္ကသိုလ်မှ ကူညီပေးသည်။)



ပုံ (၂ . ၂၀) ဒက္ခိဏာသာခါပုံတော်၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊
အမြင့်ဒေသရှိ ရွှေကြိုးရာဇ်ဘုရား။

မောင်မောင်ချစ်ဦး **ရှေးဟောင်းအမြင့်မြို့**



၁၉၁၂ ခုနှစ်၊ ကျောက်စာဝန်
ဒူရွိုင်ဇယ်နှင့် ဦးမြတို့တွေ့ရှိခဲ့သော
ဒက္ခိဏာသာခါပုံ



ကျောဘက်မြင်ရပုံ



အောက်ခြေမှ ကြာကန်




ပုံ (၂ • ၂၁) ဒက္ခိဏသာခါ ဆုတောင်းပြည့် ရွှေကျီးမြင်ဘုရား၊ မန္တလေး

(ဒေါက်တာအေးအေးချော၊ သမိုင်းဌာန၊ ရတနာပုံတက္ကသိုလ် ကူညီရိုက်ကူးသည်)



ပုံ (၂ • ၂၂) ကြာဖတ်ဆောင်း ဗုဒ္ဓရုပ်ပွားတော် (မြောက်ဦး ၁၆ရာစု)၊ ရခိုင်
Lopetcharat, **Myanmar Buddha**,2007,p.297



ပုံ (၂.၂၃) ဒက္ခိဏာသာခါရုပ်ပွားတော်ရွှေကျီးမြင်ဘုရား၊ မန္တလေး



ပုံ (၂-၂၄) ကြေးသွန်း ဒက္ခိဏသာခါရုပ်ပွားတော်အမြင့် ၁၆. ၀
စင်တီမီတာ၊ ၁၈-၁၉ ရာစု (မျက်နှာတော်ပုံ)
**Otto Karow, BBS.**



ပုံ (၂-၂၅) ကြေးသွန်း ဒက္ခိဏာသာခါရုပ်ပွားတော်အမြင့် ၁၆. ၀
စင်တီမီတာ၊ ၁၈-၁၉ ရာစု (ကျောဘက်ပုံပုံ)
**Otto Karow, BBS.**



**ပုံ (၂ . ၂၆)** ကြာဖတ်ဆောင်း ဒက္ခိဏသာခါကြေးသွန်းရုပ်ပွားတော်၊
အမြင့် (၂၀) စင်တီမီတာ၊ ၁၈–၁၉ ရာစု
Otto Karow, ***BBS***



ပုံ (၂ • ၂၇) ကြာဖတ်ဆောင်း ဗုဒ္ဓရုပ်ပွားတော်၊ ကြေးသွန်း၊ အမြင့် ၄၃ ဝစင်တီမီတာ၊ ၁၈၇၃ ခုနှစ်၊ ဝရဒမုဒြာ၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။
Otto Karow, *BBS*

အခန်း (၇)

# ရုပ်တုဗေဒဆိုင်ရာသုတေသန



## ဒက္ခိဏသာခါ ထုလုပ်ပုံ အယူအဆများ

ဒက္ခိဏသာခါထုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားသည်။ ယင်း (၂)မျိုးမှာ–

**သီဟိုဠ်ပုံ** ဒက္ခိဏသာခါ နှင့်

**ဗောဓိရိုး** ဒက္ခိဏသာခါ

ဟူ၍ပင်ဖြစ်သည်။ သီဟိုဠ်ပုံ ဒက္ခိဏသာခါဆိုသည်မှာ **ယခုခေတ်မြင်တွေ့နေရသော ကလေးအသွင် ဒက္ခိဏသာခါဟန်**ဖြစ်ပြီး ဗောဓိရိုး ဒက္ခိဏသာခါဟန်ဆိုသည်မှာ **မြန်မာဟန် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူဟန်**ပင်ဖြစ်ပါသည်။ မြန်မာဟန်သည်လည်း ကြာဖတ်ဆောင်း၍ "မဟာပုရိသလက္ခဏာတော်" ဟန်ဟုပင် ဆိုနိုင်ပါဦးမည်။ သို့ဖြစ်၍ မြန်မာဟန် "ဗောဓိရိုး ဒက္ခိဏသာခါ" ဆင်းတုတော်မှာ သပ္ပာယ်နေပေ၏။ ထို့ကြောင့် ၁၉၆၈ ခုနှစ်တွင် မြန်မာ့သမိုင်းပညာရှင် **ပါမောက္ခဒေါက်တာသန်းထွန်း** (၁၉၂၃–၂၀၀၅)က–

. . . ယနေ့ခေတ်ပုံက **သီဟိုဠ်ပုံလို့** သိရပါတယ်။
မြန်မာပုံကို သီဟိုဠ်ပုံနဲ့ကွဲပြားအောင် **ဗောဓိရိုးပုံ**လို့

ခေါ်တယ်။ အမှန်ကိုပြောရရင် အခုအခါသီဟိုဠ်ပုံ ခေတ်
စားနေပေမယ့် ဗောဓိရိုးပုံကပိုပြီးသပ္ပာယ်ပါတယ်။[၁]

ဟူ၍ ဆိုခဲ့သည်။ ဤနေရာ၌ သီဟိုဠ်ပုံ (သီရိလင်္ကာ) ဆိုခြင်းသည် တစ်ဆင့်ခံသာဖြစ်ပါသည်။ အကြောင်းမှာ မြန်မာဗုဒ္ဓယဉ်ကျေးမှုရှိ ဗောဓိပင် တောင်ကိုင်းသားကို ဘုရားထုဆစ်ကိုးကွယ်သောဓလေ့မျိုးသည် သီရိလင်္ကာတွင် မရှိပေ။ ထို့အပြင် ယနေ့ခေတ်ထုလုပ်သော ဒက္ခိဏာသာခါဟန် [ကလေးအသွင် ကြာဖက်ဆောင်းခြင်း၊ လက်တော်ဆန့်တန်းခြင်း]မျိုးသည်လည်း သီရိလင်္ကာ၌ မရှိကြောင်း သိရသည်။[၂] သီရိလင်္ကာ၌ မဟာဗောဓိဒက္ခိဏာသာခါ ရက္ခပင်တော်ကြီးကိုပင် ပူဇော်ကြခြင်း၊ အသီးမှ မျိုးစေ့ချ၍ ပွားများစိုက်ပျိုးကြောင်းသာရှိသည်ဟု သိရသည်။

ထို့အပြင် ''ဘုရားတည်ပိသုကာကျမ်း''[၃] အမည်ရှိသော ပေမူတစ်စောင်တွင်လည်း ''မဟာဗောဓိပင်၏ အခက်ဖြစ်သော ဒက္ခိဏာသာခါ မဟာဗောဓိပင်'' ဟူ၍ ဖော်ပြထားပါသည်။ ''ဘုရားစေတီတော် ရုပ်ပွားတော်စာရင်း''အမည်ရှိသော ပေမူတစ်စောင်တွင်လည်း-

''ကြာဖက်ဆောင်းဒက္ခိဏာသာခါ' ဟု လည်းကောင်း၊
'ဒက္ခိဏာသာခါအစစ် ကြာဖက်ဆောင်းဘုရားကို အမြဲ
ကိုးကွယ်၍ထားရန်မှာ ရအောင်ရှာ''[၄]

ဟူ၍ တွေ့ရပါသည်။

---

၁။ သန်းထွန်း၊ နယ်လှည့်၊ စာ-၁၃၄။

၂။ (က) မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ မစ္စတာ ဒယာနန္ဒ (Mr. Daya Nanda.B.A.,Peradeniya University) ရုံးအဖွဲ့မှူး (Attache)နှင့် ၁၂ ရက် ဇူလိုင်၊ ၂၀၁၁ ခုနှစ်၊ အင်္ဂါနေ့၌ တွေ့ဆုံမေးမြန်းချက် (Interview) ဖြစ်သည်။

၃။ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေမူအမှတ်-၁၀၈၅၈။

၄။ ရန်ကုန်တက္ကသိုလ်များစာကြည့်တိုက်၊ ပေမူအမှတ် ၉၅၆၃နှင့် ၁၀၈၅၈၊ ဇ-ကျော၊ချပ်၊ ကြောင်းရေ-၁။

ထို့အပြင် သီရိလင်္ကာရှိ ဗုဒ္ဓဆင်းတုတော်များစွာကို သမိုင်းစဉ်တစ်လျှောက် ပူဇော်ထားရှိရာ သီရိလင်္ကာ ဗုဒ္ဓအနုပညာဟန်သည်–

ဦးခေါင်းထက်ရှိ ဆံတော်မှာ လက်ျာရစ်ခွေဟန်များဖြစ်ခြင်း၊
ဥဏှိသမှာ မီးလျှံအသွင်မြင့်မားနေခြင်း၊
မျက်နှာတော်တည့်မတ်နေခြင်း၊
မျက်လုံးတော်ဖွင့်ထားဟန်ဖြစ်ခြင်း၊
လည်တိုင်တော်ထင်ရှားနေခြင်း၊
ပခုံးတော်နှစ်ဘက်ကျယ်ပျံ့နေခြင်း၊
ကိုယ်လုံးတော်အလွန်ဖြောင့်မတ်နေခြင်း၊
သင်္ကန်းတော်အတွန့်အရေးအကြောင်းများ စိပ်နေခြင်း၊[၁]

တို့မှာ ဒက္ခိဏသာခါဟန်ဖြင့် အလုံးစုံကွဲလွဲနေခြင်းပင် ဖြစ်သည်။ သီရိလင်္ကာ ထက်ဝယ်ဖွဲ့ခွေ ဗုဒ္ဓရုပ်ပွားတော်များ၏ အထင်ရှားဆုံးဟန်မှာ ပခုံးတော်ကျယ်နေပုံ၊ ကိုယ်လုံးတော်ဖြောင့်မတ်ပုံ၊ ဈာနမုဒြာလက်ဟန်များပင်ဖြစ်ပါသည်။ ဒက္ခိဏသာခါသည် သီရိလင်္ကာမှ ဆင်းသက်လာသည်ကို သိမှတ်ထားရာမှ "သီဟိုဠ်ပုံ"ဟု ရမ်းမှန်း၍ ခေါ်ဆိုကြခြင်းသာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဒက္ခိဏသာခါ ရုပ်ပွားတော် (ဘူမိဖဿမုဒြာဟန်)သည် သီဟိုဠ်ပုံစံနှင့်ဟန်များနှင့် လုံးဝခြားနားနေပါသည်။ သီရိလင်္ကာမှ ဒီ၊ တီ ဒေဝိန္ဒြ (D.T. Devandra)၏ **သီဟိုဠ်ဗုဒ္ဓရုပ်ပွားတော်များ** *(The Buddha Image And Ceylon)* ကျမ်းတွင် ...

၁။ Paranavitana (Intro.), **Art & Architecture of Ceylon**, Bombay, the Art Council of Ceylon, 1954. ကျမ်းတွင် သီရိလင်္ကာမှ ဗုဒ္ဓသာသနိကရှေးဟောင်း အဆောက်အဦ၊ ဗုဒ္ဓရုပ်ပွားတော်များကို ဓာတ်ပုံများဖော်ပြထားသည်။ ထို့အပြင် ရန်ကုန်၊ ကမ္ဘာအေးစေတီတော်ပရဝုဏ်၊ မဟာပါသာဏလိုဏ်အနီးရှိ ဆဋ္ဌသံဂါယနာ တင်သမိုင်းပြတိုက်၊ မြေညီထပ်တွင်၊ သီရိလင်္ကာမှ ဗုဒ္ဓဆင်းတုတော် (၁)ဆူကိုလည်း ယှဉ်တွဲလေ့လာ ဖူးမြင်နိုင်ပါဦးမည်။ ထို့ပြင် သီရိလင်္ကာ ထက်ဝယ်ဖွဲ့ခွေဟန်များဖြင့်လည်း နှိုင်းယှဉ်ထားသည်။ ပုံတွင်ကြည့်ရန်။

...သီရိလင်္ကာ၌ ဘူမိဖဿမုဒြာ၊ ဝရဒမုဒြာနှင့် ဝိတက္ကမုဒြာများဖြင့် ပုံဖော်ထားသော ဗုဒ္ဓရုပ်ပွားတော်များမရှိပါ။ ကိုလံဘိုပြတိုက်တွင်မူ ဘူမိဖဿ ရုပ်ပွားတော် (၃)ဆူကို တွေ့ရသည်။ တစ်ဆူမှာ (၉)ရာစုမှ သီဟိုဠ်အက္ခရာဟန်စာပါရှိသော မြေမီးဖုတ်အုတ်ခွက်ဘုရားငယ်တစ်ဆူဖြစ်ပါသည်။ တစ်ဆူမှာ ရွှေထည်ခေါင်းပွအမျိုးအစားဖြစ်ပြီး အနုရာဓပူရ အနောက်ဘက်ဝိဟာရအနီးမှာ တူးဖော်တွေ့ရှိရခြင်းဖြစ်သည်။ အဆိုပါ ဘူမိဖဿရုပ်ပွားတော်များ၏ မျက်လုံးတော်သည်လည်းကောင်း၊ ကျယ်ပြန့်သော နှုတ်ခမ်းတော်သည် လည်းကောင်း၊ သီဟိုဠ်ဟန်နှင့် ပုံစံများဖြင့် လုံးဝမတူညီပါ။ ထိုကဲ့သို့ ဟန်မျိုးကို မကြာသေးမီက မြန်မာနှင့်ထိုင်းတို့တွင်သာ တွေ့ရှိရသည်ဟု ရုပ်တုဗေဒပညာရှင် ကုမာရဆွာမိ (Coomaraswamy)က မှတ်ချက်ပြုခဲ့ပါသည်။[၁]

ထို့အပြင် သီရိလင်္ကာဗုဒ္ဓရုပ်ပွားတော်များ၏ ခါးတော်များသည် သေးငယ်သောခါး (the lower waist) အမျိုးအစားဖြစ်ပြီး ဝမ်းဗိုက်တော်မှာလည်း ချပ်ကပ်နေဟန် (the lower belly)၊ သင်္ကန်းတော်မှာ ကြာဖတ်အသွင်နှင့် ထင်ရှားသောအရေးအကြောင်းများဟန်တို့ဖြင့် ဖန်တီးပုံဖော်ကြပါသည်။ တစ်ဖန် မျက်နှာတော်ဟန်သည်လည်း ပြုံးနေဟန် (smiling Buddha) မျိုး မရှိပေ။ အကြောင်းမှာ ဗုဒ္ဓဘုရားရှင်သည် လောဘ၊ ဒေါသ၊ မောဟနှင့် ကိလေသာတို့ကို အောင်မြင်ပြီးသော နိဗ္ဗာန်လမ်းကို ညွှန်ပြနေသော ဆရာသခင်ဖြစ်သည့်အတွက် တည်ကြည်ခန့်ညားသော အသွင် (a lofty, serenity, unruffled mood)အဖြစ်လည်း ထုလုပ်ပူဇော်ကြ

၁။ D.T. Devendra, The Buddha Image And Ceylon , Kandy, K.V.G. De. Silva & Sons, 1957, p. 72.

ပါသည်။ ဤကဲ့သို့ဟန်များမှာလည်း "ဒက္ခိဏသာခါရုပ်ပွားတော်" ဟန်ဖြင့် လုံးဝဥဿုံ ခြားနားလျက်ရှိကြောင်း တွေ့ရပါသည်။ ၁၉၅၀ နှစ်များမှ သီရိလင်္ကာမှ လှူဒါန်းထားသော ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ရန်ကုန်၊ ကမ္ဘာအေးစေတီကုန်းမြေရှိ ဆဋ္ဌသံဂါယနာ ပြတိုက်တွင် မျက်မြင်အတိုင်းလေ့လာတွေ့ရှိနိုင်ပါဦးမည်။ သို့ဖြစ်၍ မြန်မာ ဒက္ခိဏသာခါအား သီဟိုဠ်မူဟုဆိုရာမှာဖြစ်နိုင်ချေ အလွန်နည်းလှကြောင်း တွေ့ရသည်။

သို့ရာတွင် ကြာဖတ်ဆောင်းဟန်သည် သီရိလင်္ကာမှ ဗုဒ္ဓရုပ်ပွားတော်များတွင်လည်း တွေ့ရှိရကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ အိ(ချ်)အာ(ရ်)ပိယသိရီ (H.R. Piyasiri) ပြောကြားချက်အရ မှတ်သားရဖူးပါသည်။ ထို့အပြင် အဆိုပါသံအမတ်ကြီးက သီရိလင်္ကာနိုင်ငံသည်ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံ (The Land of Pure Buddhism) ဖြစ်ကြောင်း၊ လောကီယုံကြည်မှုဆိုင်ရာ ရုပ်တုကိုးကွယ်မှု **(Metaphysical statue)** မျိုးမရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်ကိုလည်း မှတ်သားရဖူးပါသည်။[၁]

ဂယာမှ ဗောဓိပင်၏ အရွက်၊ အခေါက်၊ အကိုင်းခြောက်များကို အမှုန့်ကြိတ်၍ သစ္စေးနှင့်နယ်ပြီး ဒက္ခိဏသာခါအဖြစ် ထုဆစ်ပူဇော်သော ဓလေ့မှာမြန်မာယဉ်ကျေးမှုမှာသာတွေ့ရှိရပါသည်။

ယခုခေတ် နိဗ္ဗာန်ကုန်ဈေးကွက်တွင်းရှိ "ဒက္ခိဏသာခါ" ဆင်းတုတော်ဟန်ကို သီဟိုဠ်ပုံနှင့် ဗောဓိရိုးပုံဟူ၍ နှစ်မျိုးထုဆစ်လျက်ရှိကြောင်း တွေ့ရသည်။ သီဟိုဠ်ပုံ၌ ဦးခေါင်းကြာဖက်ဆောင်းထားရာ ကြာရိုးတံသည် ဆင်းတုတော်နောက်ဘက်သို့ ရှည်လျားစွာ တွဲလောင်းကျနေဟန်ဖြစ်ပါ

၁။ ၂၇ ရက်၊ ဇူလိုင်လ ၂၀၁၀ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာရှိ၊ သီရိဒီမိုကရစ်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ သံရုံး၌ သံအမတ်ကြီး H.E.Mr. H.R. Piyasiri နှင့် **တွေ့ဆုံမေးမြန်းချက်**ဖြစ်ပါသည်။

သည်။ နိုင်ငံခြားသည့်သည်များက ဤကဲ့သို့ဟန်မျိုးမှာ ဆန်းပြားနေသဖြင့် ပို၍နှစ်ခြိုက်ကြကြောင်း သိရသည်။[၁]

ပါမောက္ခ ဒေါက်တာသန်းထွန်း၏ ဖော်ထုတ်တွေ့ရှိချက်အရ အစောဆုံးရက်စွဲနှင့် ဗောဓိရိုး ဒက္ခိဏာသာခါပုံတော်ကို မုံရွာခရိုင်၊ သစ်ဆိမ့်ရွာ၊ ရှင်ပင်ချမ်းသာကြီးဘုရားတွင်တွေ့ရှိရကြောင်း ဖော်ပြထားသည်။[၂] ယနေ့ခေတ်စားနေသော ဒက္ခိဏာသာခါဟန်နှင့် လုံးလုံးနီးပါးမျှ မတူတော့ကြောင်း တွေ့ရသည်။ အလားတူ ဒက္ခိဏာသာခါတစ်ဆူကို စစ်ကိုင်းမြို့ ထူပါရုံဘုရား၏ အာရုံခံတန်ဆောင်းတွင် တွေ့ရှိရသေးသည်။[၃]

## ရဟန်းရှင်လူပညာရှိတို့၏ အမြင်သဘောထား

ဒက္ခိဏာသာခါ ရုပ်ပွားတော်အကြောင်းကို ပထမဆုံးတင်ပြခဲ့သည့် ရဟန်းပညာရှိမှာ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား (၁၇၈၂–၁၈၁၉) လက်ထက်၌ ထင်ရှားခဲ့သော **မုံရွေးဇေတဝန်ဆရာတော် ရှင်အာဒိစ္စဝံသ** (၁၇၆၆–၁၈၃၅)ပင်ဖြစ်ပါသည်။ ယင်းဆရာတော်၏ 'သမန္တစက္ခုဒီပနီ'တွင် ဒက္ခိဏာသာခါအကြောင်း ဖော်ပြထားသည်ကို ဤသို့ တွေ့ရသည်။

> ... ဒက္ခိဏာသာခါ မဟာဗောဓိမှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ စန္ဒကူး၊ သရက္ခန် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ ကျွန်း၊ ယမနေ၊ ရေသဖန်း၊ သစ်သကန်း၊ ကရဝေးစသော သစ်ထူးသစ်မြတ် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ အရှည်ခိုင်ခန့် သန့်ပြန့်ချောမွတ်သော သစ်ဟူသမျှကို အစွမ်းအလျောက် လျောက်ပတ်တင့်တယ်စွာ ထုလုပ်ရလျှင်၊ ဗုဒ္ဓရူပ၊ ဗုဒ္ဓပဋိမာ၊

၁။ ပုံတွင်ကြည့်ရန်။ ရွှေတိဂုံစေတီတော်၊ တောင်ဘက်မုခ်ရှိ ဆန်းသစ်အောင် နိဗ္ဗာန် ကုန်ဆိုင်နှင့် တွေ့ဆုံမေးမြန်းချက်။

၂။ သန်းထွန်း၊ နယ်လှည့်၊ စာ–၁၃၄ (ပုံ–၂၀ ၁၇)တွင်ကြည့်ရန်။

၃။ ပုံအမှတ် (၉)နှင့် (၁၀)တို့ကို ကြည့်ရန်။

ဥဒ္ဒိသက စေတီချည်းပင်ဖြစ်တော့သည်။ ဥဒ္ဒိသကစေတီ
ဖြစ်ကလည်း ကိုးကွယ်ပူဇော်သူမှန်သမျှ သံသရာ၌
လူချမ်းသာ၊ နတ်ချမ်းသာနှစ်ပါးကို ရရှိ၍ အဆုံး၌
ဝိမုတ္တိရသ (နိဗ္ဗာန်)ကို ရကြမည်သာဖြစ်သည်။[၁]

ဟူ၍တွေ့ရသည်။ သို့ဖြစ်၍ ကုန်းဘောင်ခေတ် ဗုဒ္ဓယဉ်ကျေးမှုတွင် ဒက္ခိဏာသာခါရုပ်ပွားတော်နှင့် စပ်လျဉ်းရှိခဲ့သော အငြင်းပွားမှုမှာ **''မဟာဗောဓိပင်သား အစစ် ဟုတ်–မဟုတ်''**ကိစ္စပင်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာယဉ်ကျေးမှုသမိုင်းတွင် ဒက္ခိဏာသာခါနှင့် စပ်လျဉ်းနေသော တွေ့ကြုံနေရသည့်ကိစ္စမှာ (၁၉)ရာစု၌ ''ဗောဓိပင်အသားစစ်ခြင်း၊ မစစ်ခြင်း''ပင်ဖြစ်ပြီး (၂၀)ရာစုနှောင်း ပိုင်းသို့ ရောက်သောအခါ ပဋိမာသိပ္ပံဆိုင်ရာ ဒက္ခိဏာသာခါရုပ်တုအကြောင်းပင် ဖြစ်လာခဲ့သည်ကို တွေ့ရသည်။ ရှေးတုန်းကကဲ့သို့ ဗောဓိပင်သားအစစ် ရခြင်းမရခြင်းအပေါ် အငြင်းပွားမှုမတွေ့ရတော့ပါ။ သို့ဖြစ်၍ကုန်းဘောင် ခေတ်ဒက္ခိဏာသာခါသည် ဗောဓိရိုးဟန်သာဖြစ်ပြီး သီဟိုဠ်ပုံ ဒက္ခိဏာ သာခါဆိုသည်မှာ ကိုလိုနီခေတ်ရောက်မှသာ ဖြစ်ပေါ်လာသော ဟန်ဖြစ်ပါ ဦးမည်။ မြန်မာနိုင်ငံဗုဒ္ဓဘာသာရှိ ဂိုဏ်းဆရာများက စတင်စိတ်ကူး ပုံဖော်လိမ့်မည်ဟု မှန်းဆရပါသည်။

သီဟိုဠ်ပုံ ဒက္ခိဏာသာခါထုလုပ်ခြင်းနှင့် စပ်လျဉ်း၍ (၂၀)ရာစု ခေတ်နှောင်းပိုင်း ဗုဒ္ဓဘာသာစာပေတို့တွင် သဘောထားပြောင်းလဲလာ သည်ကို တွေ့ရသည်။ ၁၉၇၅ ခုနှစ်တွင် **ဦးကြီးခင်**(၁၉၁၅–၁၉၉၀) က **''ဒက္ခိဏာသာခါထုလုပ်နည်း''**ကို ရေးသားထုတ်ဝေခဲ့သည်။ ဦးကြီး ခင်က ဒက္ခိဏာသာခါထုလုပ်နည်းအစဉ်အလာကို ပြတ်သားစွာဆန့်ကျင် လာသည်ကို တွေ့ရသည်။

---

၁။ မုံရွေး၊ **သမန္တစက္ခု**၊ စာ–၄၀၄–၄၀၅။

> ...ဦးခေါင်းတော်တွင် ကြာပွင့်၊ ကြာဖတ်ဆောင်းရန် မလိုပေ။ ကြည်ညိုဖွယ်ရာကောင်းသော လက်တစ်ဖက်ကို ဆန့်တန်း၍ထားခြင်း၊ လည်ကုပ်တိုနှင့် ပုအိုင့်စွာထုခြင်း စသောကြည်ညိုဖွယ်ရာ တင့်တယ်မှု (ပါသာဒိကဂုဏ်) ကင်းသောပုံသဏ္ဌာန်မျိုး မထုလုပ်မိကြရန်။[၁]

ဟူ၍ တွေ့ရသည်။ အလားတူ ၁၉၈၀ ခုနှစ်တွင် ပေါ်ထွက်လာသော **မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာကျမ်းပြု စစ်ထွန်းမှတ်ဝင်း** (၁၉၂၅-၂၀၁၀)ကလည်း...

> ...ကာလရွေ့လျော ဖောက်ပြန်သောကြောင့် ဦးခေါင်းမဏိတော် ဖောင်းပွလာခြင်း။ လည်ပင်းတော် ပုတိုခြင်း၊ ကျောတော်ကုန်းကွခြင်း၊ ဝသော ပုံပျက်ပန်းပျက်များ ပေါ်ထွက်လာရခြင်းဖြစ်လေသည်။ သကျမုနိမြတ်စွာဘုရားသခင်၏ လက္ခဏာတော်ကြီးငယ်တို့နှင့် ညီညွတ်မှန်ကန်သော ရုပ်ပွားတော်ဖြစ်ပါမူကား အလွန်ကြည်ညိုဖွယ်သပ္ပာယ်တော်မူမည်ဖြစ်ပါသည်။ မကြည်ညိုသေးသောသူတို့ကို ကြည်ညိုလာစေရန် ကြည်ညိုပြီးသော သူတို့ကိုလည်း ပိုမိုကြည်ညိုလာစေရန် လည်းကောင်း၊ ပြန်လည်ပြုပြင်တည့်မတ်ပေးရမည့် တာဝန်သည် ဗုဒ္ဓဘာသာဝင်တို့၏ မလွဲမရှောင်သာသော ကိစ္စရပ်ကြီးပင် ဖြစ်ပါတော့သည်။[၂]

ဟူ၍ ဖော်ပြထားသဖြင့် စစ်ထွန်းမှတ်ဝင်း (မြန်မာ့သမိုင်းအဖွဲ့ဝင် ၁၉၉၆-၂၀၁၀) ကလည်း ဒက္ခိဏာသာခါ၏ မူလဟန်ကို အထင်အရှားဆန့်ကျင်လာသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဦးကြီးခင်နှင့် စစ်ထွန်းမှတ်ဝင်းတို့

၁။ ဦးကြီးခင်၊ **ဒက္ခိဏာသာခါ၊ ထုလုပ်ကိုးကွယ်နည်း**၊ ရန်ကုန်၊ မြန်မာပြည်စာအုပ်တိုက်၊ ၁၉၇၅။ စာ-၄၈၊ ၄၉၊ ၉၁။ Davids, **PED**, p.456 [*Pāsādika*]

၂။ စစ်ထွန်းမှတ်ဝင်း၊ **အာသန**၊ ၁၉၈၀၊ စာ-၂၆၀-၂၆၁။

ဆိုလိုသော ဒက္ခိဏသာခါမှာ အထူးသဖြင့် "သီဟိုဠ်ပုံ ဒက္ခိဏသာခါ" ဟန်ပင်ဖြစ်ပါသည်။

ထို့နည်းတူစွာ ၁၉၉၇ ခုနှစ်တွင် **ရေစကြိုအရှင်သေီက** [ကလောင်အမည်–ဘုန်းနွယ်–ရေစကြို]ကလည်း "**ထေရဝါဒဗုဒ္ဓဘာသာ**" တွင် –

> ... နောက်ပိုင်းတွင် ဒက္ခိဏသာခါ ရုပ်ပွားပုံများကို ဂိုဏ်းဆရာလုပ်သူတို့က အမျိုးမျိုးစိတ်ကူးရန် ချဲ့ထွင် ပြုလုပ်လာကြသည်။ ရုပ်ပွားတော်တွင် မှို(၉)ချက်ရိုက်ခြင်း စသောအစီအမံများကို ထည့်သွင်းလာကြသည်။ ထိုရုပ်ပွားတော်ကို ကိုးကွယ်လျှင် လာဘ်ပေါမည်၊ အရောင်းအဝယ်ကောင်းမည်၊ ရာထူးတိုးမည်၊ အန္တရာယ်ကင်းမည်။ မီးဘေးမလွတ်မည်၊ သိဒ္ဓိပေါင်းစုံ ပြီးစီးနိုင်သည် စသည်ဖြင့် ဂိုဏ်းဆရာတို့၏ အသုံးချခံ ရုပ်ပွားတစ်ဆူဖြစ်လာပေသည်။ **အဆိုးဝါးဆုံးပြုလုပ်ချက်မှာ ရုပ်ပွားတော်ပုံသဏ္ဌာန်ဖြစ်သည်။ ရုပ်ပွားတော်ပုံစံကို ပန်းပု မထုတတ်သူထုသကဲ့သို့ ပုအိုင့်သောလည်ကုတ်တိုသောပုံဆိုးများကို ထုလုပ်ကြသည်။** ဗုဒ္ဓဘုရားသည် လက္ခဏာတော်ကြီးငယ်အသွယ်သွယ်တို့ဖြင့် ပြည့်စုံသူဖြစ်၍ အပြစ်ပြောဖွယ်မရှိ။ တင့်တယ်သော ရူပကာယတော်ရှိပါသည်။ ဤကဲ့သို့ ဆိုးဝါးသောရုပ်ပုံသဏ္ဌာန်တို့ကို ထုလုပ်ကိုးကွယ်နေသည်မှာ **ဘုရားရှင်၏ကြည်ညိုမြတ်နိုးဖွယ်ရုပ်အဆင်းကို ဖျက်ဆီးထားခြင်းပင် ဖြစ်ပါတော့သည်။**[၁]

ဟူ၍ ဒက္ခိဏသာခါ ရုပ်ပွားတော်ဟန်အား ပြင်းပြင်းထန်ထန် ဝေဖန်တင်ပြလာသည်ကို တွေ့ရှိရပါသည်။

၁။ ရေစကြိုအရှင်သေီက၊ **ထေရဝါဒဗုဒ္ဓဘာသာ**၊ ရန်ကုန်၊ နှလုံးလှစာပေ၊ ၁၉၉၈။ စာ–၁၃၉–၁၄၁။

ထို့အပြင် ၂၀၀၈ ခုနှစ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ ဆရာတော်ဖြစ်သော ဒေါက်တာအရှင်ဉာဏိဿရ၏ "ဓမ္မဒူတ ကိုးဌာနတရားတော်" တွင်လည်း အောက်ပါအတိုင်း ဟောကြားခဲ့သည်ကို တွေ့ရသည်။

> ...မူလ မဟာဗောဓိပင်ကြီးရဲ့ တောင်ဘက်ကိုင်းကို ဒက္ခိဏသာခါ ခေါ်တယ်။ ဒက္ခိဏဆိုတာ တောင်ဘက်၊ သာခါဆိုတာ အကိုင်းပဲနော်၊ လည်ပင်းပုပု ကြီးကို ပြောတာမဟုတ်ဘူးနော်။ အဲ ဘုရားထုလိုက်ရင် ပုပုကွကွ ပုံတော်ကြီးတွေကို ဒက္ခိဏသာခါခေါ်တာ၊ ဘုရားပီအောင်ထုရမယ် ပရိသတ်ရေ။ တောင်ဘက်ကိုင်းတော့ဖြစ်ရမယ်။ အဲဒီတော့ ဗောဓိပင်ရဲ့တောင်ဘက်အကိုင်းကို အဲဒါ မဖြတ်ရဲတော့ စန္ဒကူးသွေးပြီးတော့ အကိုင်းကိုရစ်တယ်။ အရစ်ကလေး လုပ်ပြီးတော့ သီဟိုဠ်သာသနာပြန့်ပွားရေး ပရိဘောဂစေတီအဖြစ်နဲ့ ဒီတောင်ဘက်ကိုင်း သီဟိုဠ်ကိုကြွပါလို့ သားအဖ နှစ်ယောက် အဓိဋ္ဌာန်ပြီးတော့ပင့်တာ။ အသောကမင်းကြီးနဲ့ သင်္ဃမိတ္တာ၊ အဲတော့ ရွှေခွက်ထဲ နံ့သာတွေသွေးပြီးတော့ ထည့်ထားတာ၊ တောင်ဘက်ကိုင်းက အသာလေး ပြတ်လာပြီးတော့မှ ရွှေခွက်မှာ လာစိုက်တာ။ အဲဒီ ဒက္ခိဏသာခါဗောဓိပင်ကို သီဟိုဠ်ကျွန်းပင့်သွားပြီး ဒေဝါနံပိယတိဿမင်းက အနုရာဓမှာ စိုက်တာ။ ဒီကနေ့တိုင် အဲဒီ ဒက္ခိဏသာခါ ဗောဓိပင်တဲ့ အနုရာဓမှာ အခုထိရှိပြီးတော့ သီဟိုဠ်ကျွန်းမှာ ကျောင်းတိုက်တည်တိုင်းတည်တိုင်း ဘယ်ကျောင်းတိုက်မဆို ဗောဓိပင်မပါရင် မပြီးဘူး။ သံဃမိတ္တာစိုက်ပေးတဲ့ ဗောဓိပင် သီဟိုဠ်တစ်ကျွန်းလုံး ဒီကနေ့ပြန့်ပွားသွားတယ်။ အဲဒါကြောင့် သီဟိုဠ်သူ၊ သားတွေက သင်္ဃမိတ္တာကို ကျေးဇူး

တင်လွန်းလို့ သဃ်မိတ္တာ အခါတော်နေ့ဆိုတာကို တစ်
နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပတယ်။[၁]

သို့ဖြစ်၍ ယနေ့တွေ့မြင်ရသော ဒက္ခိဏာသာခါ (သီဟိုဠ်ဟန်)ကို နှစ်ခြိုက်မှုမရှိကြောင်းကို ရက်စွဲအစဉ်လိုက် တွေ့ရှိရပါသည်။ သို့သော် **၎င်းကဲ့သို့ ပုံပန်းတကျမဟုတ်သော မဟာပူရိသလက္ခဏာတော်များနှင့် မကိုက်ညီသော ဆင်းတုတော်ဟန်၏ အရင်းအမြစ်မှာ မည်ကဲ့သို့ဖြစ်နေမည်ကိုလည်း ဆက်လက်ဖော်ထုတ်သင့်ပါသည်။** သို့မှသာ ခြေမြစ်တိကျသော အဖြေကို ရရှိမှာဖြစ်ပြီး ခိုင်လုံသော ဆုံးဖြတ်ချက်ဆီသို့လည်း အရောက်ပို့နိုင်မှာဖြစ်ပါသည်။

သို့ဖြစ်၍ ဒက္ခိဏာသာခါဟုဆိုသော အင်္ဂါရပ်များတွင် ကြာဖတ်ဆောင်းခြင်းနှင့် ဗောဓိညောင်ပင်၏ တောင်ဘက်ကိုင်းသားဖြင့် ထုဆစ်ရခြင်းဆိုသော အဓိကအချက် (၂)ချက်ကို တွေ့ရှိရမှာဖြစ်သည်။ သို့ရာတွင် ကြာဖတ်ဆောင်းသောသဲကျောက်ဆင်းတုတော် (၂)ဆူကို ပုဂံခေတ် (၁၃)ရာစုလက်ရာအဖြစ်တွေ့ရှိရသည်။ တစ်ဖန် ပုဂံကျောက်စာ၌ ''ညောင်တောင်အခက်ဖြင့်ပြုသောဘုရား''ဟုလည်း တွေ့ရသည်။ ထို့ကြောင့် ''ကြာဖတ်ဆောင်းခြင်း''နှင့်''တောင်ကိုင်းသားဖြစ်ခြင်း''တို့မှာ တစ်ထပ်တည်းမကျကြောင်းလည်း တွေ့ရသည်။ နောင်ကာလကြာညောင်လာသည်မှ အဆိုပါအင်္ဂါရပ်(၂)ချက်မှာ တစ်ပေါင်းတည်းဖြစ်လာခဲ့ကြောင်း တွေ့ရှိသည်။ တစ်ဖန် ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များသည် ကြည်ညိုဖွယ်ရာအဆင်းဖြင့်တင့်တယ်သကဲ့သို့ ''ပုံမှန်မဟုတ်သော ထက်ဝယ်ဖွဲ့ခွေဗုဒ္ဓဆင်းတုများ''လည်းရှိပါသည်။ ယနေ့ခေတ် သီဟိုဠ်ပုံဒက္ခိဏာသာခါကဲ့သို့ ဦးခေါင်းတော်အရွယ်အစားကြီးလွန်းခြင်း၊ အလွန်ငုံ့ထားသော ဦးခေါင်းတော် စသည်အချိုးအစားမပြေပြစ်သည်များလည်း အနည်းအကျဉ်းမျှ တွေ့ရသည်။ တမင်သက်သက်ထုလုပ်ခြင်းထက် အချို့ပန်းပုပညာသည်၏ လက်ရာညံ့ဖျင်းမှုကြောင့်ဟု ယူဆရပါသည်။

---

၁။ ဘဒ္ဒန္တဒေါက်တာဉာဏိဿရ၊ **ဓမ္မဒူတကိုးဋ္ဌာနတရားတော်**၊ ရန်ကုန်၊ ညွန့်ပုံနှိပ်တိုက်၊ ၂၀၀၈၊ စာ-၉၂-၉၃။



**ပုံ (၃ . ၁) သီရိလင်္ကာ ဗုဒ္ဓရုပ်ပွားတော်၊ ၆ ရာစု၊ အေဒီ အနုရာဓပူရ၊**
တောရဝိရဒေသ၊ ကိုလံဘိုပြတိုက်

(D.T.Devendra's **The Buddha Image and Ceylon** p.85 မှ ကူးယူဖော်ပြသည်)



**ပုံ (၃ ◦ ၂)** သီရိလင်္ကာ ဗုဒ္ဓရုပ်ပွားတော်ဟန်၊ အမျိုးသားပြတိုက်၊
ကိုလံဘိုမြို့

(D.T.Devendra's **The Buddha Image and Ceylon** p.87 မှ ကူးယူဖော်ပြသည်)



ပုံ (၃ ● ၃) အဝုကန ဗုဒ္ဓရုပ်ပွားတော်၊ အနုရာဓပူရ၊ သီရိလင်္ကာ၊
အမြင့် (၁၂)မီတာ၊ အေဒီ ၅ ရာစု

T.Y.Lee, **Island of Light**, p.32

# မဟာယာန ရုပ်တုဗေဒ ဆိုင်ရာသုတေသန



## ရုပ်တုတော်စနစ်အခြေခံများ

ဒက္ခိဏသာခါရုပ်တုတော်စနစ်များကို လေ့လာရာတွင် ယေဘုယျအားဖြင့် (၂)ပိုင်းခွဲခြားတွေ့ရှိနိုင်မှာဖြစ်ပါသည်။ ယင်း (၂)ပိုင်းမှာ –

၁။ မြန်မာ့ရိုးရာဗုဒ္ဓဆင်းတုတော်အသွင် (ဗောဓိရိုး)နှင့်

၂။ သမားရိုးကျမဟုတ်သော ဗုဒ္ဓဆင်းတုတော်၏ လက္ခဏာရုပ်များပါရှိနေခြင်း (သို့မဟုတ်) **ပုက္ကုက္ကုဟန်** (သီဟိုဠ်ပုံ) တို့ပင်ဖြစ်ပါသည်။ ဒက္ခိဏသာခါသည် မြန်မာ့ရိုးရာဟန်ဖြစ်သော

– ဘယ်တင်–ညာချ လက်တော်ဟန် (ဘူမိဖဿမုဒြာ)

– ထက်ဝယ်ဖွဲ့ခွေဟန် (ဈာနသန)

– သင်္ကန်းတစ်ဝက်ရုံဟန်

– ရှည်သောနားရွက်တော်

– ဥဏ္ဏလုံမွေးရှင်တော် (*Ūrana*)

– ကြာပလ္လင်ဟန် (ပဒုမ္မာသန)များ ပါရှိနေပါသည်။ တစ်ဖန် သမားရိုးကျမဟုတ်သည့် (ပုက္ကုက္ကုဟန်) ဗုဒ္ဓဆင်းတုတော်လက္ခဏာရုပ်များမှာ–

- (၃)လသားအရွယ် ကလေးသူငယ်ဖြစ်ခြင်း၊
- မေးစေ့နှင့်ရင်ဘတ်တော်ထိထားခြင်း၊
- ဦးခေါင်းတော်၌ ကြာဖက်ဆောင်းထားခြင်း၊[၁]
- လည်ပင်းတော်မပါဘဲ ပုအိုက်နေခြင်းနှင့်
- ညာဘက်လက်တော် ဆန့်တန်းနေခြင်း

ပလ္လင်အောက်ခြေ၌ ကြာဖူးကြာပွင့်များပါ ရေကန်ပါရှိနေခြင်းတို့ကိုလည်း ဆန်းပြားစွာလေ့လာတွေ့ရှိရပါသည်။

## ထေရဝါဒ၏ ရုပ်ပွားတော်စနစ်မဟုတ်ခြင်း

သို့ဖြစ်၍ သမားရိုးကျမဟုတ်သော လက္ခဏာရုပ်များဟု ဆိုရခြင်းမှာ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုနှင့် ကွဲလွဲနေခြင်းဟုပင် ဆိုလိုပါသည်။ အကြောင်းမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရုပ်တုတော်များ ထုဆစ်ပူဇော်သည့်အခါ ဗုဒ္ဓရူပတော်၏ လက္ခဏာတော်ကြီး (၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)အတိုင်း ပြည့်စုံသပ္ပာယ်ဖွယ်ရာ ထုဆစ်ကြပါသည်။ အဆိုပါ လက္ခဏာတော်ကြီးငယ်များအနက်

- သမဝဋ္ဋက္ခန္ဓ (ညီညာမျှတ၍ လုပသောပခုံး၊ လည်ပင်း)၊
- အနုပုဗ္ဗဂတ္တ (အစဉ်အတိုင်း ပြေပြစ်ညီညွတ်သောကိုယ်)၊
- ကေတုမာလရတနပိစိတ္တ (ဦးခေါင်းထက်၌ မကိုဋ်ပုံပမာ ခြောက်ရောင်စုံလျှံဖြာထွက်နေခြင်း)

---

၁။ ဝိဇ္ဇာသိပ္ပံဆရာ၊ သဗ္ဗသိဒ္ဓိစွယ်စုံကျမ်း။ ရန်ကုန်၊ ဒုတိယအကြိမ်၊ ကျားဝိဇ္ဇကတ်စာအုပ်ဆိုင်ကြီး၊ ၁၉၆၇၊ စာ-၉၀-၉၅။ အဆိုပါဦးကျော်ရင်သည် လောကီသိပ္ပံဘာသာ၊ ငါးဆရာ ခေါ် မဟာဂါထာမန္တာန်ပေါင်းချုပ်ကျမ်းကိုလည်း ရေးသားခဲ့ပါသည်။ ယင်း၏ ကျမ်းပြီးဆုတောင်းတွင် အရိမေတ္တေယျဘုရားကို ဦးစွာပူးမြင်၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုရန်ဆုတောင်းကြောင်း တွေ့ရပါသည်။
ဆရာသိန်း၊ "ရှေးကအထိမ်းအမှတ်ပြုလုပ်ကိုးကွယ်ပူဇော်ကြခြင်းအကြောင်း"၊ The Journal of the Burma Research Society. Vol.IV, Yangon, Publishing by the Society. 1914.p.241.
(ခ) ဘုရားစေတီတော်ရုပ်တုတော်စာရင်း။ ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ပေမူအမှတ်-၁၀၈၅၈၈၈-၀မ်။ ကြောင်းရေ-၁၅။

ဒက္ခိဏာဝဋ္ဋကေသ (လက်ျာရစ်ဖွေတည်သောဆံပင်)[၁] တို့ပါဝင်ပါသည်။ ထို့ကြောင့် ဒက္ခိဏာသာခါရုပ်ပွားတော်သည် ဖော်ပြထားသော မဟာပုရိသလက္ခဏာကြီးငယ်တို့ဖြင့် ကိုက်ညီမှုမရှိပါ။ အရွယ်တော်ဟန်မှာလည်း (၃)လသားအရွယ်ဟု ဆိုသည့်အတွက် ဗုဒ္ဓဂေါတမ၏ သက်တော် (၃၅)နှစ်ဘုရားဖြစ်သောအရွယ်နှင့်ပါ ထပ်မံဆန့်ကျင်နေကြောင်း တွေ့ရသည်။ ဗုဒ္ဓဂေါတမသည် မဟာသက္ကရာဇ် (၆၈)ခု ကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူ၍ မဟာသက္ကရာဇ် (၁၀၃)ခု နှစ် ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ဝိဇ္ဇာဉာဏ် (၃)ပါးကို အစဉ်အတိုင်း ရတော်မူ၍ဘုရားအဖြစ်သို့ ရောက်ရှိပါသည်။[၂] ထို့အပြင် ကြာဖက်ဆောင်းသည်ဟု **ထေရဝါဒဗုဒ္ဓရုပ်ပွားတော်များ၌ မည်သည့် ခေါင်းဆောင်းမျှပါရှိကြောင်းမတွေ့ရပါ။** မကိုဋ္ဌဆောင်းပါဝင်နေသည်မှာ မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ ဗောဓိသတ္တဘုရားလောင်းမှာသာ ပါရှိနေကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဒက္ခိဏာသာခါ၌ ခေါင်းဆောင်းတစ်စုံတစ်ရာပါရှိနေပုံကပင် ထေရဝါဒဟန် (တောင်ပိုင်းဗုဒ္ဓဘာသာ)မျိုးမဖြစ်နိုင်တော့ဘဲ မဟာယာနဘက်ဆန်နေသည်ဟု ပဏာမအနေဖြင့် မှန်းဆနိုင်ပါဦးမည်။

တစ်ဖန် ပလ္လင်အောက်ခြေ၌ ကြာဖူး၊ ကြာပွင့်များ၊ ငါးများ၊ ငှက်ပုံများပါရှိသော လက္ခဏာမှာ ဒက္ခိဏာသာခါ တစ်ဆူတည်း၌ပင် တွေ့ရသည်။ မဟာပုရိသလက္ခဏာတော်ကြီး၊ ငယ် အသွယ်သွယ်ဖြင့်

---

၁။ (က) **ဒီဃနိကာယ်၊ ပါထိကဝဂ်ပါဠိတော် (မြန်မာပြန်)၊** ရန်ကုန်၊ သာသာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၉၇။ စာ-၃၇၅-၃၃၇။ နောက်ဆက်တွဲမှတ်စုတွင် ဖော်ပြထားသည်။

(ခ) **သုပြဓာန်၊** စာ-၅၅၁မှ ၅၅၂။

(ဂ) Rhys Davids, PED, pp.684, 39,311.

၂။ (က) အရှင်ဝိစိတ္တသာရာဘိဝံသ၊ **မဟာဗုဒ္ဓဝင်၊** ဒုတိယတွဲ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်၊ ၂၀၀၂၊ စာ-၃၁၃၊ ၃၆။

(ခ) Dr G.P. Malalasekera, **Buddhism in Sri Lanka,** Colombo, the Ceylon Tourist Board, n.d., p.5.

လည်း လုံးဝသက်ဆိုင်မှုမရှိတော့ပါ။ ထို့အပြင် မေးစေ့နှင့် ရင်ဘတ်တော် ထိထားခြင်း၊ လည်ပင်းတော်မပါရှိဘဲ ဦးခေါင်းတော် အလွန်ငုံ့ထားခြင်း၊ ကိုယ်လုံးတော် ဖြောင့်မတ်မှုမရှိဘဲ ကုန်းကွနေဟန်မှာ ထေရဝါဒဗုဒ္ဓ ဘာသာအရ ကြည့်လျှင် ကြည်ညိုသပ္ပာယ်ဖွယ်ရာ မဖြစ်နိုင်တော့ပေ။ သို့ရာတွင် ဤသို့ထုလုပ်ရသည့် ရည်ရွယ်ချက်မှာ "(၃)လသားကလေး အရွယ်" အသွင်သဏ္ဍာန်ကို ပုံဖော်ထားခြင်း ဖြစ်ပါသည်။

## ဈာနိဗုဒ္ဓရတနာသမ္ဘဝလက်ဟန်

ဘယ်တင်-ညာချအလုန်(ဝရဒမုဒြာ)၌ ညာဘက်လက်တော်မှာ ဆန့်တန်းထားဟန်မှာ အလွန်ထူးခြားသော လက္ခဏာတော်တစ်ရပ်ပင် ဖြစ်ပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းစဉ်တစ်လျှောက် ဘူမိဖဿရုပ်ပွားတော်များကိုသာ အဓိကထုလုပ်ခဲ့ကြသည်ကို တွေ့ရပါ သည်။ သို့သော် ညာဘက်လက်တော်သည် တစ်တောင်ဆစ်နေရာမှ လက်မောင်းတော် (အပေါ်ပိုင်း)နှင့် လက်ဖျံတော်တို့သည် သဘာဝဟန် အတိုင်း ချိုးဆစ်ထားပုံများသာဖြစ်ပါသည်။ ညာဘက်လက်တော်ဆန့် ထုတ်ထားသောဟန်ကို ရတနာသမ္ဘဝ (Ratnasambharva)ဟု ခေါ်သော မဟာယာနဗုဒ္ဓဘာသာမှ ဈာနိဗုဒ္ဓ (၅)ဆူအပါအဝင် ကောင်းကင်ဗုဒ္ဓတွင် တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဤကဲ့သို့သော ညာဘက်လက်တော်ဟန်မှာ လည်း မဟာယာနရုပ်ပွားတော်အသွင်ဆောင်စေပါသည်။

## လလိတာဝိတ္ထာရကျမ်းလာ ကြာနိမိတ်ပုံ

ကြာနိမိတ်ပုံသည် ဒက္ခိဏာသာခါရုပ်ပွားတော်အရင်းအမြစ်ကို လေ့လာရာတွင် အလွန်အရေးပါကြောင်း တွေ့ရသည်။ အကြောင်းမှာ ဒက္ခိဏာသာခါ၏ ...

ဦးခေါင်းတော်ထက်၌ ကြာဖက်ဆောင်းထားခြင်း၊
ပလ္လင်တော်မှာ ကြာပလ္လင်တော်ဖြစ်ခြင်း၊

အောက်ခြေရေကန်တွင် ကြာဖူး၊ ကြာပွင့်များ ပါရှိခြင်း တို့သည် ကြာနိမိတ်ပုံများ လွှမ်းမိုးနေကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ကြာနိမိတ်ဟန်ကို ဂရုပြုလေ့လာပါလျှင် ဒက္ခိဏာသာခါ၏ အရင်းအမြစ်အား မြင်သာထင်သာရန်အကြောင်းအချက်ဖြစ်ပါဦးမည်။

လလိတာဝိတ္ထာရ[၁]သည် မဟာယာနဗုဒ္ဓဘာသာစာပေဝေပုလျသုတြ (Vaipulya Sūtra)မှ ဗုဒ္ဓဝင်ကျမ်း တစ်ဆူဖြစ်ပါသည်။ ဤကျမ်းတွင် ဗုဒ္ဓဂေါတမ၏ ဂုဏ်တော်များကို ကြာနှင့်ထပ်တူပြု ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဗုဒ္ဓဘုရားရှင်အား ...

- မဟာပုရိသ ပဒုမာသ၊ (ယောက်ျားမြတ်တည်းဟူသော ပဒုမ္မာကြာ)ဟု လည်းကောင်း၊
- အရဟတ္တမဂ်ပညာဉာဏ်တည်းဟူသော နေရောင်နှင့် ထိတွေ့ခြင်းကြောင့် ကားကားစွင့်စွင့်ပွင့်သော အလွန်စင်ကြယ်သော ပွင့်ချပ်တစ်ရာပဒုမာကြာသဖွယ်ဖြစ်ထသော ဗုဒ္ဓဘုရားရှင်ဟု လည်းကောင်း[၂]

ထို့အပြင် ဗုဒ္ဓဘုရားလောင်းဖွားတော်မူသည်နှင့် သိကြားနှင့် ဗြဟ္မာမင်းတို့က လုလင်ပျိုအဖြစ် ဖန်ဆင်း၍ မင်္ဂလာသီချင်းဂါထာတို့ကို သီကျူးရာတွင်လည်း ...

> ... ပဒုမ္မာကြာပွင့်သည်လည်း မြေမှာအထက်ပေါ်ထွက်လာပါ၏။ ထိုသို့သော အချင်းအရာဖြင့်ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိသော လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော ဘုရားသည် မချွတ်ဖြစ်ပေလတ္တံ့။[၃]

၁။ လလိတဝိတ္ထာရကျမ်းကို၊ ဘဒ္ဒန္တသုန္ဒရာဘိဝံသဆရာတော်က မြန်မာပြန်ပါသည်။ Bijoya Goswani ကလည်း အင်္ဂလိပ်ဘာသာသို့ The Asirtic Society က၊ ၂၀၁၁ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ထားသည်။ မဟာယာနပိဋကတ်ကျမ်းပေါင်း (၂၈)ကျမ်းခန့်ရှိပါသည်။ လလိတာဝိတ္ထာရသည် ဗုဒ္ဓစရိယ၊ သဒ္ဓမ္မပုဏ္ဍရိက၊ သုခဝတီဗျူဟာ အမိတာယုသုတ္တာန်များကဲ့သို့ ကျမ်းများဖြစ်သည်။

၂။ သုန္ဒရာဘိဝံသ၊ လလိတာဝိတ္ထာရ၊ စာ-၁၇၊ ၁၈။

၃။ သုန္ဒရာဘိဝံသ၊ လလိတာဝိတ္ထာရ၊ စာ-၁၅၁။

ဟူ၍ဖော်ပြထားသည်။ တစ်ဖန် ဘုရားလောင်းသည် မယ်တော်မာယာ ဒေဝီဝမ်းတွင်းမှ မီးရှူးသန့်စင်သောအခါ ပဒုမ္မာကြာရုံကြီးသည် မဟာ ပထဝီမြေကြီးကိုခွဲ၍ ဖြဟ္မာပြည်သို့ ရောက်သည်အထိ ပေါ်ပေါက်လာသည် ဟု ဖော်ပြထားသည်။ ကြာညို၊ ကြာဖြူ၊ ကုမုဒြာနှင့် ပုဏ္ဍရိတ်ကြာတို့ သည် ရေမှအထက်သို့တက်၍ ဘုရားလောင်းဖွားမြင်မည်ကို စောင့်မျှော် နေကြ၏။ ထို့နောက် ဗုဒ္ဓဘုရားရှင်သည် အမိမယ်တော်မာယာဝမ်းဗိုက် အတွင်း ''ရတနာဗျူဟာဝိမာန်''ပြာသာဒ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်တော် မူရာမှ မယ်တော်မာယာ၏ လက်ျာနံဘေးမှ ဖွားမြင်တော်မူသည်ဟု တွေ့ရ သည်။[၁] ပုဂံခေတ် ဂူဘုရားများ အတွင်းနံရံတွင် ရေးဆွဲထားသော နံရံဆေးရေးပုံများရှိ ဗုဒ္ဓဝင်ဖွားတော်မူခန်းမှာ လလိတာဝိတ္ထာရကျမ်းလာ ဗုဒ္ဓဝင်ဟန် (တစ်နည်း-မဟာယာန ဖွားတော်မူခန်း)ပင်ဖြစ်ပါသည်။

ဘုရားလောင်းဖွားမြင်ပြီးသောအခါ ပဒုမ္မာကြာတို့သည် ပွင့်လာ ကြ၏။ ထို့ကြောင့် သဗ္ဗဝါသတိဝါဒဂိုဏ်း (Sarvāstivādins) လလိ တာဝိတ္ထာရကျမ်းလာ ကြာနိမိတ်ပုံများအရ ဗုဒ္ဓဘုရားရှင်သည် ရေကန်တွင် ကြာပန်းတို့နှင့်အတူပွင့်ထွန်းဖွားမြင်လာသည်ဟုတွေ့ရ ပါသည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါရုပ်ပွားတော်တွင် ကြာဖူး၊ ကြာပွင့် များပါရှိသော ရေကန်၊ ကြာဖတ်ဆောင်းထားဟန်၊ ကြာပလ္လင်ထက်၌ သီတင်းသုံးဟန်တို့မှာ မဟာယာနဗုဒ္ဓဝင်ဖြင့် အလွန်နီးစပ်နေကြောင်း အနုမာနမှန်းဆရပါသည်။

## ကြာဖတ်ဆောင်းထားသော ဗောဓိသတ္တ

ဒက္ခိဏာသာခါရုပ်ပွားတော်သည် အမိတာယ (ခေါ်) ကောင်းကင် ရှိ သုခါဝတီဘုံ (Buddha's country)မှ ဗုဒ္ဓဘုရားရှင် (ဈာနိဗုဒ္ဓ)ဖြင့် အလွန်ဆက်စပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

မဟာယာနဗုဒ္ဓဘာသာတွင် ဗုဒ္ဓဂေါတမဘုရားရှင်သည် သာမညလူသား (A mere Man) မဟုတ်ဘဲ အနန္တတန်ခိုးရှင်အဖြစ် ယုံကြည်

၁။ သုန္ဒရာဘိဝံသ၊ လလိတာဝိတ္ထာရ၊ စာ-၁၅၁။

သက်ဝင်ပါသည်။ သို့အားလျော်စွာ ဗုဒ္ဓဘုရားရှင်တွင် ''ကာယတော်'' (၃)ပါးဖြစ်သော ...

ဓမ္မကာယ (Dharmakāya)၊

သမ္ဘောဂကာယ (Sambhogakāya)နှင့်

နိမ္မာဏကာယ (Nirmāṇakāya)

ဟူ၍ ရှိသည်ဟု ယုံကြည်ကြ၏။ ဓမ္မကာယတော်သည် မဟာစကြာဝဠာ တံတိုင်းအထိ ထိုးဖောက်ပျံ့နှံ့ရောက်ရှိစေ၏။ သမ္ဘောဂကာယသည် ကောင်းကင်ဘုံ၌ ထာဝရတည်နေသည်ဟု ဆိုပြီး ''နိမ္မာဏကာယ'' သည် သမ္ဘောဂကာယမှ ထွက်ပေါ်လာပြီး ကမ္ဘာမြေပြင်သို့ ဂေါတမဗုဒ္ဓ အဖြစ် ပွင့်ထွန်းလာခဲ့ကြောင်း ယုံကြည်ကြ၏။[၁]

မဟာယာနဗုဒ္ဓဘာသာတွင် သုခဝတီကောင်းကင်ဘုံ၌ အမိတာဘ (ခေါ်) အနန္တဘုန်းတော်ရှင် (သို့မဟုတ်) အမိတာယ (ထာဝရဗုဒ္ဓအရှင်) ရှိကြောင်း ဂေါတမဗုဒ္ဓ (Histroical Buddha) ဖြစ်တော်မူသော လူသားကို ပေါ်ထွန်းစေသည်ဟု ယုံကြည်သည်။ အဆိုပါ သုခဝတီကောင်းကင်ဘုံသည် အနောက်ဘက်၌ရှိ၍ ကြာမျိုး (၅)ပါးဖြစ်သော ကုမုဒြာ၊ ဥပ္ပလ၊ ပဒုမ္မာ၊ ပုဏ္ဍရိက၊ ကြာဖြူ၊ ကြာဝါ၊ ကြာပြာတို့သည် စိန်စီချယ်အခင်းဖြစ်သော ရေကန်တော် (၈)ကန်၌ ဖူးပွင့်နေကြသည်။ ရတနာ (၇)ပါးတို့ဖြင့် ပြီးသော သစ်ပင်ပန်းမာလ်များ၊ ပျော်ရွှင်မြူးတူးနေသော ကျေးငှက်သာရကာများ၊ ငြိမ့်ညောင်းသော ဂီတရေစီးသံများ၊ ပျော်ရွှင်မြူးတူးနေသော ကလေးသူငယ်များ ရှိနေကြပါသည်။ ရေကန်တော်အတွင်းရှိ အမြင့် (၁၆)တောင်ရှိသော ကြာပွင့်ထက်၌ **အမိတာယဗုဒ္ဓရှင်တော်သည်** သီတင်းသုံးစံပယ်တော်မူပါ၏။ ဝဲ၊ ယာ နံဘေးတစ်ဘက်စီတို့တွင် **ဗောဓိသတ္တဘုရားလောင်း(၂)ဆူဖြစ်သော အဝလောကိတေသွာရနှင့် မဟာရှိထမ**တို့မှာ ကြာပွင့်ထက်၌ထိုင်တော်မူနေကြပါသည်။ ကြာမိသားစု အနွယ်

၁။ Basham **India**, pp.276-277.

တော်၏ ဖခမည်းတော်မှာ အမိတာယဗုဒ္ဓရှင်တော်ပင်ဖြစ်၏။ သားတော် ဗောဓိသတ္တ (၂)ဆူတို့မှာ ရွှေအဆင်းဖြစ်ပြီး မကုဋ (ခေါ်) ဦးဆောင်း မကိုဋ်သည် ရတနာပန်းပေါင်း (၅၀၀)မျှ ပါရှိသော "ပဒုမာကြာပွင့်" ပင်ဖြစ်ပါသည်။ ပွင့်ချပ်(၅)ချပ်ပါရှိသည်ဟု ရုပ်တုဗေဒတွင်တွေ့ရ၏။[၁] သုခါဝတီဘုံရှိ ကြာပွင့်ချပ်တိုင်းတွင် အမိတာယနှင့်ဗောဓိသတ္တတို့၏ ပုံရိပ်များထင်ပေါ်နေကြသည်။

သို့ဖြစ်၍ မဟာယာနပိဋကတ်၊ အမိတာယုဈာနသုတြ (Amitāyur - Dhyāna Sūtra) နှင့် သုခါဝတီဗျူဟ (Sukhāvatī vyūha) သုတ္တန်များ[၂] အရ ဦးခေါင်းတော်ထက်၌ ကြာပွင့်/ဖတ်ဆောင်းသောသူမှာ ဗောဓိ သတ္တဘုရားလောင်းများပင်ဖြစ်သည်။ ဤသို့ဆိုလျှင် "ဒက္ခိဏာသာခါ" ရုပ်ပွားတော်သည် မဟာယာနဗုဒ္ဓဘာသာမှ ဗောဓိသတ္တဘုရားလောင်း သာလျှင်ဖြစ်နိုင်ပေမည်။ ထို့အပြင် ဒက္ခိဏာသာခါ၌ ရေကန်သည် လည်း ကောင်း၊ ရေကန်ရှိ ကြာဖူး၊ ကြာပွင့်၊ ကျေးငှက်တို့သည် လည်းကောင်း၊ "သုခဝတီဘုံ" ဗိမာန်ကိုသာ ဖော်ကျူးထားဟန်ရှိပါသည်။ ထို့ကြောင့် ဒက္ခိဏာသာခါသည် မဟာယာနဗုဒ္ဓဘာသာယုံကြည်မှု "ဗောဓိသတ္တ"သာ လျှင် ဖြစ်နိုင်ပါကြောင်းဆိုလျှင် ဤအနုမာန (Hypothesis)သည် ယထာ ဘူတကျပါလိမ့်မည်။

ထို့အပြင် ဒက္ခိဏာသာခါရုပ်ပွားတော်၏ မျက်နှာတော်အား "အမျိုးသမီးအသွင်ထုဆစ်ကြကြောင်းလည်းသိရသည်။[၃] ဤအယူအဆ မှာလည်း မဟာယာန၏ ဗောဓိသတ္တဘုရားလောင်းကိုသာလျှင် ရည်ညွှန်း

၁။ F. Max Muller (ed.) SBE. Vol.XLIX, pp. 38,47, 96, 161, 172, 174, 176, 184m 187 အမိတာယုသုတြတို့ကို နောက်ဆက်တွဲတွင် မူရင်းကျမ်းတိုင်း ပူးတွဲတင်ပြ ထားသည်။ ထို့အပြင် ဆက်စပ်နေသော ဗောဓိသတ္တဘုရားလောင်းစာရင်းတို့ကိုလည်း နောက်ဆက်တွဲကြည့်ရန်။

၂။ မက်(စ်)မူလာဘာသာပြန်ဆိုခဲ့သော မဟာယာနပိဋကတ်ကျမ်းမူရင်းအင်္ဂလိပ်ဘာသာ ကြည့်ရန်။

၃။ ဦးအုန်းမောင် ဒက္ခိဏာသာခါသမိုင်းနှင့် ဗုဒ္ဓရုပ်ပွားဘုရားပူဇော်နည်း၊ ရန်ကုန်၊ ခင်ချိုထွန်းစာပေ၊ ၂၀၀၈၊ စာ-၈၆။

နေပါဦးမည်။ အကြောင်းမှာ မဟာယာနပိဋကတ် သုရင်္ဂမသုတ် (Surangama Sutra) တွင် အဝလောကိတေဿရဗောဓိသတ္တ၏ အသွင်သဏ္ဌာန် (၃၂)မျိုးကိုလည်းကောင်း၊ သဒ္ဓမ္မပုဏ္ဍရိကသုတ်တွင် အသွင်သဏ္ဌာန် (၃၅)မျိုးကိုလည်းကောင်း၊ ဖော်ပြထားသည်။ ဤအသွင်များတွင် အဝလောကိတေဿရသည် –

- ဗုဒ္ဓအသွင်
- သိဝနတ်အသွင်
- အမျိုးသမီးအသွင်
- ကညာပျိုအသွင်
- ဂန္ဓဗ္ဗ (နတ်သီချင်းသည်)အသွင်[၁]

စသည်ဖြင့် အသွင်အမျိုးမျိုးကိုဖန်ဆင်းနိုင်ကြောင်း သိရသည်။ သို့ဖြစ်၍ ဒက္ခိဏသာခါသည် ဗောဓိသတ္တဘုရားလောင်းက ဖန်ဆင်းထားသော ဗုဒ္ဓအသွင်၊ ကညာပျိုအသွင်ကို အကြောင်းပြု၍ "အမျိုးသမီး"အသွင် ဟန်ပုံဖော်ထားခြင်းဖြစ်မည်ဟု ယူဆရပါသည်။ အလားတူ မြန်မာ့ယဉ်ကျေးမှုရှိ "လောကနတ်ရုပ်" သည်လည်း လောကနာထဗောဓိသတ္တ၏ ဂန္ဓဗ္ဗ (နတ်သီချင်းသည်)အသွင်ပင် အရင်းအမြစ်ဖြစ်ပါဦးမည်။

မြန်မာသမိုင်းပညာရှင် **ပါမောက္ခဒေါက်တာသန်းထွန်း** (၁၉၂၃–၂၀၀၅)က ဒက္ခိဏသာခါရုပ်ပွားတော်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကျဉ်းမျှရေးသားတင်ပြခဲ့သည်ကို တွေ့ရသည်။

...ဘယ်တုန်းက ဒီဘုရားကို စထုလုပ်ကြသလဲမေးရင်
မပြောတတ်ပါ။ ရေကန်မှာ ကလေးငယ်တွေဆော့ကစား

---

၁။ ဦးရည်စိန် "အဝလောကိတေဿရဗောဓိသတ္တ (၃၂)မျိုး ဖန်ဆင်းနိုင်ခြင်းအကြောင်း" **ကောင်းတုံကွမ်ယင်ဘုရားကျောင်း**၊ ရန်ကုန်၊ ကောင်းတုံကွမ်ယင်ဘုရားကျောင်း ဂေါပကအဖွဲ့၊ ၂၀၀၂ စာ–၁၄၂–၁၄၃။
Prof.W.E.Soothill (Tran.)**The Lotus of the Wonderful Law or The Lotus Gospel:Saddhamma PundarikaSutra**, Oxfourd, the Clarendon Press, 1930,p.230.

ရင်း ဘုရားဖြစ်သွားတယ်ဆိုတဲ့ ပုံပြင်တစ်ပုဒ်အရ ဒကွိဏာသာခါရုပ်ပွားတော်ကို ကလေးငယ်ရဲ့ ကိုယ်လုံးသဏ္ဍာန်ထုရတယ်။ ကြာဖတ်ဆောင်းရတယ်၊ ပလ္လင်အောက်မှာ ရေကန်ကြာနဲ့ငါးရုပ်တွေထည့်လုပ်ရတယ်၊[၁] ဟူ၍ ဆိုခဲ့ဖူးသည်။

ကြာဖတ်ဆောင်းခြင်းမှာ ဗောဓိသတ္တဘုရားလောင်းများမှာသာမက ကောင်းကင်ဘုရာ (၅)ဆူဖြစ်သော ဈာနိဗုဒ္ဓဘုရားရှင်များ၏ ဦးခေါင်းတော်ထက်၌လည်း အရိုးတံပါသည့်ကြာ (သို့မဟုတ်) သဗ္ဗညုတရွှေဉာဏ်တော်ရရှိခဲ့သော ဗောဓိပင်၏ အရွက်သဏ္ဍာန်ရှိကြောင်း ရုပ်တုဗေဒတွင် တွေ့ရှိရသည်။[၂] ကြာဖတ်ဆောင်းခြင်း၊ ကြာမှဖြစ်ပေါ်လာခြင်းနှင့် စပ်လျဉ်း၍ မဟာယာနဂါထာတစ်ပုဒ်လည်းရှိပါသေး၏။ မြန်မာနိုင်ငံသို့ နီပေါနိုင်ငံဘုရင်မင်းမြတ်နှင့်မိဖုရားတို့က "နာဂစိဝရာ ပဋ္ဌပဋ္ဌိမာဆင်းတုတော်"ကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်။ ထိုဆင်းတုတော်၏ နောက်ကျောတွင်–

ဥုံ မဏိ ပဒ် မေ ဟုံ

(*Ōm. maṇī padme, hūm!*)

ဂါထာပါရှိသည်။ ဂါထာ၏ အဓိပ္ပာယ်မှာ ပဒုမ္မာကြာပွင့်တွင်ရှိရတနာ (ဗောဓိသတ္တ)ဟုပင်ဖြစ်ပါသည်။[၃] ဤဂါထာသည် အမိတာဘ ဗုဒ္ဓဘုရားရှင်ကပဒ်မာဏိ (အဝလောကိတေသွာရ) ဗောဓိသတ္တဘုရားလောင်းအား ချီးကျူးထောပနာပြုသော စကားပင်ဖြစ်ပါသည်။

---

၁။ ဒေါက်တာသန်းထွန်း။ "ဘုရားဒကွိဏာသာခါ" ခေတ်ဆန်းဂျာနယ်၊ အမှတ် ၅/၀၃၊ အောက်တိုဘာ၊ ရန်ကုန်၊ ၂၀၀၃။ စာ–၄၁။

၂။ Alce Getty and et.al. **The Gods of Northern Buddhism: Their History, Iconography** and Progressive Evolution though the Northern Buddhist Countries. Oxford.Clarendon Press. 1928.p-30။ နောက်ဆက်တွဲပုံတွင်ကြည့်။ (နောင်ကိုးကားလျှင် Getty,**GNB**, ဟု အတိုညွှန်း)

၃။ Getty, **GNB**, p.57 ဤကျမ်းတွင် 'Oh! the Jewel is in the lotus!'ဟု ဖော်ပြထားပါသည်။

## မဟာယာနရုပ်တုများနှင့်ကြာ

'ပဒ်မ'သည် မဟာယာနဗုဒ္ဓဘာသာ၌ အရေးအပါဆုံးသော အမှတ်တံဆိပ်သင်္ကေတပင်ဖြစ်သည်။ ဗုဒ္ဓနှင့် ဗောဓိသတ္တဘုရားလောင်းများ၏ **သွယမ္ဘူ** (Svayambhū) (ခေါ်) သီးခြားရပ်တည်မှု (self-existant)၊ မိမိဘာသာမိမိ ဖန်တီးမှု (self-creation)ကို ညွှန်ပြနေသော ပြယုဂ်တစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် **ပဒ်မ (ခေါ်) ကြာသည် ငယ်ရွယ်နုနယ်၍ ထက်မြက်သောကလေး (an infant-prodigy)** အဖြစ် ကိုယ်စားပြုနေသေး၏။ ကမ္ဘာဦးအစ၌ အာဒိဗုဒ္ဓ(Adi Buddha)သည် မီးတောက်တွင်းမှ ပွင့်လာသည်ဟု ယုံကြည်ကြ၏။ 'ပဒ်မ' (ပဒုမ္မာ)သည် အဝလောကိတေသွာရလက်တော်အတွင်း၌ရှိပြီး ဖန်ဆင်းနိုင်သော တန်ခိုးဣဒ္ဓိပါဒ်ကို ကိုယ်စားပြုပါသည်။ နီပေါနှင့်တိဗက်တို့တွင် အဝလောကိတေသွာရ (ပဒ်မပါဏိ)၏ ကြာမှာ ငွားငွားစွင့်စွင့်ပွင့်ဟန်ဖြစ်၍ တရုတ်၊ ဂျပန်တို့ရှိ ကွမ်ယင်နှင့် ကွမ်ဒွန်တို့၏ကြာမှာ အဖူးပင်ဖြစ်သည်။ အဝလောကိတေသွာရနှင့် တာရာဒေဝီတို့၏ကြာမှာ ပန်းရောင်ဖြစ်သည်။ ဗုဒ္ဓ၏ မဂ္ဂင် (၈)ပါး တရားတော်ကို ကြာပွင့်(၈)ပွင့်ဖြင့် ကိုယ်စားပြုစေ၏။ ကောင်းကင်ဘုံ တွင်မွေးဖွားသော နတ်မင်းများ၏ခြေရင်းတွင် ကြာပွင့်များပါရှိ၏။ မဟာယာန ဗုဒ္ဓဘာသာဝင်တို့သည် အမိတာဘဗုဒ္ဓဘုရား၏ သုခါဝတီ (အနောက်ဘက်ကောင်းကင်ဘုံ)၌ ကြာရေကန်ရှိပြီး ထိုကန်ရေမျက်နှာပြင် ထက်ရှိကြာဖူးမှ ပြန်လည်မွေးဖွားမည်ဟု ယုံကြည်ကြ၏။[၁]

မဟာယာနဗုဒ္ဓဘာသာဝင်ရုပ်တုတော်များသည် ဦးခေါင်းထက်တွင် ကြာပန်းရှိနေပုံကို ဟန်နှစ်မျိုးဖြင့်ဖော်ပြနေသည်။ ပထမမှာ ကြာပန်းပွင့်ကို တင်ထားဟန်ဖြစ်ပြီး ဒုတိယဟန်မှာ ကြာပွင့်ကို မှောက်၍ ဦးခေါင်းတွင် မကိုဋ်ဆောင်းထားဟန်ပင်ဖြစ်ပါသည်။ ဈာနိဗုဒ္ဓ (၅)ပါး၏ ဦးခေါင်းတော်ထက်မှ ကြာသည် ပက်လက်လှန် (အပွင့်)ပုံသဏ္ဍာန်ဖြစ်၍ ဗောဓိသတ္တဘုရားလောင်းတို့၏ ဦးခေါင်းတော်ထက်ရှိ ကြာပွင့်မှာ မကိုဋ်

၁။ Getty, *GNB*, p. 192.

သဏ္ဌာန်ဖြစ်ပြီး စွပ်၍ဆောင်းထားဟန်များဖြစ်ကြသည်။ ထို့ကြောင့် ဤကြာဖက်ဆောင်းဟန်အရ မြန်မာနိုင်ငံ ဒက္ခိဏာသာခါသည် ဈာနီ ဗုဒ္ဓဖြစ်နိုင်ချေထက် "ဗောဓိသတ္တဘုရားလောင်း" ဖြစ်နိုင်ချေမှာ ပိုမိုအားကောင်းလာသည်။

မဟာယာနရုပ်တုတော်စနစ်တွင် ယေဘုယျအားဖြင့် ခြေတော်ဟန် (အာသန)များသည် ဗုဒ္ဓဘုရား (ဈာနိငါးဆူနှင့် ဂေါတမဗုဒ္ဓ)ရှင်၏ ဟန်နှင့် ဗောဓိသတ္တများ၏ အာသနခြေတော်ဟန်များတွင် မတူပေ။ ဗုဒ္ဓရုပ်တုတော်များသည် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူဟန်မှာ အများဆုံးဖြစ်ပြီး ဗောဓိသတ္တဘုရားအလောင်းမှာမူ ခြေတစ်ဖက်ချထိုင်ဟန် (လာလိတာသန)နှင့် ရုပ်တော်မူများအဖြစ် တွေ့ရသည်။ ဤသို့ဆိုလျှင် ဒက္ခိဏာသာခါသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူဟန်ဖြစ်ပါသည်။ ဤမုဒြာသည် မြန်မာနှင့် ထိုင်း ဗုဒ္ဓယဉ်ကျေးမှုတွင် အဓိကတွေ့ရသည်။ မဟာယာနတွင် တွေ့ရနည်းပါးပါသည်။ လက်တော်ဟန်မှာ ဘူမိဖဿမုဒြာ (ဘယ်တင်-ညာချ) အမျိုးအစားဖြစ်ပါသည်။ အဆိုပါ အာသနနှင့်မုဒြာဟန်တို့မှာ ဗောဓိသတ္တနှင့် ကွဲလွဲနေဟန်များအဖြစ်လည်းတွေ့ရှိရပါသည်။

ဒက္ခိဏာသာခါ (ဘူမိဖဿမုဒြာ၊ ဈာနသန)တွင် ညာဘက်လက်တော်သည် တတောင်ဆစ်၌ အကွေးအညွှတ်မရှိဘဲ တဖြောင့်တည်းဟန်ဖြစ်ပါသည်။ ယင်းကဲ့သို့ဟန်မျိုးအတိုင်း "ရတနာသမ္ဘဝ" အမည်ရှိသော ဈာနိဗုဒ္ဓ (ဝရမုဒြာ)တွင် တွေ့ရှိရသည်။ ညာလက်ဖဝါးတော် ဖွင့်ပြထားသော (ဝရဒ)ဖြစ်သောကြောင့် ညာလက်တော်ဖြောင့်နေဟန်အဖြစ် တွေ့ရသည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါ၏ ဘူမိဖဿညာလက်ဟန် ဖြောင့်နေရခြင်းသည် ဝရဒမုဒြာမှ ဘူမိဖဿမုဒြာသို့ ကူးပြောင်းခဲ့ကြောင်း မှန်းဆနိုင်ပါဦးမည်။ တွေ့ရသောဟန်များအနက် နီပေါမှ ရတနာသမ္ဘဝဗုဒ္ဓဆင်းတုတော်မှာ ဒက္ခိဏာသာခါနှင့် နီးစပ်နေကြောင်း လေ့လာတွေ့ရှိရသည်။[၁] သို့သော် လုံးဝတူညီမှုမဟုတ်ပါ။ ထို့ကြောင့်

၁။ (က) Antoinette K. Gordon The Iconography of Tibetan Lamaism, Tokyo, Charlese. Tuttle Company, 1960.p. 55.

(ခ) Getty, *GNB*, pp.76-87. 30,37

ဒက္ခိဏာသာခါသည် မဟာယာနရုပ်တုဗေဒစနစ်ပေါ်တွင် အခြေခံထားသည်မှာ အလွန်ထင်ရှားစေပါသည်။


## ဗြဟ္မဏဟိန္ဒူဟန်ကြာနီမိတ်ပုံ

အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးသော ဘာသာယုံကြည်မှုမှာ ဗြဟ္မဏဝါဒပင်ဖြစ်ပါသည်။ ယင်းယုံကြည်မှုသည် ထေရဝါဒ၊ မဟာယာနတို့ထက် နှစ်ပရိစ္ဆေဒပေါင်းများစွာကပင် အရင်ပေါ်ပေါက်ခဲ့ပါသည်။ သို့အားလျော်စွာ ဗုဒ္ဓယဉ်ကျေးမှုနယ်သို့လည်း ဝင်ရောက်ရောယှက်ဟန်များလည်း ရှိပါသည်။ ထေရဝါဒတွင် အနည်းအကျဉ်းပမာဏမျှသာဖြစ်သော်လည်း မဟာယာနဗုဒ္ဓဘာသာတွင်မူ အလွန်သိသာထင်ရှားလွန်းလှသည်။

ထို့ကြောင့် ကြာနီမိတ်ပုံ၌ ရှေးအကျဆုံးမှာလည်း ဟိန္ဒူဗြဟ္မမှာပင် ဖြစ်ပါသည်။ ဗိဿနိုးနတ်မင်းကြီးသည် သေသမည်သော နဂါးမင်းထက် လျောင်းတော်မူစဉ် ယင်း၏အချက်တော်မှာ ကြာပွင့်ကြီးပေါ်ထွန်းလာခဲ့သည်။ ထိုကြာပွင့်မှ ဗြဟ္မာနတ်မင်းကြီးကိုလည်းကောင်း၊ လက္ခမီး (သျှီ)နတ်သမီးကိုလည်းကောင်း၊ မဟာစကြာဝဠာတိုက်ကိုလည်းကောင်း၊ ဖန်ဆင်းမွေးဖွားပေးခဲ့၏။ ထို့ကြောင့်နေလနက္ခတ်တာရာအပါအဝင်ဖြစ်သော မဟာစကြာဝဠာမဟာပထဝီမြေကြီးနှင့် သတ္တလောကတစ်ခွင်လုံးစုံသည် "ကြာ"၌သာ အရင်းအမြစ်ဖြစ်ပါ၏။ ထို့အပြင် ဗြဟ္မဏနတ်မင်းကြီးများ၏ ဣတ္ထိအသွင်ဖြစ်သော သွရဿတီ (သူရဿတီ)နှင့်လက္ခမီးနတ်သမီးများသည် ကြာဖြူ၊ ကြာနီထက်၌ စံပယ်နေသည်ဟုလည်း ယုံကြည်ကြသည်။[၁] သို့ဖြစ်၍ ကြာနီမိတ်ပုံများသည် ဗြဟ္မဏဟိန္ဒူတွင် အရင်းခံခဲ့ပြီး မဟာယာနယုံကြည်မှုတွင် ဆင်းသက်ပြန့်ပွားစေခဲ့သည်။ အကြောင်းမှာ မဟာယာနဗုဒ္ဓဘာသာသည် ဗြဟ္မဏတို့၏ သက္ကတစာပေအပေါ် မှီတည်ထားခြင်းကြောင့်လည်း ဖြစ်ပါဦးမည်။

---

၁။ ဒေါက်တာသန်းထွန်း၊ **ကိုးကွယ်ရာအပင်နှင့်ပုံပြင်များ**၊ ရန်ကုန်၊စာ–၅၈/၅၉။



## ဒက္ခိဏာသာခါ နှင့် ကလေးဘုရားအလှူအဆ

မဟာယာနဗုဒ္ဓဘာသာတွင် ကြာ (ပဒ်မ)သည် ဗုဒ္ဓနှင့် ဗောဓိသတ္တ ဘုရားလောင်းတို့ကို ရည်ညွှန်းနေသည်သာမက အလွန်ထက်မြက် သော ကလေး (Prodigy)အဖြစ် ကိုယ်စားပြုနေသည်ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဒက္ခိဏာသာခါရုပ်ပွားတော်အား ကလေးအသွင် ထုဆစ်ထားခြင်း မှာလည်း ''ပဒ်မ''အား ရည်စူးနေခြင်းဟု ယူဆနိုင်ပါမည်။ မဟာယာန ဗုဒ္ဓဘာသာ ဝင်တို့၏ ဘာသာရေးပွဲတော်တွင် ကဆုန်လပြည့်နေ့လည်း တစ်ရပ် အပါအဝင်ဖြစ်ရာ မြန်မာအစရှိသော ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က ဗောဓိပင်တွင် ညောင်ရေသွန်းလောင်းကြသည်။ ယင်းတို့က ထိုနေ့သည် ဗုဒ္ဓ မွေးနေ့ဖြစ်သည့်အတွက် ဗုဒ္ဓဝင်ဖွားတော်မူခန်းမှ မွေးကင်းစဖြစ်သော သိဒ္ဓတ္ထဘုရားလောင်းငယ်အား ရေသပ္ပာယ်ကြလေ့ရှိပါသည်။[၁]

အဆိုပါ ဘုရားလောင်းဟန်သည် ကောင်းကင်နှင့်မြေကြီးအား လက်ညှိုးညွှန်ပြနေဟန် (သူစိမုဒြာ)ဖြစ်ပါသည်။[၂] မွေးကင်းစ ဘုရား

၁။ **Vesak day & Seoul Louts Lantern Festival, Buddha's Birthday,** *Wikipedia, free encyclopedia.*

၂။ စဝ်ထွန်းမှတ်ဝင်း၊ မုဒြာများ၊ စာ-၈၂။

လောင်းကလေးငယ်ကို ရေဖလားအတွင်းထည့်၍ လဘက်ခြောက်ဖြင့် ပြုလုပ်ထားသော အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးသွန်းလောင်းကာ ပူဇော်တတ်ကြသည်။

ထို့အပြင် ဂျပန်နိုင်ငံတိုကျိုမြို့၏ အနောက်ဘက်ရှိ နာဂါနို (Nagano) ဒေသတွင် **ဇန်ကိုဂျိ (Zenkoji) ကျောင်းတော်**ရှိပြီး ထိုကျောင်း ပရဝုဏ်တွင် **ကလေးဘုရားများစွာရှိ**ပါသည်။ ထိုကလေးဘုရားရုပ်ပွား တော်များအား ကျောင်းကပ္ပိယများက ကလေးဦးထုပ်(bonnet)နှင့် ရင် **ဘတ်၌သွားရည်ခံ** (bib) အဝတ်ဖြူများ လဲလှယ်ဆင်မြန်းပေးရသည်။ ထိုကျောင်းတော်သည် ဂျိုဒို (Jodo) မဟာယာနဂိုဏ်းဝင်များဖြစ်ကြပြီး အဝလောကိတေသွာရနှင့် မဟာရှိထမ ဗောဓိသတ္တတို့ကိုကိုးကွယ်ကြ သူများလည်း ဖြစ်ကြသည်။ ထိုဂိုဏ်းသည် တရုတ်၊ အမိတ္တာဘဂိုဏ်း၏ ဆရာတော်ရှန်တို (၆၁၃–၆၁၈ အေဒီ)၏ အရိုက်အရာကို ဆက်ခံပြီး သုခဝတီဗျူဟာသုတ္တန်နှင့် အမိတာယု ဈာနသုတ္တန်ကို လက်စွဲပြုသော မဟာယာနဂိုဏ်းလည်းဖြစ်၏။[၁] ယင်း ကလေးဘုရားများသည် ဂျိဇော (Jizo) ဟု ဂျပန်အခေါ် ဖြစ်ကြပြီး **ရဟန်းအသွင်ထုထားသော ဗောဓိသတ္တဘုရားလောင်းများ**လည်းဖြစ်ကြသည်။ ဤဓလေ့ဆိုင်ရာ အယူအဆသည် တိဗက်တွင်လည်း ရှိနေ၏။[၂]

မဟာယာနပိဋကတ်၊ သုခါဝတီဗျူဟာသုတ္တန်တွင် အမိတာဘ ကောင်းကင်ဘုရား၏ ဘုံဗိမာန်တွင်**ကလေးသူငယ်များ** ပျော်ရွှင်မြူးတူး နေကြသည်။ သို့ဖြစ်၍ ကလေးဘုရား (Baby-Buddha) အယူအဆသည် မဟာယာနဗုဒ္ဓဘာသာဝင်များအကြားတွင် ထင်ရှားစွာ ပေါ်ပေါက်နေပါ

၁။ R.V. Bapat, ed. ***2500 Years of Buddhism***, New Delhi, Ministry of Information and broadcasting, 1956, p. 133

၂။ **Japan,An Illustrated Encyclopedia,** Tokyo, Kodansha Co.,Ltd., 1993, p.1778. (b) **The Cambridge Encyclopedia of Japan,** ed. Richard Bowning & Peter Kornick, England, Cambridge University Press, 1993, pp.158, 159, 164.
(c) en wikipedia org/wiki/**zenkoji-temple** ပုံအမှတ် (၁၃)ကြည့်ရန်။

သည်။ ထို့အပြင် တိဗက်လားမား မဟာယာနရုပ်တုဗေဒကျမ်းများတွင်လည်း ဖွားတော်မူခန်းမှ ဗောဓိသတ္တဘုရားလောင်းကလေးငယ်ကို ကိုးကွယ်ဟန်အဖြစ် ဖော်ပြထားလေ့ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ဒက္ခိဏာသာခါရုပ်ပွားတော်အား "ကလေးရုပ်အသွင်" ထုဆစ်သည့် ဓလေ့မှာ မဟာယာနအစဉ်အလာသာလျှင် ဖြစ်နိုင်ဖွယ်ရှိကြောင်း ထပ်၍ ပေါင်းစပ်လေ့လာတွေ့ရှိရသည်။ တစ်ဖန် တရုတ်မဟာယာနဗုဒ္ဓဘာသာတွင် "ကွမ်ယင်" (ဗောဓိသတ္တ၏ က္လတ္ထိအသွင်)မှာလည်း ကလေးသူငယ်များကို စောင့်ရှောက်ပေးသည်ဟုယုံကြည်သည်သာမက ကွမ်ယင် (Kuan -Shih-Yin) သည် သားဆုပေးသူ (Giver of Son)လည်း ဖြစ်ပါသည်။[၁]

မဟာယာနဗုဒ္ဓဝင်ဖြစ်သော "မဟာဝတ္ထု အဝဒါန" ကျမ်းတွင် ဖွားတော်မူခန်းမှာလည်း "ဒက္ခိဏာသာခါ"၏ အရင်းအမြစ်အတွက်ထည့်စဉ်းစားရန် တွေ့ရှိရသည်။ ဤဗုဒ္ဓဝင်၌ ဒီပင်္ကရာဗုဒ္ဓ (Dipankara Buddha) အလောင်းတော်ကို မွေးဖွားစဉ် မယ်တော်ဖြစ်သူသည် ကြာကန်တွင်းသို့ဆင်းသက်ခဲ့ရာ အလယ်၌ ကျွန်းတစ်ကျွန်းပေါ်ထွန်းခဲ့ကြောင်း၊ ထိုကျွန်းတွင် အလောင်းတော်ကိုဖွားမြင်ခဲ့ကြောင်း၊ ဖွားမြင်ပြီးနောက်တစ်နေ့တွင် ဒီပင်္ကရာဗုဒ္ဓသည် ကမ္ဘာမြေအနှံ့သို့ ခရီးထွက်ခဲ့ကြောင်း ထိုအချိန်မှစ၍ အနှစ် (၁)သိန်းတိုင်အောင် သက်တော်ရှည်စွာတည်ရှိနေကြောင်း ယုံကြည်ကြသည်။[၂] သို့ဖြစ်၍ "ကြာရေကန်"တွင်းမှ မွေးဖွားသော ဒီပင်္ကရာဗုဒ္ဓသည်လည်း ဒက္ခိဏာသာခါရုပ်တုသဘောကဲ့သို့ အလွှန်နီးစပ်နေကြောင်း လေ့လာတွေ့ရှိရ၏။

သို့ဖြစ်၍ အောက်ပါဒက္ခိဏာသာခါရုပ်ပွားတော်၏ သမားရိုးကျမဟုတ်သော လက္ခဏာများသည် မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ

---

၁။ (က) Antoinette K. Gordon The Iconography of Tibetan Lamaism. Tokyo. Charlese. Tuttle Company. 1960,p. 55.
(ခ) Getty, GNB. pp.76-87

၂။ Getty, GNB, pp.11-12.

သွင်ပြင်များပင်ဖြစ်ပါသည်။

- ညာလက်တော်ဖြောင့်တန်းနေဟန်၊
- ကလေးအသွင်ဖြစ်ခြင်း၊
- ကြာဖတ်ဆောင်းခြင်း၊
- ရေကန်ပါရှိခြင်း၊
- ရေကန်၌ကြာပွင့်၊ ဖူးများပါရှိခြင်းနှင့်
- ကြာပလ္လင်ထက်၌ သီတင်းသုံးဟန်ဖြစ်ခြင်း

တို့ပင် ဖြစ်ပါသည်။

## ဖြန်လည်သုံးသပ်ချက်

ဒက္ခိဏာသာခါရုပ်ပွားတော်တွင် အထူးခြားဆုံးအကြောင်းအရာ တစ်ရပ်ရှိပါသည်။ ဤအကြောင်းအရာမှာ မည်သည့်ဗုဒ္ဓဘာသာ၊ ဟိန္ဒူ ဗြဟ္မဏနှင့် ဂျိမ်းရုပ်တုဗေဒကျမ်းများတွင်မှ တစ်ထပ်တည်းတူညီနေသော အလားတူရုပ်ပွားတော်မျိုးမတွေ့ရှိရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဒက္ခိဏာသာခါသည် မြန်မာဟန်စစ်စစ်ဖြစ်ပါဦးမည်။ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုစသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓရုပ်ပွားတော်များ၊ နီပေါ၊ တရုတ်၊ ဂျပန်စသော မဟာယာနဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓရုပ်ပွားတော်၊ ဗောဓိသတ္တရုပ်ပွားတော်များနှင့် ဒက္ခိဏာသာခါသည် တသဝေမတိမ်းဆင်တူနေသော ရုပ်တုတော်ဟူ၍မရှိပါ။ သို့သော် ဒက္ခိဏာသာခါ၏ ဟန်နှင့်ပုံစံတို့သည် မဟာယာနဗုဒ္ဓဘာသာမှဟန်များဖြင့် ဖွဲ့စည်းထားကြောင်းမှာ ထင်ရှားစွာတွေ့ရပါသည်။

တစ်ဖန် မဟာယာနဗုဒ္ဓဘာသာနွယ်ဝင်ဖြစ်သဖြင့် ဗုဒ္ဓရုပ်ပွားတော်နှင့် ဗောဓိသတ္တရုပ်ပွားတော်ဟူ၍ ထပ်မံခွဲခြားဆန်းစစ်ရန် လိုလာပါသည်။ ဖြစ်နိုင်မှုအများဆုံးမှာ ''ဗောဓိသတ္တ'' ရုပ်ပွားတော်ဟုသာ

ဆုံးဖြတ်နိုင်ပါသည်။ ဘုရားလောင်း ''အဝလောကိတေသွာရ'' ဟန်သည် ကာလကြာညောင်းလာခြင်းကြောင့် လည်းကောင်း၊ ဒေသဆိုင်ရာ ယဉ်ကျေးမှုများဖြင့် ရောယှက်လာရာမှလည်းကောင်း၊ ပုံစံနှင့်ဟန်များပါလိုက်၍ ပြောင်းလာခြင်းဖြစ်ပါမည်။ ဤသို့ဖြင့် မျက်မှောက်ခေတ်သို့ရောက်သည့်အခါ မည်သည့်ရုပ်ပွားတော်အမျိုးအစားဖြစ်ကြောင်းကိုမှ မသိနိုင်လောက်အောင် အခြေအနေသို့ရောက်ရှိလာခြင်းပင်ဖြစ်ပါသည်။

ဒက္ခိဏသာခါရုပ်ပွားတော်ကို မဟာဗောဓိညောင်တောင်ကိုင်းသားအပြင် ကြေးသွန်းရုပ်ပွားတော်ဟန်များဖြင့်ပါ သွန်းလုပ်ခဲ့ကြသည်။ အချို့လက်တော်ဟန် (မုဒြာ)များတွင် ဝရဒမုဒြာလည်းပါဝင်သည်။ ပခုက္ကူမြို့မှ သီဟိုဠ်ရှင်ဗုဒ္ဓရုပ်ပွားတော်သည်လည်း အနုရာဓပူရရှိ ဒက္ခိဏသာခါဗောဓိသားဖြင့် ထုလုပ်ထားသည့်အတွက် ဒက္ခိဏသာခါဟုပင် ဆိုနိုင်ပါ၏။ ဤရုပ်ပွားတော်သည် ပုံတွင်မှု ဖော်ပြထားသည့်အတိုင်း ရပ်တော်မူရုပ်ပွားတော်ဖြစ်သည်သာမက လက်တော်ဟန်မှာလည်း အဘယမုဒြာနှင့် ဝရမုဒြာဟန်များကိုပါ တွေ့ရပါသည်။ ကြာဖတ်ဆောင်းထားခြင်းလည်း မရှိပါ။ မင်းတုန်းမင်းလက်ထက် ထုလုပ်ကိုးကွယ်ခဲ့သော ဒက္ခိဏသာခါပုံတော်များတွင်မူ ရတနာပုံခေတ်လက်ရာဟန် ဗောဓိရိုးသာလျှင်ဖြစ်ပါသည်။ ကြာဖတ်ဆောင်းဟန်ပင် မတွေ့ရပါ။ ကျောက်စာဝန် ဦးမြတို့ ဖော်ပြခဲ့သော ဒက္ခိဏသာခါဟန်တွင် ကြာဖတ်ဆောင်းထားဟန်မှာ ယခုခေတ်ပုံတော်များနှင့်မတူဘဲ အလွန်ထင်ရှားနေပါ၏။ ပလ္လင်တော်၌လည်း ကြာပလ္လင်မျိုးမဟုတ်ဘဲ ဆင်ခံပလ္လင်၊ မကာရ်ရုပ်၊ ယက္ခရုပ်များပါ တွေ့ရသည်။ မည်သည့်အပြောက်အမွန်းမျှမပါသော ဗဒ္ဓိပိဋ္ဌပလ္လင် (သဲနာရီဟန်)မျိုးလည်း ရှိသည်။

ရတနာပုံခေတ် မန္တလေးလက်ရာဟန် ဒက္ခိဏသာခါများမှာ ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းလှသည်။ ဂျာမန်ပါမောက္ခ အောတိုကရောတင်ပြထားသော ဒက္ခိဏသာခါကြေးသွန်းဟန်များသည် လက်ရာ၌

အလွန်ကြွမ်းနေကြောင်း တွေ့ရသည်။ ထက်ဝယ်ဖွဲ့ခွေဟန်များဖြစ်ပြီး ဘယ်ဘက်လက်တော်ဟန်မှာ သိသာထင်ရှားစွာ အချိုးအဆစ်မမှန်ကြောင်း တွေ့ရသည်။ မျက်နှာတော်ဟန်နှင့် သင်္ကန်းတော်အရေးအတွန့်ကြောင်းများ ပုံဖော်ထားပုံမှာလည်း အလွန်ကြွမ်းလှသည်။ ထို့ကြောင့် အော်တိုကရော၏ ဒက္ခိဏာသာခါရုပ်ပွားတော်များမှာ ကျိုင်းတုံ–ရှမ်း အနုပညာဟန်များဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဒက္ခိဏာသာခါထုလုပ်ရာ၌ လက်ရာဟန်များသည် နယ်မြေဒေသအလိုက် ကွဲပြားနေကြောင်းလည်း တွေ့ရှိရမှာဖြစ်ပါသည်။ အထက်နှင့်အောက် မြန်မာဒေသ ရှမ်းကုန်းမြေမြင့်နှင့် ထိုင်းနိုင်ငံမြောက်ဘက်ဒေသ (ဖင်းမယ်)အထိ ဒက္ခိဏာသာခါ ကိုးကွယ်ယုံကြည်မှုထွန်းကားနေကြောင်း တွေ့ရသည်။

ထို့အပြင် ဗုဒ္ဓရုပ်ပွားတော်များတွင် ထူးခြားဆန်းပြားလွန်းသော ရုပ်တုတော်များသည် မဟာယာနဗုဒ္ဓဘာသာယဉ်ကျေးမှုတွင် ကြွယ်ဝစွာ တွေ့ရှိနေပါသည်။ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုတွင် ဗုဒ္ဓဆင်းတုတော်ဟန်များမှာ အလွန်ရိုးရှင်းလှကြောင်းတွေ့ရသည်။ သီရိလင်္ကာတွင် ထက်ဝယ်ဖွဲ့ခွေထိုင်ဟန်၊ သမာဓိမုဒြာမှာ အဓိကထွန်းကားလျက် မြန်မာနှင့်ထိုင်းတို့တွင် ဘူမိဖဿမုဒြာဟန်မှာလည်း အဓိကရုပ်ပွားတော်ဟန်ဖြစ်ပါသည်။ သို့သော် သမိုင်းနှင့် ယဉ်ကျေးမှုစီးကြောင်းသဘာဝအရ မဟာယာနနှင့် ဟိန္ဒူဗြဟ္မဏယုံကြည်မှုများလည်း ဝင်ရောက်ရောယှက်လာသဖြင့် ထိုကဲ့သို့ ယဉ်ကျေးမှုအသွင်များသည်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းရှင်၊ လူများအတွက် တမူထူးခြားဆန်းပြားရခြင်း လည်းဖြစ်ပါသည်။ ကြာဖတ်ဆောင်းခြင်းမှာ ဒက္ခိဏာသာခါ၏ အဓိကထူးခြားမှုပင်ဖြစ်ပါသည်။ ဤသို့ ဦးခေါင်းထက်၌ ကြာဖတ်ဆောင်းခြင်း မကိုဋ်မှုဆောင်းခြင်းမှာ "ဗောဓိသတ္တ" သာလျှင်ဖြစ်စရာရှိကြောင်း မဟာယာနပိဋကတ်ကျမ်းများနှင့် ရုပ်တုဗေဒအရအထင်အရှားလေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဒက္ခိဏာ

သာခါသည် ရုပ်တုဗေဒအရဗောဓိသတ္တရုပ်ပွားတော်ဟု အနီးစပ်ဆုံး ခန့်မှန်းတွေ့ရှိရပါသည်။

''ဒက္ခိဏာသာခါ''ဟူသော အမည်၏ မူလအရင်းအမြစ်မှာ သီရိလင်္ကာ၊ အနုရာဓမြို့ရှိ ''ဗောဓိ''ပင်ကိုသာ ဆိုလိုပါသည်။ အဆိုပါဗောဓိပင်၏ တောင်ဘက်ကိုင်းသားဖြစ်သည့် ရုပ်ပွားတော်ထုဆစ်သည့် ဓလေ့မှာ မူလသီရိလင်္ကာ၌ မရှိဘဲ မြန်မာ့ဗုဒ္ဓဘာသာယဉ်ကျေးမှုတွင် အလွန်ထင်ရှားလာခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ဤယဉ်ကျေးမှုဓလေ့သည် ဟိန္ဒူ ဗြဟ္မဏခေတ်မှာကတည်းက တွေ့ရပြီဖြစ်ပါသည်။ မြန်မာပုဂံခေတ် နားတောင်းများမင်းလက်ထက်ကပင် စတင်လာခဲ့ခြင်းဖြစ်သည်။ ကျောက်စာအထောက်အထားအရ''မဟာဗောဓိညောင်တော်အခက်နှင့်ပြုသော ဘုရာ'' ဟူ၍ တိကျစွာသိလာရပြီဖြစ်သည်။ ဤအချက်မှာ ဒက္ခိဏာသာခါသာလျှင်ဖြစ်ပေဦးမည်။ ထို့အပြင် ပုဂံခေတ် ဗုဒ္ဓဦးခေါင်း တော်များတွင် ကြာဖတ်ဆောင်းဟန်ရှိပါသည်။ ဤဆင်းတုတော်အကြောင်းတွေ့ရှိရသော သမိုင်းမှတ်တမ်း (ရက်စွဲ)များကို တိုက်ဆိုင် ကြည့်သောအခါ မီးဘေး ကြောင့်ကြမှုဖြင့် ယုံကြည်ပူဇော်ကြဟန်ဖြစ်ကြောင်း တွေ့ရပါသည်။ မြန်မာ့သမိုင်းတွင် မီးဘေးနှင့် ကြုံဆုံလာတိုင်း မြန်မာမင်းများက ဒက္ခိဏာသာခါ ပူဇော်သော ဓလေ့ကို ဆောင်ရွက်လေ့ရှိကြသည်။ ထို့ကြောင့် ပူပြင်းခြောက်သွေ့သော အညာဒေသတွင် ဒက္ခိဏာသာခါယဉ်ကျေးမှုစတင် ထွန်းကားလာခဲ့ခြင်းဖြစ်ပါသည်။

## ဂိုဏ်းယုံကြည်မှုနှင့် ဒက္ခိဏာသာခါ

ကုန်းဘောင်ခေတ်တွင် ဒက္ခိဏာသာခါသည် သမားရိုးကျ ဗုဒ္ဓဆင်းတုတော်အသွင်အတိုင်း ထုဆစ်ခဲ့ကြသော်လည်း ''ကြာဖတ်ဆောင်းဘုရား''အသွင်မှာရှိခဲ့သည်။ ထို့နောက် ယနေ့ခေတ်စားလာသော ပုအိုင့်အိုင့် ဒက္ခိဏာသာခါသည် ကိုလိုနီခေတ်မှပေါ်ပေါက်လာသည်ဟု မှန်းဆနိုင်ပါသည်။ ထိုခေတ်က အင်းအိုင်ခါးလှဲ့ ဂါထာမန္တာန်တို့ကို ယုံကြည်သော

ဂိုဏ်းဆရာများက သီဟိုဠ်ပုံဒက္ခိဏာသာခါအား စတင်လာခဲ့သည်မှာ ထင်ရှားလှသည်။ အကြောင်းမှာ (၃)လသားအသွင် ထုဆစ်ရမည် ဟူသောအချက်ကို ''ဦးကျော်ရင်၏ သဗ္ဗသိဒ္ဓိစွယ်စုံကျမ်း၌သာ တွေ့ရသောကြောင့်ဖြစ်သည်။ ထိုကျမ်းသည်လည်း အင်း၊ အိုင်၊ ခါးလှဲ၊ ဂါထာမန္တာန်များကို ရေးသားဖော်ပြသော လောကီယုံကြည် မှုဆိုင်ရာပင် ဖြစ်သည်။ အလားတူ မဟာသရဂိုဏ်းဆရာကြီး ဦးသက်ရှည်၏ မဟာဒီပံ အင်းကျမ်းတွင်လည်း တွေ့ရသည်။ ထိုကဲ့သို့ ဗုဒ္ဓသွင်ပြင်ကို ထုတ်လုပ်ခြင်း အား ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများ အထူးသဖြင့် ရဟန်း၊ လူပညာရှိတို့က လုံးဝမနှစ်မြို့ကြောင်း အတိအလင်း ဖော်ထုတ်ပြကြ သည်ကို တွေ့ရပါသည်။ ထို့အပြင် မျက်မှောက်ခေတ် ''နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ် (၄၁)နှင့် (၇၇)တို့၌လည်း-

> . . . ဂိုဏ်းသမားတို့တည်ထားကြသည့် ဂိုဏ်းဘုရား၊ စေတီပုထိုးများသည်လည်း ဂိုဏ်းဆန်ဆန်ဖြစ်လာကြ ကာ ထုလုပ်အပ်သည့် ရုပ်ပွားဆင်းတုတို့သည်လည်း ဘုရားဆင်းတုနှင့်မတူတော့ဘဲ ဂိုဏ်းတစ်ခုကို ကိုယ်စား ပြုသည့်အမျိုးအမည်ခွဲခြားမရစကောင်းသည့် ရုပ်တု တစ်ခုသဖွယ်ဖြစ်လာရတော့သည်။ သို့ဖြစ်၍ စေတီ ပုထိုးဘုရားများ အသစ်တည်ထားခြင်း၊ အဟောင်း ပြုပြင်ခြင်းတို့၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အဆင့်ဆင့်၏ ခွင့်ပြုချက်ကို ယူရမည်။[၁]

ဟူ၍ ပါရှိပါသည်။ ထို့ကြောင့် ''ဒက္ခိဏာသာခါ''မှာလည်း ဤအချက်နှင့် အကျုံးဝင်လျက်ရှိပါသည်။

---

၁။ နိုင်ငံတော်သံဃနာယကအဖွဲ့ညွှန်ကြားလွှာများ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၂၀၀၃။
(ခ) မောင်အုံ့ (မဟာဝိဇ္ဇာဘုံဘော)''အမှာစာ''၊ ဦးဇာဂရ (ရန်ကုန်)။ စေတီဆင်းတု သမိုင်းနှင့် ကိုးကွယ်မှုအကျိုးကျေးဇူး၊ ရန်ကုန်၊ မြင့်ဆွေစာအုပ်တိုက်၊ ၁၉၉၅။

ဤသို့ဆိုလျှင် မြန်မာ့သမိုင်း၊ ကိုလိုနီခေတ်နှင့် ထိုခေတ်၏ ဗုဒ္ဓဘာသာအခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါလိမ့်မည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံ၏အခြေအနေကို ယေဘုယျအားဖြင့် သုံးသပ်ပါလျှင် ဗုဒ္ဓဘာသာနှင့် မြန်မာ့လူမှုရေးမှာ ကျဆင်းနေချိန်ဟု ဂျွန်၊ အက်ဖ်ကေဒီကဲ့သို့ ပညာရှင်များက ဆုံးဖြတ်ပါသည်။ သီရိလင်္ကာတွင် ပေါ်တူဂီနှင့် ဒက်(ချ်) နယ်ချဲ့တို့က ဗုဒ္ဓသာသနာကို တရားဝင်ထိုးနှက်လာသကဲ့သို့ မြန်မာတွင်လည်း ဗြိတိသျှနယ်ချဲ့တို့ကဘာသာရေးကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးသည်ဟုဆိုသော်လည်း လက်တွေ့တွင် စာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများရှိ မြန်မာဗုဒ္ဓဘာသာဝင်လူငယ်များမှာ ဘာသာရေးအရ မထေမဲ့မြင်ပြုခံခဲ့ကြရသည်။ သို့ဖြစ်၍ သီရိလင်္ကာတွင် ဗုဒ္ဓကလျာဏယုဝအသင်း (Yaung Men Buddhist Association of Ceylon) ပေါ်ပေါက်လာသကဲ့သို့ မြန်မာတွင်လည်း ၁၉၀၆ တွင် ဝိုင်အမ်ဘီအေအသင်း ပေါ်ပေါက်လာခဲ့ပါသည်။[၁]

ထိုခေတ်တွင် မြန်မာ့ဗုဒ္ဓဘာသာနယ်ပယ်၌ လောကီယုံကြည်မှုဆိုင်ရာ (အထက်လမ်း/အောက်လမ်း)ဂိုဏ်းများ ပေါ်ပေါက်လာသည်။ မြန်မာ့ဗုဒ္ဓဘာသာရေးရာ ကျွမ်းကျင်သူ မိုက်ကယ်၊ အီး၊ မန်ဒဲ(လ်)စွန် (Michael E Mendelson)၏ လေ့လာသုတေသနပြုချက်အရ ဂိုဏ်းပေါင်းတစ်ရာကျော်ခန့်ရှိသည်ဟု ဆိုပါသည်။ အဆိုပါဂိုဏ်းတွင် ရဟန်းတော်အချို့ပင်ပါဝင်နေပြီး မဟိဒ္ဓိရဟန်းများ (Charismatic Monks) ဟု ဆိုထားကြောင်းတွေ့ရသည်။[၂] ထိုကဲ့သို့ ဗုဒ္ဓဘာသာရှိဂိုဏ်းများကိုနိုင်ငံခြားဘာသာပညာရှင် မဲ(လ်)ဖော(ဒ်)အီးစပီရို (Melford E. Spiro)က–

– အင်း၊ အိုင်၊ ခါးလှဲ့ဆိုင်ရာ ယုံကြည်မှုဟုလည်းကောင်း (Apotropaic Buddhism)

---

၁။ Maung Htin Aung, **A History of Burma,** Columbia University. Press, 1967, pp. 278-279.

၂။ E. Michael Mendelson, **Sangha and State in Buram**, London, Cornell University Press, 1975, pp. 144-147.

– မထင်မရှားဗုဒ္ဓဘာသာယုံကြည်မှု
(Esoteric Buddhism) ဟု လည်းကောင်း အမည်တတ်ခဲ့သည်။

အဆိုပါယုံကြည်မှုကို ''ထွက်ရပ်ပေါက်ဂိုဏ်း''ဟုလည်း ခေါ်ဆိုပါသေး၏။ ဤယုံကြည်မှုနှင့်စပ်လျဉ်း၍ တေးသီးချင်းများမှာလည်း ခေတ်၏ ကြေးမုံများပင်ဖြစ်ပါသည်။ ဂီတစာဆို ရွှေတိုင်ညွန့် (၁၉၀၈–၁၉၄၄) ရေးဖွဲ့၍ စိန်ပါတီသီဆိုသော ''ထွက်ရပ်ပေါက်'' တေးတစ်ပုဒ်ရှိခဲ့သည်။ ထိုသီချင်းအရ ကိုလိုနီခေတ်အစောပိုင်းတွင် ထွက်ရပ်ပေါက်ဂိုဏ်း တည်ထောင်သော ပထမံဆရာများ နာမည်ကြီးလာခဲ့သည်။ အဆိုပါသီချင်း၌ ရှင်မထီး၊ ဓမ္မစေတီ၊ အင်းဝမင်းခေါင်၊ ဦးအောင်တို့ဖြစ်ကြသည်။ သီချင်းစာသားပါ အဓိကရည်ရွယ်ချက်မှာ နိုင်ငံခြားသားအရင်းရှင်များက မြန်မာ့စီးပွားရေးကို ချယ်လှယ်နေချိန်ဖြစ်၍ မြန်မာတိုင်းရင်းသားများ ကြီးပွားချမ်းသာရေး၊ ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်နေချိန် ဖြစ်သည့်အတွက် မြန်မာ့လွတ်လပ်ရေးရရှိရန် ထွက်ရပ်ပေါက် ပထမံဆရာများက စွမ်းဆောင်ပေးဖို့ တိုက်တွန်းထားသော သီချင်းတစ်ပုဒ်ဖြစ်ပါသည်။[၁]

တစ်ဖန် မောင်းထောင်ဦးကျော်လှ (၁၇၄၁–၁၉၁၉)၏ သံချိုကဗျာတစ်ပုဒ်တွင် လောကီဝိဇ္ဇာများ တစ်ဘဝတည်းနှင့် အရိမေတ္တေယျဘုရားအားဖူးတွေ့နိုင်ကြောင်းကို ကျမ်းဂန်၌မရှိဟု စစ်တောင်းမြို့အုပ်မောင်မှတ်ကလေးအား သင်္ဂဇာဆရာတော်မိန့်ဆိုခဲ့ပုံကိုသံချိုကဗျာ ရေးစပ်ခဲ့ဖူးသည်။[၂] ထို့ကြောင့် ထိုခေတ်ကပင် ထေရဝါဒဗုဒ္ဓသာသနာမှ ဆရာ

၁။ တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ၊ အတွဲ (၇)၊ မိုလ်ကလေးတင့်အောင်နှင့်အဖွဲ့ (စုဆောင်း)၊ ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၀၄၊ စာ–၈၁–၈၂။ ဤ သီချင်းအပြည့်အစုံကို နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။

၂။ မောင်းထောင်ဦးကျော်လှ၊ သံချိုကဗျာပေါင်းချုပ်၊ သုတေသနမှူးဦးအောင်သိန်း (တည်းဖြတ်)၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၈၄၊ စာ–၆၉–၇၀။ ဤ သံချိုကဗျာကို နောက်ဆက်တွဲ၌ အပြည့်အစုံဖော်ပြထားပါသည်။

တော်က ထွက်ရပ်ပေါက်ပထမံဂိုဏ်းများကို ပြစ်တင်ဝေဖန်လာခဲ့ကြောင်း တွေ့ရသည်။

စင်စစ်အားဖြင့် လောကီယုံကြည်မှုဆိုင်ရာဂိုဏ်းများသည် ဗုဒ္ဓဘာသာအမည်ခံ၍ တရုတ်၊ အိန္ဒိယနှင့် ဒေသဆိုင်ရာယုံကြည်မှုများ၊ ရောယှက်ပေါင်းစပ်ထားသော ယုံကြည်မှုဟူ၍ စပီရိုက ဆိုခဲ့သည်။

(မူရင်း) ... Essentially, they represent a syncretism of occult (Indian, Chinese and indigenous) beliefs, with an overlay of the Buddhist doctrines, with which, in order to leqitimize them, they are loosety integrated.[၁]

ဟူ၍ ဆိုပါသည်။ ထို့အပြင် "ဂိုဏ်း" ယုံကြည်မှုသည် ယုံကြည်မှုများစွာကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း-

... "ဂိုဏ်း"သည် ရောပြွန်းလက်ခံထားသော ယုံကြည်မှုအသွင်ဖြစ်သည်။

[မူရင်း] ... The *gaing:* is the religion that is a syncretism of diverse[၂]

ဟူ၍ ဆိုနိုင်ပါသည်။ သို့ဖြစ်၍ လောကီယုံကြည်မှု (ဂိုဏ်း)ဟူသည် ဟိန္ဒူ ဗြဟ္မဏ၊ မဟာယာနနှင့် ဒေသခံရိုးရာအစွဲအလမ်းများ ရောယှက်ပေါင်းစပ်ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ အဆိုပါဂိုဏ်းယုံကြည်မှုတို့ကို တည်ထောင်သူတို့အား "ဝိဇ္ဇာ" ဟု ခေါ်ကြသည်။ ယင်းတို့၏ အဓိက ယုံကြည်မှုများမှာ နောင်ပွင့်တော်မူမည့် "အရိမေတ္တေယျ"ဘုရား (Metteya Future Buddha) နှင့် "မင်းလောင်းစကြာ" (a Universal Emperor)တို့ပင်ဖြစ်သည်။ ထိုယုံကြည်မှုသည် စိတ်ကူးယဉ်ဆန်လွန်းသဖြင့် (The utopian belief)ဟု လည်းကောင်း၊ **စိတ်ကူးယဉ်ဗုဒ္ဓဘာသာ**

၁။ Malford E. Spiro, **Buddhism And Society: A Great Tradition and its Burmese Vicissitudes,** London, University of California Press, 1982 reprint, pp.140, 162.

၂။ *Ibid,* pp. 186-187.

ယုံကြည်မှု (millennial Buddhism) ဟု စပီရိုးက ဆိုခဲ့သည်။ ထိုယုံကြည်မှုများသည် လွတ်လပ်ရေးရရှိပြီး (၁၉၄၈) နောက်ပိုင်းခေတ်ကာလများထိ ဆက်လက်ခေတ်စားလာခဲ့ကြသည်။ အဆိုပါစကြာမင်းလောင်း ယုံကြည်မှုတို့သည် ပါတော်မူပြီး နယ်ချဲ့တော်လှန်ရေးတွင် တိုင်းရင်းသားတော်လှန်ရေးခေါင်းဆောင်များကို ကိုင်စွဲခဲ့သော အယူဝါဒတစ်ရပ်ပင်ဖြစ်ပါသည်။ ၁၈၉၇ ခုနှစ် အောက်တိုဘာတွင် ဦးကေလာသနှင့် နောက်လိုက် (၁၈)ဦးတို့သည် ဒဖရင်ခံတပ်ကို တိုက်ခိုက်ခဲ့ဖူးသည်။ ထိုတော်လှန်ရေးခေါင်းဆောင်သည် မိမိကိုယ်မိမိ မြန်မာဘုရင်ဟုလည်းကောင်း၊ စကြာမင်းသားဝင်စားသူဟုလည်းကောင်း ကြွေးကြော်တိုက်ခိုက်ခဲ့ဖူးသည်။[၁]

သို့ဖြစ်၍ လောကီဆိုင်ရာယုံကြည်မှုပေါ်ပေါက်လာရသည့် နိုင်ငံရေးဆိုင်ရာအကြောင်းရင်းတစ်ရပ်မှာ နယ်ချဲ့ကိုတွန်းလှန်လိုသောစိတ်ကြောင့်ဟုလည်း ဆိုနိုင်ပါ၏။ ဂိုဏ်းဆရာ "ဝိဇ္ဇာ" တို့သည် ထွက်ရပ်ပေါက်လမ်းစဉ်ကို ကျင့်ကြံ၍ ထာဝရအသက်တော်နှင့်တကွ နောင်ပွင့်မည့်အရိမေတ္တေယျဘုရား၏တရားဦးကို နာယူပြီး နိဗ္ဗာန်မျက်မှောက်ပြုရန် ရည်သန်ခဲ့ကြသည်။ ထို့ကြောင့် လောကီဂိုဏ်းများ၏ ဗုဒ္ဓဘာသာသည် မဟာယာန ဗောဓိသတ္တယုံကြည်မှုသို့ လုံးဝဦးတည်လာခဲ့ကြသည်။[၂] အနုမာနမှန်းဆနိုင်မည်မှာ အဆိုပါဂိုဏ်းဆရာများသည် သက္ကတ (သို့မဟုတ်) မဟာယာနဗုဒ္ဓဘာသာအကြောင်းကို ကောင်းစွာသိနားလည်သော ပုဂ္ဂိုလ်များသာဖြစ်နိုင်စရာရှိပါသည်။ သို့အားလျော်စွာ ဒက္ခိဏာသာခါရုပ်ပွားတော်သည် ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုအသွင် ပျောက်ကွယ်၍ မဟာယာနယဉ်ကျေးမှုအသွင်ပေါ်နေရခြင်းမှာ ကိုလိုနီခေတ်

၁။ J. George Scott, **Gazetteer of Upper Burma and the Shan State. Vol.II, Part. I**, Yangon, Govt. Printing, 1900, pp.14-15.

၂။ မောင်းထောင်ဦးကျော်လှ၊ သံချိုကဗျာပေါင်းချုပ်၊ သုတေသနမှူးဦးအောင်သိန်း (တည်းဖြတ်)၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၈၄၊ စာ-၆၉-၇၀။ ဤ သံချိုကဗျာကို နောက်ဆက်တွဲ၌ အပြည့်အစုံဖော်ပြထားပါသည်။

နိုင်ငံရေးနောက်ခံကို အကြောင်းပြုနေပါဦးမည်ဟုလည်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ယနေ့တွေ့မြင်ရသော ဒက္ခိဏာသာခါ (သီဟိုဠ်ပုံ) ဟု ဆိုသော ဆင်းတုတော်သည် ထေရဝါဒအရ သဗ္ဗညုတဉာဏ်တော် အရှင်ဗုဒ္ဓဂေါတမရုပ်ပုံ မဟုတ်နိုင်ပေ။ ဗုဒ္ဓဘာသာတွင် ထေရဝါဒနှင့် မဟာယာနဟူ၍ အဓိကဂိုဏ်းကြီး (၂)ဂိုဏ်းသာရှိ၍ ထေရဝါဒ ယဉ်ကျေးမှု မဟုတ်ပါလျှင် မဟာယာနယဉ်ကျေးမှုနယ်ပယ်မှာသာလျှင် ဖြစ်စရာရှိပေတော့သည်။ ဘုရားလောင်းဗောဓိသတ္တသာလျှင် ဖြစ်လောက်ပါသည်။ သို့သော် ဗောဓိရိုးမှုဟန်ကိုမူ ဗောဓိသတ္တဟုမဆိုလိုပေ။ ပုအိုင့်အိုင့် (ကလေးအသွင်) ဒက္ခိဏာသာခါဟန်၏ အရင်းအမြစ်သည် ဦးကျော်ရင်၏ သဗ္ဗသိဒ္ဓိ စွယ်စုံကျမ်း (ခေါ်) အင်းအိုင်ခါးလှဲ့ယုံကြည်မှုဆိုင်ရာ ရောပြွန်းနေသော လောကီယုံကြည်မှု (သို့မဟုတ်) ဂိုဏ်းယုံကြည်မှုကိုသာလျှင် ဒက္ခိဏာသာခါ ရုပ်ပွားတော်မှာ ကိုယ်စားပြုနေပါမည်ဟု သိသာထင်ရှားစေပါတော့သည်။




ပုံ (၄ ● ၁) ဒက္ခိဏာသာခါရုပ်ပွားတော် (သီဟိုဠ်ပုံ)
(ကိုယ်တိုင်ရိုက်ကူးသည်)



ပုံ (၄ ◦ ၂) ဒက္ခိဏာသာခါရုပ်ပွားတော်
(ဖြောင့်တန်းသော ညာလက်ဟန်ပုံ)



ပုံ (၄ • ၃) ဒက္ခိဏာသာခါရုပ်ပွားတော်
နောက်ကျောဘက်ပုံ



ပုံ (၄ . ၄)
ဒက္ခိဏာသာခါရုပ်ပွားတော်အောက်ခြေရှိ ရေကန်၊ ကြာဖူး၊ ကြာပွင့်ပုံ
(ကိုယ်တိုင်ရိုက်ကူးသည်)



ပုံ (၄ ◦ ၅)

ဗောဓိသတ္တ အဝလောကိတေသွာရ၊ ဗိဟာဒေသ၊ ၁၂ ရာစု

( ကြေးဆင့် ဆောင်းထားဟန် )

(Swati Chopra, **Buddhism**)



ပုံ (၄ . ၆)
**ဗောဓိသတ္တ အဝလောကိတေသွာရ၊** ဗိဟာဒေသ၊ ၁၂ ရာစု
( ကြာ၅ဆင့် ဆောင်းထားဟန် )



ပုံ (၄ ● ၇)

ကြာဖတ်ဆောင်း ဗောဓိသတ္တဘုရားလောင်းဟန်

အဝလောကိတေသွာရ၊ပါလ–ဘင်္ဂလားဟန်၊ ၁၆ ရာစု

Swati Chopra, **Buddhism,** p.55



**ပုံ (၄ ၈) ကြာဖက်ဆောင်း ဗောဓိသတ္တဘုရားလောင်းဟန်**
သီဟနာဒပလ္လင်ထက်တွင် အဝလောကိတေသွာရစံပွာယ်ဟန်၊
ပါလ–ဘင်္ဂလားဟန်၊ ၁၆ ရာစု
Swati Chopra, **Buddhism,** p.55



ပုံ (၄ ● ၉)

**ဒက္ခိဏာမုတ္တိ (သီဝ၏ဂုရုအသွင်)၊** (၁၇)နှင့် (၁၈)ရာစု၊

သစ်သားရုပ်ကြွ၊ ၁၈ ၁/၂ လက်မ၊ တမီ(လ်)န ဒု (Tamil nadu)၊ အိန္ဒိယ

Pratapaditya Pal, ***Art from India, Nepal & Tibet***,p.74



ပုံ (၄ ∘ ၁၀)
**ဝိနာဓရ ဒက္ခိဏာမုတ္တိ၊** ၁၆ ရာစု၊ ကြေးသွန်း၊ ၁၁–၁၂ရာစု၊
Muses Guiment ပြတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ။
Hermann Goet, **Art of the World,** 1960.



ပုံ (၄ • ၁၁) ဒက္ခိဏာမုတ္တိ (သိဝ)ရုပ်တုဟန်၊ မထုရာ၊ မိနစ်ရှိကျောင်းတော်၊ အိန္ဒိယ

*Dakshinamurthy,* Wikipedia, the free encyclopedia.



ပုံ (၄ ◦ ၁၂) ရတနာသမ္ဘဝ (ချာနီပုဒ္ဓဟန်၊ နီပေါ)
The Indian Buddhist Iconography, p.65



ပုံ (၄ • ၁၃)
ကလေးဘုရားများပုံ
ဇန်ကိုဂျီကျောင်းတော်၊
နာဂါနို အနောက်မြောက်၊
ဂျပန်

(Japan, An IllustrationEncyclopedi, 1993,p.1778)




ပုံ (၄ . ၁၄) ကြာဖတ်ဆောင်း ဒက္ခိဏသာခါ ရုပ်ပွားတော်
(စစ်ကိုင်း၊ ထူပါရုံစေတီ)



**ပုံ (၄ ● ၁၅) ဒက္ခိဏာသာခါရုပ်ပွားတော်**
**ရိုးတံရှည် ကြာဖတ်ဆောင်းဟန်**
(ဆန်းသစ်အောင် ပန်းပုနှင့်ရွှေချလုပ်ငန်း၊ ရွှေတိဂုံတောင်ဘက်မုခ်)
(ကိုယ်တိုင်ရိုက်ကူး)



ပုံ (၄ ◦ ၁၆) ဒက္ခိဏာသာခါရုပ်ပွားတော်ရိုးတံရှည် ကြာဖတ်ဆောင်းဟန်
(ဘေးဘက်မြင်ရပုံ)
(ကိုယ်တိုင်ရိုက်ကူး)



ပုံ (၄ ● ၁၇) ဒက္ခိဏာသာခါရုပ်ပွားတော်
(ရိုးတံရှည် ကြာဖတ်ဆောင်းဟန်) နောက်ကျောပုံ
(ကိုယ်တိုင်ရိုက်ကူး)

# နောက်ဆက်တွဲ မှတ်စု



# လက္ခဏသုတ်

## (သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်များ)

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ''ရဟန်းတို့'' ဟူ၍ ခေါ်တော်မူ၏။

ထိုရဟန်းတို့သည် ''အသျှင်ဘုရား'' ဟူ၍ မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏။

ရဟန်းတို့ ယောကျ်ားမြတ်၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် 'မဟာပုရိသ'လက္ခဏာတို့သည် ရှိကုန်၏။ အကြင်လက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်ပါးသော အဖြစ်တို့သာလျှင် ရှိကုန်၏။ အခြားတစ်ပါးသော အဖြစ်တို့သည် မရှိကုန်။

အကယ်၍ လူ့ဘောင်၌နေသော် တရားစောင့်သော တရားနှင့် အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်း လုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော **ရတနာခုနစ်ပါး**နှင့် ပြည့်စုံသော စကြာဝတေးမင်း ဖြစ်၏။ ထို (စကြာဝတေးမင်း)အား ဤ ရတနာခုနစ်ပါးတို့သည် ဖြစ်ကုန် ၏။ ဤ (ရတနာခုနစ်ပါး) တို့ကား အဘယ်နည်း။ စကြာရတနာ[၁] ဆင် ရတနာ[၂] မြင်းရတနာ[၃] ပတ္တမြားရတနာ[၄] မိန်းမမြတ်ရတနာ[၆] သူဌေးရတနာ[၇] ခုနစ်ခုမြောက်သော သားကြီးရတနာတို့တည်း။ ထို (စကြာဝတေးမင်း)အား ရဲရင့်ကုန်သော သူရဲကောင်းဖွဲလုံ့လမျိုးရှိကုန်သော တစ်ဖက်စစ်သည် တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိ ကုန်၏။ ထို (စကြာဝတေးမင်း)သည် သမုဒ္ဒရာအဆုံးရှိသော ဤမြေကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်းမရှိဘဲ တရားသဖြင့် အောင်မြင်၍ အုပ်စိုး၏။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် ပူဇော်အထူး ကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ) အပိတ်အပင်ကို ဖွင့်လှစ် ဖျက် ဆီးပြီးသော ဘုရားဖြစ်၏။

အကြင် လက္ခဏာတို့နှင့်ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုး သော အဖြစ်တို့သာလျှင် ရှိကုန်၏။ အခြားသော အဖြစ်မရှိကုန်၊ အကယ် ၍ လူ့ဘောင်၌နေသော် စကြာဝတေးမင်းဖြစ်၏။ပ။အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော လောက၌ (ကိလေသာ) အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

ရဟန်းတို့ ယောကျ်ားမြတ်၏ သုံးဆယ့်နှစ်ပါးသော ထိုယောကျ်ား မြတ်လက္ခဏာတို့ဟူသည် အဘယ်တို့နည်းဟူမူ–

ရဟန်းတို့ ဤလောက၌ ယောကျ်ားမြတ်သည် အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိ၏။ ရဟန်းတို့ ယောကျ်ားမြတ်သည် အကြင်

အညီအညွတ်ကောင်းစွာထိသော ခြေဖဝါးရှိ၏။ ရဟန်းတို့ ဤအညီအညွတ် ကောင်းစွာထိသောခြေဖဝါးရှိခြင်းသည်လည်း ယောက်ျားမြတ်၏ မဟာပုရိသလက္ခဏာပေတည်း (၁)

ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း ယောက်ျားမြတ်၏ အောက်ခြေဖဝါးပြင်တို့၌ အကန့်တထောင်ရှိကုန်သော အကွပ်ပုံတောင်းတို့နှင့်တကွ အခြင်းအရာအလုံးစုံနှင့် ပြည့်စုံကုန်သော စက်ဝန်းတို့သည် ဖြစ်ပေါ်လျက်ရှိကုန်၏။ ရဟန်းတို့ ယောက်ျားမြတ်၏ ခြေဖဝါးပြင်တို့၌ အကန့်တထောင်ရှိကုန်သော အကွပ်ပုံတောင်းနှင့်တကွ အချင်းအရာအလုံးစုံနှင့် ပြည့်စုံကုန်သော အကြင်စက်ဝန်းတို့သည် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ဤ (စက်ဝန်းတို့ ဖြစ်ပေါ်ခြင်း) သည်လည်း ယောက်ျားမြတ်၏ မဟာပုရိသလက္ခဏာပေတည်း။ (၂)

ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း ယောက်ျားမြတ်သည် ရှည်သောဖနောင့်ရှိ၏။ပ။(၃)

ရှည်သွယ်သော လက်ချောင်းခြေချောင်းရှိ၏။ (၄)

နူးညံ့နနယ်သော လက်ဖဝါးခြေဖဝါးရှိ၏။ (၅)

ကွန်ရက်ပမာ ညီညာသော လက်ချောင်းခြေချောင်းရှိ၏။ (၆)

ဖမျက်မြင့်သောခြေရှိ၏။ (၇)

ဇေ—သားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့သော သလုံးမြင်းခေါင်းရှိ၏။ (၈)

မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်နိုင်၏။ (၉)

အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနမိတ်ရှိ၏။ (၁၀)

ရွှေအဆင်းရှိ၏။ ရွှေနှင့်တူသော (အသား)အရေရှိ၏။ (၁၁)

ချောမွေ့သော အသားအရေရှိ၏။ အသားအရေ ချောမွေ့သောကြောင့် မြူအညစ်အကြေးမလိမ်းကျံ (မငြိကပ်)။ (၁၂)

တစ်ပင်ချင်းပေါက်သော မွေးညှင်းရှိ၏။ မွေးညှင်းပေါက်တို့၌ တစ်ပင်တစ်ပင်သော မွေးညှင်းတို့သာလျှင် ပေါက်ကုန်၏။ (၁၃)

အထက်သို့ကော့တက်သော မွေးညှင်းရှိ၏။ မျက်စဉ်းညို အဆင်းရှိကုန်သော မွေးညှင်းတို့သာလျှင် ပေါက်ကုန်၏။ (၁၄)

ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ်ရှိ၏။ (၁၅)

အရပ်ခုနစ်ပါး၌ (အသား)ဖြိုးမောက်ခြင်းရှိ၏။ (၁၆)

ခြင်္သေ့ကိုယ်ရှေ့ပိုင်းနှင့်တူသော ကိုယ်ရှိ၏။ (၁၇)

လက်ပြင်နှစ်ဖက်အကြား၌ (တပြင်တည်းညီလျက်)ပြည့်ဖြိုးသော ကျောပြင်ရှိ၏။ (၁၈)

ပညောင်ပင်ကဲ့သို့ ဝန်းသောကိုယ်ရှိ၏။ ထို (ယောက်ျားမြတ်)၏ အလံသည် ကိုယ်အရပ်မြင့်သလောက် ကျယ်ပြန့်၏။ ကိုယ်အရပ်သည်လည်း အလံကျယ်ပြန့်သလောက် မြင့်၏။ (၁၉)

ညီညာစွာ လုံးသောလည်ပင်းလည်တိုင်ရှိ၏။ (၂၀)

အရသာကိုဆောင်သော အလွန်ကောင်းမြတ်သော အကြောရှိ၏။ (၂၀)

ခြင်္သေ့၏ မေးနှင့်တူသော မေးရှိ၏။ (၂၂)

လေးဆယ်သော သွားရှိ၏။ (၂၃)

ညီညွတ်သော သွားရှိ၏။ (၂၄)

မကျဲသောသွားရှိ၏။ (၂၅)

အလွန်ဖြူစင်သော အစွယ် (လေးချောင်း)ရှိ၏။ (၂၆)

ကြီးမားရှည်လျားနူးညံ့သော လျှာရှိ၏။ (၂၇)

ဗြဟ္မာ့အသံနှင့် တူသောအသံရှိ၏။ ကရဝိတ်ငှက်အသံနှင့်တူသော အသံရှိ၏။ (၂၈)

အလွန်ညိုသော မျက်လုံးရှိ၏။ (၂၉)

နွားငယ်မျက်တောင်နှင့်တူသေ မျက်တောင်ရှိ၏။ (၃၀)

ရဟန်းတို့ ယောကျ်ားမြတ်၏ မျက်မှောင်နှစ်ခုအကြား၌ နူးညံ့သော လဲဝါဂွမ်းတို့နှင့်တူသော ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်သည် ပေါက်လျက်ရှိ၏။ ရဟန်းတို့ ယောကျ်ားမြတ်၏ မျက်မှောင်နှစ်ခုအကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော အကြင် ဥဏ္ဏာလုံမွေးရှင်ပေါက်လျက်ရှိ၏။ ရဟန်းတို့ ဤ (ဥဏ္ဏာလုံမွေးရှင်ပေါက်လျက်ရှိခြင်း)သည် လည်း ယောကျ်ားမြတ်၏ မဟာပုရိသလက္ခဏာပေတည်း။ (၃၁)

ရဟန်းတို့ ဤယောကျ်ားမြတ်သည် သင်းကျစ်ဆင်ထားဘိသကဲ့သို့သောဦးခေါင်းရှိ၏။ ရဟန်းတို့ ယောကျ်ားမြတ်သည် အကြင် သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏။ ရဟန်းတို့ ဤ (သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိခြင်း)သည်လည်း ယောကျ်ားမြတ်အားနှစ်မျိုးသော အဖြစ်တို့သာလျှင်ရှိကုန်၏။ အခြားသော အဖြစ်တို့ကား မရှိကုန်။

(ထိုယောကျ်ာမြတ်သည်) အကယ်၍ လူ့ဘောင်၌ နေသော် တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်းအပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာဝတေးမင်းဖြစ်၏။ပ။အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်သော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ) အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

ရဟန်းတို့ ယောကျ်ားမြတ်၏ ဤသုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာတို့ကို သာသနာပရသေ့တို့သည်လည်း ကျက်မှတ်ထားကုန်၏။ ထိုသူတို့သည် ဤကံကိုပြုခြင်းကြောင့် ဤလက္ခဏာကို ရ၏ဟူ၍ကား မသိကုန်။[၁]

---

၁။ "လက္ခဏာသုတ္တန်" **ဒီဃနိကာယ်ပါထိကဝဂ်ပါဠိတော်၊ မြန်မာပြန်**၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၉၇၊ စာ-၁၃၅မှ ၁၃၇ထိ။



## ထယ်ဝယ်ငွေငွေ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်

## ၏

## အတိုင်းအတာစနစ်

သတ္တုရုပကာဝိလာသနီကျမ်း၏မူအတိုင်းဖြစ်ပါသည်။ မြန်မာ့ရိုးရာအတိုင်းအတာများကို မြန်မာစာအဖွဲ့ ထုတ် မြန်မာအင်္ဂလိပ်အဘိဓာန်လာ ဖလှယ်သည့်စနစ်အရ ခေတ်သုံးစနစ်သို့ ဖလှယ်ထားပါသည်။ အဆိုပါ ဆင်းတုတော်စနစ်ကျမ်းအရ ဒက္ခိဏာသာခါရုပ်ပွားတော်အတိုင်းအတာအား ဆန်းစစ်သည့်အခါ အောက်တွင်ဖော်ပြထားသော (အထူးသဖြင့် ခရေပွင့်အမှတ်အသား (*) ပါ) အချက်များနှင့် ဒက္ခိဏာသာခါသည် လုံးဝမကိုက်ညီကြောင်း တွေ့ရှိရပါသည်။

အရှည် (၅)ပါး

အတောင် (၅)ပါး

အထွာတော် (၂၂)ပါး

မိုက်တော် (၁၃)ပါး

လက်သစ်တော် (၂၈)ပါး
မှယော (၁၅)ပါးဟူ၍ မှတ်သားကြကြောင်း သိရသည်။

* **ပလ္လင်တော်မှ ချက်တော်အထိ**
* **ချက်တော်မှ နို့တော်အထိ** ၁ ထွာ = ၉.၀ လက်မ
နို့တော်မှ နှာခေါင်းဖျားအထိ (၂၂၈.၆ မီလီမီတာ)
နှာခေါင်းဖျားမှ ဦးခေါင်းအထိ
ဦးခေါင်းတော်
မျက်နှာတော်
နှင့် (၂)ဘက်တော် အကြားအလျား
နို့တော်မှ ပခုံးစွန်းအထိ
* **လက်မောင်းတော်မှ** ၁ ထွာ = ၉.၀ လက်မ
**လက်ကောက်ဝတ်တော်အထိ**
**လက်ကောက်ဝတ်တော်မှ**
**လက်ချောင်းဖျားအထိ**
**ဝမ်းတော်အထု**

**နားတော်**

နှာခေါင်းဖျားမှနားရင်းတစ်ဘက်
* **လည်တော်**
* **ပုခုံးတော် (၁)ဘက်** ၁ မိုက် = ၆.၀ လက်မ
ရင်တော်အကြားမှ လက်စပ်တော် (၁၅၂.၄ မီလီမီတာ)
ပေါင်တော်အတု (၁)ဘက်
မေးဖျားတော်မှနှာခေါင်းတော်ဖျား
နှာခေါင်းတော်ဖျားမှ လက် ၄ သစ် = ၃လက်မ
မျက်မှောင်တော်ကြား

| | | |
|---|---|---|
| မျက်မှောင်တော် | | |
| (၂)ဘက်အကြား | လက် ၃ သစ် | = ၂. ၂၅ လက်မ |
| နာခေါင်းတော်မှ | | |
| မျက်မှောင်တော် | လက် ၄ သစ် | = ၃ လက်မ |
| နာယောင်တော်မှ | | |
| မျက်မှောင်တော် | လက် ၄ သစ် | = ၃ လက်မ |
| မျက်စိတော်အလျား | လက် ၄ သစ် | = ၃ လက်မ |
| အတွင်းနှုတ်ခမ်းတော်မှ | | |
| မျက်မှောင်အထိ | လက် ၃ သစ် | = ၂. ၂၅ လက်မ |
| နာခေါင်းတော်အိုးသည် | လက် ၂သစ်ခွဲ | = ၁. ၅ လက်မ |
| နားရွက်တော်အလျား | လက် ၅ သစ် | = ၃. ၇၅ လက်မ |
| နားရွက်တော်အသားအလျား | လက် ၃သစ် | = ၂. ၂၅ လက်မ |
| နားရွက်တော်အသားပြက် | လက် ၂ သစ် | = ၁. ၅ လက်မ |
| လက်ညှိုးတော်အလျား | လက် ၆ သစ် | = ၄. ၅ လက်မ |
| လက်ဝါးတော်အလျား | လက် ၆ သစ် | = ၄. ၅ လက်မ |
| တင်ပါးဆုံတော်သည် | ၁၀ လက်သစ် | = ၇. ၅ လက်မ |
| ခြေဖနောင့်တော်ပြက်သည် | ၅ လက်သစ် | = ၃. ၇၅ လက်မ |
| ခြေဖမိုးတော်အလျား | ၆ လက်သစ် | = ၄. ၅ လက်မ |
| ခြေချောင်းတော်သည် | ၂ လက်သစ် | = ၁. ၅ လက်မ |
| မျက်စိတော်အဖွင့် | = ၃ မုယော | = ၀. ၅၆၂၅ လက်မ |
| မျက်နက်တော် | = ၂ မုယော | = ၀. ၃၇ လက်မ |
| နာခေါင်းတော်အပွ | = ၂ မုယော | = ၀. ၃၇၅ လက်မ |
| နှုတ်ခမ်းတော် ၂ဘက် | = ၁ မုယော | = ၀. ၁၈၇၅ လက်မ |

## မတ်ရပ်ဗုဒ္ဓရုပ်ပွားတော်အတိုင်းအတာ

| | |
|---|---|
| ခြေဖဝါးတော်မှ ဒူးတော်အထိ<br>ဒူးတော်မှ မီးညှောင့်တော်<br>မီးညှောင့်တော်မှ ရင်ညွှန့်တော်<br>ရင်ညွှန့်တော်မှ ဆံလျှင်တော်<br>ဆံလျှဉ်တော်မှ ပခုံးစွန်း ၂ ဘက် | ၁ တောင် = ၁၈.၀ လက်မ |
| ဦးခေါင်းတော်<br>မျက်နှာတော်<br>နို့တော် ၂ဘက်ကြား<br>ဝမ်းတော်<br>ဝမ်းတော်ထု^၁က | ၁ ထွာ = ၉ လက်မ |



၁။ **သတ္တုရုပမာ ဝိလာသနီကျမ်း**၊ ဦးထွန်းမြင့် (တည်းဖြတ်)၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ၁၉၆၁၊ စာ-၃၃-၃၆

(ခ) မုံရွေးဇေတဝန်ဆရာတော် အရှင်အာဒိစ္စဝံသ၏ **သမန္တစက္ခုဒီပနီကျမ်း**၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၈၅၊ စာ-၃၇၈-၃၈၇။ တွင်လည်း ဖော်ပြ ထားသည်ကို တွေ့ရသည်။

# မင်းတုန်းမင်း၏ ဒက္ခိဏသာခါပူဇော်ပွဲဗောဓိတေး

(ရေးစာဆို)

၁။ ဘယ်ဘုရင်ကြုံမရအနန္တခက်သည့်
ဉာဏ်ပဝရမြွက်ရည့်လျှင်
ရက်မရှည်ချက်ချင်း။
ပြည်သောင့်ဝိုက်ရစ်ခွေ
တိုက်မဇ္ဈေထွန်းသည့်အတွင်း
ပင်ဗောဓိဝေခက်များကို
ဆွေသက္ကာနတ်မင်း
လေးစကြာဖြတ်ကျဉ်းလို့
အပ်နှင်းရောက်မကြာ
ဘဗုဒ္ဓါသိဒ္ဓိလင်းပါလို့
လောင်းမြက်မင်းထုသည့်ဗုဒ္ဓါ
သောင်းရပ်တွင်ဝေကောဃျာကို
စေတနာရည်သန်လို့
မင်္ဂလမ်းကြွဗွေအမင်္ဂ
စွဲပေ့ါအောင်လံ။
မာန်ဘုံမြင့်သည့်ဗိမ္မာန်မှာ
ပြည်နိဗ္ဗာန်စခန်းဖျလေး။

၂။ ခြောက်ရောင်ခြည်လျှပ်နှော
ပါဠ်ဟောရှိဂါထာ၊
မြတ်ဗောဓိသာခါကို
ပဌာနရည်မှန်း
နန်းဦးကင်းဝဇီရာမှာ
တည်ပြီလာထွန်းမဲ့စခန်း
သိဒ္ဓတ္တဇိနလျာကို
ပဋိကာရှင်လန်း
ဘိဓမ္မာကျမ်းကျွမ်းအောင်
သက်နှိုးကိုကပ်လှူ
သည့်နှယ်တူခါသင့်ပြီဟု
ရာဘုရင့်မင်မင့်အယူ
ကမ္ဘာချင်းသတင်းကျူအောင်
ခပင်းလပြည့်သာနှင့်
သည်ဘုရားပွင့်သလို
အားသစ်ကြည်ညို
ခုများဖြင့်မာဆိုရင်
ရာဇဂြိုဟ်သာဘူးဖျလေး။

---

ဤကဗျာကို ၄ • ၁ • ၂၀၁၂နေ့၌ ဆရာကြီးဒေါက်တာတိုးလှ၊ ဒုတိယဥက္ကဋ္ဌ၊မြန်မာ့သမိုင်းအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန ကျေးဇူးပြုပါသည်။

# ဒက္ခိဏသာခါ၏ ရက်စွဲသမိုင်း

| | |
|---|---|
| ၂၄၇–၂၀၇ ဘီစီ | ဒေဝါနံပိယတိဿမင်းလက်ထက် သီရိလင်္ကာနိုင်ငံသို့ သံဃမိတ္တာထေရီ၏ ပင့်ဆောင်မှုဖြင့် မဟာဗောဓိပင်၏ တောင်ကိုင်းသား (ဒက္ခိဏသာခါ) သည် သီရိလင်္ကာသို့ ရောက်ရှိခဲ့သည်။ |
| (၂) ရာစု ဘီစီမှ အေဒီ (၅) ရာစု | သရေခေတ္တရာ(ပျူ)မြို့ဟောင်းမှ ဒက္ခိဏသာခါ ဉာဏ်တော်အမြင့် (၂)လက်မကို တွေ့ရှိရကြောင်း (၁၉၅၈) ရှေး/သုအစီရင်ခံစာအရသိရသည်။ |
| အေဒီ ၁၁၁၄–၁၁၁၆ | သီရိလင်္ကာမှ ဝိဇယဗာဟုမင်း (၁၁၁၄–၁၆) သည် ပုဂံအလောင်းစည်သူ (၁၁၁၃–၆၀) ထံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး ဒက္ခိဏသာခါကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်ဟု အစဉ်အလာယုံကြည်ခဲ့ကြသည်။ |
| အေဒီ ၁၂၂၇ | နားတောင်းများမင်း (၁၂၁၁–၁၂၃၁) လက်ထက် ပုဂံသို့ ဒက္ခိဏသာခါ (ညောင်တော်အခက်နှင့်ပြုသောဘုရား) ရှိကြောင်းသိရသည်။ |
| ၁၄၂၆–၃၉ | မိုးညှင်းသတိုးမင်းတရားလက်ထက်၌ လည်းကောင်း၊ |
| ၁၄၄၂–၆၈ | ပထမမြောက် နရပတိလက်ထက်၌လည်းကောင်း၊ |
| ၁၄၆၈–၈၂ | မဟာသီဟသူရလက်ထက်၌လည်းကောင်း၊ ဒက္ခိဏသာခါပူဇော်ကိုးကွယ်ခဲ့ကြောင်း မှံရွေးဆရာတော် အဆိုအရ သိရသည်။ |
| ၁၄၈၀ ဖေဖော်ဝါရီ ၂၉ | ရာမာဓိပတိမင်း (၁၄၅၇–၉၂) လက်ထက် ပါဠိကျောက်စာအရ ''ဒက္ခိဏသာခါ'' ဆိုသည်မှာ အနုရာဓပူရရှိ မဟာဗောဓိပင်ကိုသာဆိုလိုကြောင်း သိရသည်။ |

| | |
|---|---|
| ၁၅၅၁–၈၁ | ဟံသာဝတီဆင်ဖြူများရှင် (ဘုရင့်နောင်) လက်ထက်၌ မဟာမုနိဘုရား ဌာပနာစဉ် ''ဒက္ခိဏာသာခါ'' လည်း ပါဝင်ကြောင်းသိရသည်။ |
| ၁၆၀၃ | ညောင်ရမ်းမင်း (၁၆၀၀–၁၆၀၆) လက်ထက် အိမ်ရှေ့မင်းသား အိမ်တက်ပွဲ၌ ''ဒက္ခိဏာသာခါ'' ပူဇော်ကြောင်းလည်း ပါဝင်သည်။ |
| ၁၆၇၅ | ဥရောပသား ရိုင်ခလော့ (ဗ်)ဗန်ဂိုအန်၏ ''သီဟိုဠ်ကျွန်း''ကျမ်းတွင် သီရိလင်္ကာရှိ ဒက္ခိဏာသာခါ အပင်တော်ကြီးကို ပူဇော်ကြောင်း မှတ်တမ်းတွေ့ရသည်။ |
| ၁၆၈၁ | ဥရောပသာ ရောဘတ်ခနော့ (စ်)၏ ကျမ်းမှာလည်းဒက္ခိဏာသာခါအပင်တော်ကြီးကို ''ဗိုဂဟာက်–ဘုရားအပင်'' ဟု ခေါ်ကြောင်း သိရသည်။ |
| ၁၇၈၂–၁၈၁၉ | ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် အမရပူရမြို့ထောင့် (၄)ဆူ ဌာပနာခဲ့ရာတွင် ဒက္ခိဏာသာခါလည်းပါဝင်ခဲ့သည်။ |
| ၁၇၈၈၊ ဖေဖော်ဝါရီ ၈ | နန်းတော်အရှေ့ဘက်၌ ဒက္ခိဏာသာခါဘုရားပူဇော်ပွဲကျင်းပသည်။ |
| ၁၇၉၉ | ဘိုးတော်ဘုရားက ဒက္ခိဏာသာခါဘုရားထပ်မံ ရရှိ၍ အင်းဝင်ရွှေဂူဘုရားကို ရှင်ဖြူရှင်လှဘုရားအနီး၌ ပင်တည်ထားခဲ့ကြောင်း မဟာသရေစည်သူ ဦးထွန်းညို က ကျောက်စာရေးထိုးပေးခဲ့သည်။ |
| ၁၈၁၁ | မုံရွေးဆရာတော်က ဒက္ခိဏာသာခါသည် ဗောဓိပင်တောင်ကိုင်းကို အစွဲပြု၍ ခေါ်ကြောင်း မိုးညှင်း |

မင်းလက်ထက်မှ စတင်ကိုးကွယ်ခဲ့ကြောင်း ခန့်မှန်း ဖြေဆိုခဲ့သည်။

၁၈၃၉ သာယာဝတီမင်းလက်ထက် သီရိလင်္ကာမှ တောကျောင်းနေ ရှင်ပညာသာမိ ကြွရောက်လာပြီး သီရိလင်္ကာ၏ စေတီပုထိုးဘုရားဒက္ခိဏာသာခါ ရုပ်ပွားတော်တို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

၁၈၅၈၊ ၇၊ ၂၃ ဤရက်စွဲပါ ဒက္ခိဏာသာခါ (၁)ဆူကို ဒေါက်တာသန်းထွန်းက မုံရွာမှ တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။

၁၈၅၉၊ ဇွန် ၁၄ မန္တလေးမြို့ နန်းတည်ရာ၌ သီရိလင်္ကာမှ ဓမ္မလက်ဆောင်များပေးပို့ခဲ့ရာ ''ဒက္ခိဏာသာခါ မဟာဗောဓိရုပ်ပွားတော်'' လည်း အပါအဝင်ဖြစ်သည်။

၁၈၇၉၊ ဇူလိုင် ၂၀ သီပေါမင်းလက်ထက်၊ အမြင့် (၇.၅ပေ)အရွယ်ရှိ ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို နန်းတော်ဦး၌ ကိုးကွယ်ခဲ့သည်။

၁၈၈၃၊ ဖေဖော်ဝါရီ ၆ ဒက္ခိဏာသာခါအပါအဝင် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို နန်းတော်သို့ပင့်ဆောင်၍ ရေသပ္ပာယ်ခဲ့သည်။

၁၈၈၇ အုဂ်ဖိုရ်ဆရာတော်ကြီးက သီဟိုဠ်သို့ကြွ၍ ဒက္ခိဏာသာခါ မဟာဗောဓိပင်နှင့်တကွ စေတီပုထိုးဘုရားများကို ပူဇော်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်များ ကိုလိုနီခေတ်မှစ၍လည်းပင်းတိုတို၊ ပုအိုင့်အိုင့် သီဟိုဠ်ပုံခေါ်သော ဒက္ခိဏာသာခါစတင်ခေတ်စားလာခဲ့သည်။

၁၉၁၂–၁၉၁၄ ကျောက်စာဝန် ချား(လ်)ဒူရွိုင်းဇယ်နှင့် ဦးမြတို့က ဒက္ခိဏာသာခါရုပ်ပွားတော်အကြောင်းကို၊ မြန်မာနိုင်ငံသုတေသနကျမ်း၊ အတွဲ (၂)နှင့် အတွဲ (၄)တို့တွင် အကျဉ်းမျှဖော်ပြထားသည်။

၁၉၄၇ သီရိကုမာရမထေရ်က ''ရွှေဘုန်းမြင့်စေတီတော်ကြီးနှင့်ဒက္ခိဏာသာခါသမိုင်း''ကို ပုံနှိပ်စက်တင်သည်။

၁၉၆၈ ဒေါက်တာသန်းထွန်းက နယ်လှဲ့ ရာဇဝင်တွင် ဒက္ခိဏာသာခါ (၂)ဆူကို မှတ်တမ်းတင်သည်။

၁၉၇၅ ဦးကြီးခင်က ဒက္ခိဏာသာခါထုလုပ်ကိုးကွယ်နည်းကို ရေးသားထုတ်ဝေသည်။

၁၉၈၀ စဝ်ထွန်းမှတ်ဝင်းက ဗုဒ္ဓပဋိမာသိပ္ပံကျမ်းတွင် ကဏ္ဍ (၁)ရပ်အဖြစ် ဒက္ခိဏာသာခါကို ရေးသားသည်။

၁၉၉၈ ရေစကြိုရှင်သေိကာ၏ ''ထေရဝါဒဗုဒ္ဓဘာသာ'' တွင် ပြင်းထန်စွာ ဝေဖန်တင်ပြခဲ့သည်။

၂၀၀၁ ဟိန်းလတ်၏ ''ဒက္ခိဏာသာခါ''စာအုပ်ကို ရန်ကုန်၊ အင်းဝစာပေမှ ထုတ်ခဲ့သည်။

၂၀၀၈ ဒေါက်တာအရှင်ဉာဏိဿရ၏ ဓမ္မဒူတ (၉)ဌာနတရားတော်တွင် ဒက္ခိဏာသာခါအား ဘုရားပီသအောင် ထုလုပ်ရမည်ဟု ဟောကြားခဲ့သည်။

## ဒက္ခိဏသာခါ ရုပ်ပွားတော်ပူဇော်ခဲ့သော ညောင်ရမ်းမင်း (၁၆၀၀-၁၆၀၆) ၏ အိမ်ရှေ့မင်းသား၏ အိမ်တော်တက်ပွဲ အမိန့်တော်

( ၁ရက်၊ ဩဂုတ်လ ၁၆၀၃ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ငါသားတော် တပဲယင်းမင်းကို ခမည်းတော်ဘုရားလက်ထက်တော် ဟံသာဝတီရွှေနန်းသိမ်းတွင် သတိုးမင်းခေါင်ကျော်ရွှေဘွဲ့တော်ကို ခံရသည်။ ငါအသျှင် ဘဝရှင်မင်းတရားကြီးတွင်လည်း သားတော်ဩရသတောင်ညာတင်ထား သီရိမဟာဓမ္မရာဇာဓိပတိဒေဝီအရှင်မိဖုရား သားတော်မင်းရဲသိခ်သူမင်းရဲဥဇနာတို့ နောင်တော်သမီးတော် သီရိကမုတ္တာမောင်တော်ရင်းဖြစ်၍ အိမ်ရှေ့နှင်းတော်မူရသည်။ သတိုဝ်မဟာဓမ္မရာဇာရွှေဘွဲ့တော်ဆက်စေရမည်။ ရင်းဖျားပတ္တမြားစီကိုဝ်အခါတော်နှင့်စပ်စေ။ လုတ်စေ။ အိမ်ရှေ့အိမ်တော်မှာခမည်းတော်ဘုရားလက်ထက် ငါးဆူတကာနေသော အိမ်ရှေ့တော်ပုံကို စံဘက်၍စီရင်။

ငါးသာတော်ကိုဝ်အထူးသနားတော်မူရလည်း ကံကျွေးခံတပဲယင်းမြို့ဝ်၊ ရတနာဆင်ထိန်းမြို့ဂဝ်၊ စဥ္စကူးမြို့ဝ်၊ မဂ်လာကျီတော်၊ ပိန္နဲသရက် ဉယျာဉ်တော်တံတားဦးမင်္ဂလာကွမ်းဥယည်တော်၊ ရွှေဟင်္သာဘောင်တော်၊ လှော်ကားရွှေစက်တွင်းပြည့်၊ သက်ကာဒါန်ရဲလှေ ၁၀၊ ကတ္တူ ၅စင်း၊ ကိုယ်လုတ်တော်စီးဘို့ဝ်ဘောင်ယွန်းဆက်မိုးနီ ၂စင်းတွဲ၊ ၁စင်း၊ ရှေ့တော်ပြေးမှူးနှင့် စဥ်နီ ၁၅၊ ငွေခရာ ၇စင်း၊ ငွေနဲ ၇၊ ပုံ ၁ စည်ပလုတ်၊ လင်ခွင်း ၁၊ စီးတော်ယာဉ်သာမ ၄၊ အမြောက်သေ့ဒိုင်းဝင်း ကိုယ်ရန် ကောင်ဟန်ရွှေလေး ရွှေမားကာ၊ ကာနီလွှာ၊ ရွှေလုံဆင်နီ၊ စားတော် ကွမ်းရေကိုင်၊ မူသားမတ်သား ၈၀၊ ပေါင်းဝန်းဆင် ၁၊ အိမ်ရှေ့တော်စီး မြဲ၊ ဝေါရွှေ ၂စုအနီတစု၊ ကျိုင်းရွှေချက် ၄၊ လုလင် စည့်၂စည်၊ ရှေ့ဝန်း စီရင်စုဖေယျကျော်သူသွေ့၊ ကေါ်တော်နန္ဒမိတ်သွေ့၊ မူးသားမတ်သား မတ်သားကြီးမှူးစုမှူးလတ်မတ်စုတောင်ငူသူကောင်းစု၊ လူမျိုးစာရေးစာချီစု၊ ရှေ့တော်ပြေးစု၊ ဆင်ကဲတို့သွေ့၊ မခေါက်စားသွေ့ာက်၊ မရှောက်စား သွေ့ာက်၊ တောင်ရွာစားသွေ့ာက်၊ သော်ကတိုသွေ့ာက်၊ သူရဲလုင်မှူး သွေ့ာက်၊ ဥဒိန်တသွေ့၊ သူငယ်တော်မှူးသွေ့ာက်၊ အတွင်းရွှေမှူးသွေ့ာက်၊ တုရင်ဝေရသွေ့ာက်၊ ဒေဝသူရသွေ့ာက်၊ နတ်စက်ရဲမှူးသွေ့ာက်၊ ကျော် ဘက်ရံစင်မှူးသွေ့ာက်၊ တန့်ကြည်စားသွေ့၊ လက်မည်းစားသွေ့ာက်၊ ပေါက်တောစားသွေ့ာက်၊ ကံပိုင်စားသွေ့ာက်၊ ကျွဲတပ်စားသွေ့ာက်၊ မင်းသားသီဟရဲကျော်လူစု၊ သီရိဖေယျကျော်သူလူစု၊ လင်းဇင်းမြင်းစု၊ လုံပေါ်မြင်းစု၊ ဒဝယ်မြင်းစုမှစ၍ အိမ်ရှေ့တော်နှင်းလျက်အိမ်ရှေ့တော်မှာ ထမ်းမြဲလူစုလူအုပ်၊ နောက်ဝန်စီရင်စုမှာလည်း အိမ်ရှေ့နှင်းလျက် ခွဲဝေ ပေးမြဲကျွန်တော်မျိုဝ်တို့ကိုဝ်သေနာပတိတို့ဝ်ကအနောက်ဝန်မှစ၍ဆိုင်ရာ ဝန်တို့ဝ်မှာ နှုတ်ငင်၍ အိမ်ရှေ့ဝန်စာရေးကြီးတို့ဝ်မှာအပ်စေ။

ရေပုံခပ်မိမ္မကွမ်စည်ကွမ်းပြင်ပွဲပြင်ချိုဝ်ရေဘွင့်ချိုဝ် ရေတည်ရေ ကြည်တော်ဝတ်လဲတော်လျှော်၊ စားတော်သည်၊ အမွှေးတော်ဆက်၊ နေရာ

တော်ခင်း ယပ်တော်ခံ ထောတော်တိုင်ဆီမွှေးတော်ဆက်ဆံတော်သင်မိမ္ဗ တိုဝ်မှစ၍ အထိမ်းတော်အရတော်အချီတော်မိမ္ဗသောက်စုမြင်းစုကနူတ်၍ အပ်ရမည်။ ဝင်းတခါး ၂ရပ်၊ မာရဘင်ရှေ့နှစ်နောက် ၂ဆီတားစေ။ ရွှေလှော်ကားမျက်စိတတ်စေ။ ရတနာမျိုး ၁၀ပါးစီတရာစီချည်း ငါသားတော်မောင်အိမ်ရှေ့မင်းမယ်တော်မိဘုရားခေါင်ဥစ္စာရပ်တိုင်းတွင်သားကြီးသြ ရသစုကိုဝ်အလုံးသနားတော်မူသည်။

အသျှင်ဘဝရှင်မင်းတရားကြီးဘုရား သနားတော်မှာလယ်ယာ ကိုင်းကျွန်းနွားတော်ကျွဲတော်ဆိတ်ဝက်ကြက်ရွှေငွေနဝရတ်သကျားစွံပလ္လံ အုဝ်မျိုးဝ်တည်မျိုဝ်တရာစီချည်းသနားတော်မူသည်။ ဆိုင်ရာတိုက်မှာ ကောင်း၍ဝန်တို့က အပ်ရမည်။ အိမ်တော်သိမ်းမည့်အခါတော်မရောက်မီ တရက်ကပုဏ္ဏားတိုဝ်ကိုဝ် ၅၅၀စသော နတ်ပေါင်းတို့ကိုဝ်ပူဇော်စေ။ နတ်သဘင်ခံစေ။ ကျီဝန်စာရေးတို့ဝ်ကိုဝ်ထားရပ် ၆ပါးထားမြဲထားစေ။

**ပိသုကာလက်သမားခေါင်းတို့က ဒက္ခိဏာသာခါရုပ်ထုတော်မှစ၍ ရုပ်ထုတော်များနှင့် ပိဋကတ်တော်ထုတ်များထားစေ၊ သဘင်တော်သုံးရက်ခံစေ၊** သားတော်မောင် အိမ်ရှေ့မင်းနန်းတွင်းကတွက်လျှင် ၅ သွယ်နေတို့မှစ၍ အမည်ရစော်ဘွားမြို့စားတပ်ပေါင်းစားမြင်းကြီး သင်းမှူး ဒိုင်းမှူးတို့နောက်တော်လိုက်၍ ချံရံစေ။ ဝန်တို့ဝ်စီရင်။

သက္ကရာဇ် ၉၆၅ခု (ဝါခေါင်)လွှန်း ၅ရက်နေ့ နားခံစမြောင်မှူး ထုတ်၍ လွှင့်တင်ပြီးသည့်အမိန့်တော်။[၁]

(မျိုးကြည့် ၁၉၄၄)

---

၁။　Than Tun, *ROB, Vol. 1, pp. 174-175*

## ဒက္ခိဏာသာခါ ဘုရားပူဇော်ပွဲဆိုင်ရာ ဘိုးတော်ဘုရား၏ အမိန့်တော်

( ၈ မတ်လ၊ ၁၇၈၈ )

သက္ကရာဇ် ၁၁၄၉ခု တန်ခူးလပြည့်ကျော် ၃ရက် ၂နေ့ ရွှေနန်းတော်ရှေ့တွင် တန်ဆောင်းကြီးဆောက်၍ ဒက္ခိဏာသာခါဘုရား ရုပ်တုတော်မြတ်ကို လပြည့်ကျော် ၂ ရက် ၁နေ့က ပင့်ဆောင်တည်ထား၍ ပွဲသဘင်နှင့် အလှူတော်ရွှေပန်းခိုင်ငွေပန်းခိုင် ရွှေတန်ဆောင်းငွေတန်ဆောင်း ရွှေပေါက်ပေါက် ငွေပေါက်ပေါက် ထီးဖြူ ထီးနီ တံခွန်ကုက္ကားမုလေးပွား ပူဇော်တော်ပွဲ ရေချမ်းမိုး ဆီမီးတန်ဆောင်းထွန်းညှိပူဇော်စေ၍ ဆရာတော် သံဃာတော် ၄၅ ပါးတည့်၍ ၃ရံ ပရိတ်တော်ရွတ်၍ ၃ ရက်နေ့ နံနက် သင်ပုတ်တော်ဆွမ်း ၄၅ တံခွန်ကြက်လျှာ ၅၂၉ ပန်းပွင့်ရေ ၁၅၈၄၁ ပေါက်ပေါက် ၉၅၀၄၀၁ ပွင့် ပူဇော်ပွဲညောင်ရေအိုး ဖြူဟ်၈ပါး နံသင့်ဘုရား ၈ဆူ အကျော် ၄ဆူဘုရားရှင်များမှာလည်း အလှူတော်တင်လှူပူဇော်စေရာသည်။ သာသနာတော်စောင့် သမ္မာဒေဝနတ်တို့အားလည်း ချီးမြှောက်ပူဇော်စေရာသည်။ သတင်းသုံးသူတော်၊ သူတောင်းစား၊ မစွမ်းသံသူတို့ကိုလည်း ဝတ်ထည်ကြေးငွေ ဆန်ရေစပါးပေးလှူတော်မူရာသည်။ ရာဇဝတ်အလျောက် တန်းထောင်အကျဉ်းခံနေရသည့် သူထားသူတို့ကို ချမ်းသာပေးတော်မူရာသည့် အကြောင်းနှင့် ပညာရှိတို့က လျှောက်သည့် ပညာရှိတို့ကို မေး၍ နှစ်စဉ်လှူဒါန်းပူဇော်မြဲ လှူဒါန်းပူဇော်စေ။[၁]

၁။ Than Tun *The Royal Orders of Burma*. A.D. 1598-1885, Vol.V, Kyoto. University, 1986.p. 396

# မင်းတုန်းမင်း ၏ ဒက္ခိဏသာခါရှစ်ဗွားတော်မူဧော်ဖွဲ့

( ရေးစာဆိုတစ်ဦး၏ သံချိုကဗျာ )

ရွှေဘုန်းတော်ကျက်သရေ တက်နေလိုခက်ဝေလောင်းပါဘိ တီးတရာပဏာပေါင်းငယ်နှင့် ခညောင်းကာ ညီလာစုံလို့၊ သီဟာဘုံ မဏ္ဍလမှာလ ကိန်းသက်ရအောင် နက်သန်ပွင့်အလောင်းပေမို့ ရင့်ကြောင်း (ကို) ကြံတော်မူ၍၊ သယမ္ဘူအောင်မြေမှန်တဲ့၊ **ညောင်ရွှေလျှံလက်ယာကိုင်** (ကို) လူတိုင်းကြည်ညိုဖူးရအောင်၊ စိတ်ကူးတော်ကြံပုံလိုင်၍ ကိုယ်တော်တိုင် သိင်္ဂီဆောက်ကယ်နှင့်၊ **ဒက္ခိဏသာခါ**မြောက်အောင်လို့ ချီးမြှောက်သည့်အဓိဋ္ဌာန် နိဗ္ဗာန်သို့ရည်မှီး။

အများပြည်သူနှင့် အမျိုးမတူအယူကွဲ၊ စော်ကဲကရင်နှင့်၊ ကချင်ပါ ခနေရှမ်းရဲပြင်၊ မူထမ်းပင်လယ်ခြားကုလားတရုတ်တွဲ၊ ကသည်းတွေ ထွေလိုများတဲ့ပြင် ပုဏ္ဏားပါမကျန်မကြွင်းရအောင်၊ ဖူးကြစေ ရွှေဗျာဆပ်လို့၊ ထွက်အဝင်ရက်အစဉ်ညောင်းအောင်ပ၊ ကနက်ရှင် မဂ္ဂင်မှာပေါင်းရအောင်၊ ဘေးမမြင် ရွှေင်လမ်းပါဘိတယ် မန်းမြို့ပြည်ကြီး။[၁]

၁။စည်သူမောင်မောင်နှင့် ဘဏ္ဍာထိန်းအဖွဲ့၊ ရွှေကျီးမြင်ဘုရားရာဇဝင်သမိုင်း၊ စာ-၃၃၊ ၃၄။

## မီးလောင်ခဲ့သည့်ကြားမှ ပေါ်ထွက်လာသော အင်္ဂရုပ်စာ

